ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

**အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ စနေနေ့။ Saturday, 19 December 2020 ၁၀၂၃၁

## ကြေးမုံ ယနေ့ ဖတ်စရာ

**တောင်ငူဆောင်က ကောင်မလေး**
စာမျက်နှာ » ၆

**ရန်ကုန်တက္ကသိုလ် အမှတ်တံဆိပ်နှင့် ဆောင်ပုဒ်**
စာမျက်နှာ » ၇

**တရားဝင်လမ်းကြောင်းကနေ ငွေကြေးစီးဆင်းမှုတွေဟာ ဘဏ်အချင်းချင်း နိုင်ငံခြားငွေကြေး ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျကြီးမားတာကို လျှော့နည်းစေမှုနဲ့ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါတယ်**
စာမျက်နှာ » ၁၁



# ရန်ကုန် မြစ်ကြောင်းတစ်လျှောက် နှစ်ထပ်အပျော်စီးသင်္ဘော ပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်မြို့၏ မြစ်ကြောင်းတစ်လျှောက်ရှိ နေဝင်ချိန်ဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်စေရန်ရည်ရွယ်၍ နှစ်ထပ်အပျော်စီးသင်္ဘောခရီးစဉ်အား ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောသည်။

**ပြေးဆွဲပေးရန်လျာထား**

အဆိုပါ အပျော်စီးသင်္ဘောပေါ်တွင် ခရီးသည် ၁၂၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်သော်လည်း လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာစံသတ်မှတ်ချက်များနှင့်အညီ ခရီးသည် ၃၀ ကိုသာတင်ဆောင်၍ အပျော်စီးသင်္ဘောခရီးစဉ်အား ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၂၀ ရက်ညနေပိုင်းတွင်စမ်းသပ်ပြေးဆွဲသည့်အနေဖြင့် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းအနီးရှိ ကျန်းမာရေးဆိပ်ကမ်းမှတစ်ဆင့် ညနေ ၄ နာရီတွင် စတင်ထွက်ခွာပြေးဆွဲမည်ဖြစ်ကြောင်း၊ ယင်းရက်တွင် ဖွင့်ပွဲမှတာဝန်ရှိသူများနှင့် သတင်းမီဒီယာများအား တင်ဆောင်၍ ပြေးဆွဲမည်ဖြစ်ကြောင်း၊ ခရီးသည်များအတွက် လာမည့် ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်)ညနေပိုင်းခရီးစဉ်အား စတင်ပြေးဆွဲမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် ညနေပိုင်းခရီးစဉ်များကိုလည်း ပြေးဆွဲပေးရန်လျာထားကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၂ သို့ ❒

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၈ ဦးအား စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးက စီစဉ်သည့် (၃၁)ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် ထိုင်းနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၃၉ ဦးအား ဗန်ကောက်မြို့ မြန်မာသံရုံးက စီစဉ်သည့် (၁၃)ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## မြဝတီ ပြောင်းကုန်စည်ဒိုင်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်နိုင်ရန် လျာထား

**မြဝတီ ဒီဇင်ဘာ ၁၈**

မြဝတီ ပြောင်းကုန်စည်ဒိုင်ကို လာမည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ တတိယပတ်တွင် ဖွင့်လှစ်နိုင်ရန် လျာထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောသည်။

မြဝတီနယ်စပ်၌ ပြောင်းကုန်သွယ်မှုဆောင်ရွက်ရာတွင် အရောင်းအဝယ်ကိစ္စရပ်များ မှန်ကန်မှုရှိစေရေးနှင့် ပိုမိုအဆင်ပြေ လွယ်ကူမှုရှိစေရေးတို့အတွက် ပြောင်းကုန်စည်ဒိုင်ကို ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ မြဝတီ ပြောင်းကုန်စည်ဒိုင်ကိုပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်ကတည်းက ဖွင့်လှစ်ရန် ပြင်ဆင်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် နောက်ဆုတ်လိုက်ရကြောင်း ဦးမင်းခိုင်က ပြောသည်။

"ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှာ ဖွင့်မလို့ လျာထားပြီး ကိုဗစ်ကိစ္စကြောင့် နောက်ဆုတ်လိုက်ရတယ်။ အခုလည်း လာမယ့်နှစ် ဇန်နဝါရီလ တတိယပတ် မတိုင်ခင်မှာ ဖွင့်ဖို့ပြင်ဆင်ထားပါတယ်။ ဒါပေမယ့် အခုလောလော ဆယ် ဒီဇင်ဘာလကုန်အထိ ပိတ်ထားတယ်ဆိုတော့ ဘယ်လိုလုပ်ရမယ် မသိသေးဘူး။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

# ကြေးမုံ

## ရာပြည့်တွန်းအား တိုင်းပြည်နိုင်ငံခဲ့ညား

လွန်ခဲ့သော နှစ်တစ်ရာပြည့် ဝန်းကျင်ကာလက နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာကောင်းသည့် အမျိုးသားလှုပ်ရှားမှုများသည် မြန်မာနိုင်ငံတွင် ကမ္ပည်းမော်ကွန်းတင် ထင်ရှားပြောင်မြောက်သည့် သမိုင်းမှတ်တိုင်များ ဖြစ်ခဲ့သည်။ သမိုင်းမော်ကွန်းရေးထိုးခဲ့သည့် ဂုဏ်ယူဖွယ်အမှတ်တရများ အတွက် နှစ် (၁၀၀) ပြည့် အခမ်းအနားများကျင်းပပြီး ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ သမိုင်းမှတ်တိုင်များအရ ၂၀၂၀ ပြည့်နှစ်သည် အမျိုးသားရေး သမိုင်းကြောင်းဆိုင်ရာ ရာပြည့်ကာလများသို့ ကျရောက်ခဲ့သည်ဖြစ်၍ ဂုဏ်ယူဖွယ်ရာ နှစ်တစ်နှစ်ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် သန္ဓေတည်မွေးဖွားသော မြန်မာ့ရုပ်ရှင်၊ ရန်ကုန်တက္ကသိုလ်၊ အမျိုးသားအောင်ပွဲနေ့နှင့် မြို့မအမျိုးသား ကျောင်းတို့သည် ယခုနှစ်တွင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခါသမယများ ဖြစ်လာခဲ့သည်။ အခြားမော်ကွန်းမတင်နိုင်ခဲ့သော ရာပြည့်နေ့များလည်း ရှိကောင်းရှိမည်။ မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာ အမျိုးသားရေး နိုးကြားထက်သန်လာခဲ့သည့် အဆိုပါ ရာပြည့်အမျိုးသားသမိုင်းမှတ်တိုင်များသည် ထူးခြားသော အနှစ်သာရများပြည့်ဝသည့် တွန်းအားများဖြစ်သည်။

မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို အခိုင်အမာ ဖော်ကျူးပြသနိုင်ခဲ့သည့် ထိုတွန်းအားများ၏ အဓိကဦးတည်ရာကို ရည်ညွှန်းဆိုရပါမူ မြန်မာ့အမျိုးသားပညာရေးနှင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုပန်းတိုင်ကြီးပင် ဖြစ်သည်။ မြန်မာ့သမိုင်းမှ အမျိုးသားရေး ရာပြည့်လှုပ်ရှားမှုများ၊ အမျိုးသားအောင်ပွဲနေ့ရာပြည့်ပွဲများသည် မြန်မာ့လွတ်လပ်ရေး တည်းဟူသော ပင်မပင်စည်ကြီး ထာဝရမြဲမြံခိုင်ကျည်နေစေရေးအတွက် အားအင်များ မွေးဖွားပေးသည့် အခက်အလက်များသဖွယ် ဖြစ်သည်။

ထိုကဲ့သို့ သမိုင်းဝင်ရာပြည့်နေ့များနှင့် ယင်းရာပြည့်နေ့များမှ ဆင်းသက်ပေါက်ဖွားလာသော အမျိုးသားအားမာန်များသည် မြန်မာတစ်နိုင်ငံလုံး၊ မြန်မာတစ်မျိုးသားလုံးအတွက် လွတ်လပ်ရေးတည်းဟူသော အောင်ပန်းကို တက်လှမ်းဆွတ်ချူယူနိုင်ခဲ့သည်။ မြန်မာ့သမိုင်းမှ အမျိုးသားရေးလှုပ်ရှားမှုများသည် တိုင်းပြည်၏အင်အားများပင် ဖြစ်သည်။ ရာပြည့်အမျိုးသားရေး လှုပ်ရှားမှုများသည် လွတ်လပ်သောမြန်မာနိုင်ငံတော်အတွက် အခြေခံအင်အားများဖြစ်၍ ရရှိပြီးသော လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးနှင့် ကမ္ဘာ့အလယ်တွင်ဝင့်ထည်သည့် ဂုဏ်ယူဝင့်ကြွားဖွယ်နိုင်ငံဖြစ်ရေးအတွက် အင်အားများ ဆက်လက်မွေးမြူကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် တိုင်းတစ်ပါး၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့ရာ မကြာမီတွင် (၇၃) နှစ် ပြည့်မြောက်တော့မည် ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကြိုးပမ်းမှုဖြင့် အမျိုးသားရေးသမိုင်းအစဉ်အလာရှိသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လက်တွဲပါဝင် စည်းလုံးညီညွတ်မှုကြောင့် ရရှိထားသော လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမျိုးသားရေးကို အခြေခံသည့် ညီညွတ်မှုအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်များဖြင့် နိုင်ငံကိုတည်ဆောက်ရာ၌ ၂၀၂၁ ခုနှစ် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသော –

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး 'စုပေါင်းအင်အား' ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာ ညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူ ရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနှင့်

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေးဟူသော အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို သမိုင်းဝင်ရာပြည့်နေ့ကြီးများမှ ပေါ်ပေါက်လာသည့် အမျိုးသားရေးအားမာန်များဖြင့် ခံ့ညားဂုဏ်ယူဖွယ်နိုင်ငံဖြစ်လာအောင် ဖော်ဆောင်ကြရမည် ဖြစ်ပါကြောင်း။ ။

## ပြည်သူ့ရေးရာမူဝါဒနှင့် သုတေသနနည်းစနစ် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အာရှဖောင်ဒေးရှင်း (The Asia Foundation)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြုလုပ်ခဲ့သည့် ပြည်သူ့ရေးရာမူဝါဒနှင့် သုတေသနနည်းစနစ် (Public Policy and Basic Social Research Methodology)ဆိုင်ရာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် Virtual စနစ်ဖြင့် ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Mark McDowell တို့က အမှာစကားပြောကြားကြသည်။

သင်တန်းဆင်းပွဲသို့ သင်တန်းဆရာများဖြစ်ကြသည့် Sandhi Governance Institute မှ ဆရာဦးခိုင်ဝင်းနှင့် ဆရာမ ဒေါ်နီလာမြိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် သင်တန်းသား၊ သင်တန်းသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ အွန်လိုင်းစနစ်ဖြင့်ပို့ချခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၁ ဦး ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဘိုကလေးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ဖွဲ့စည်း

**ဘိုကလေး ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပျဉ်ဘိုးကြီးအုပ်စု ပျဉ်ဘိုးလေးကျေးရွာ၊ ဒေါင့်ကြီးအုပ်စု ဒေါင့်ကြီးကျေးရွာနှင့် သဇင်ကုန်းအုပ်စု ဖိုးလှိုင်ချောင်းကျေးရွာများသို့ မြို့နယ်ဦးစီးမှူး ဦးဗိုလ်ဆန်းနှင့် ဝန်ထမ်းများသွားရောက်ကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းများ ရွေးချယ်ခြင်းကို ဒီဇင်ဘာ ၁၆ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးဗိုလ်ဆန်းက စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတာဝန်ခံ ဦးရဲနိုင်ငွေး (အငယ်တန်းအင်ဂျင်နီယာ–၃) က ကော်မတီဖွဲ့စည်းပုံအဆင့်ဆင့်အား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဘိုကလေးမြို့နယ်အတွင်း ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် ကျေးရွာ ၂၀ အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးကာ ကျေးလက်နေပြည်သူများက ရွေးချယ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဗိုလ်ဆန်းက ပြောကြားသည်။ **ဘိုကလေးရဲရင့်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၁၈

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈–၁၂–၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၈၀၀ | ၉,၉၀၀ | ၁,၂၄၂ | ၁၂,၁၇၃,၆၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၆၂၈ | ၂,၃၆၆,၄၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၂ | ၁၆,၆၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၁,၀၀၀ | ၂၂,၅၀၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁၂၃ | ၃၄၅,၁၅၀ |
| EFR | ၃,၇၀၀ | ၃,၆၅၀ | ၁,၇၁၇ | ၆,၃၀၂,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၈

ရန်ကုန်(ရွှေဈေး) ၁၃၁၉၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၉၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၁၀/၆၇၀ ကျပ် | ၆၆၅/၆၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၀၀/၆၅၅ ကျပ် | ၆၅၀/၆၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၉၅/၇၃၀ ကျပ် | ၇၇၅/၇၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၇၅/၆၁၅ ကျပ် | ၆၄၅/၆၅၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၇၅/၅၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၅/၅၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၆၇/၅၇၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၈.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၅၃.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆.၁၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၅.၁၀၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၄.၃၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၅၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၆.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၆.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၃.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၉၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** – ဦးစိုးစိုးနိုင်
**စာတည်းမှူး** – ဦးဝင်းနိုင်
**သတင်းထောက်မှူး** – ဦးမြင့်စိုး
**စာတည်းများ** – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** – ဦးခင်မောင်ဝင်း
**သုတေသန** – ဒေါ်ဇင်မာဝင့်
**စာပြင်** – ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပြည်သူသာလျှင် အဓိက

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ Eurocham Myanmar၊ ILO နှင့် OECD တို့မှ ပူးပေါင်းကျင်းပသည့် Agrobusiness Forum 2020 သို့ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၁၈**

Eurocham Myanmar၊ ILO နှင့် OECD တို့ ပူးပေါင်းကျင်းပသည့် Agrobusiness Forum 2020 ကို ယမန်နေ့ မွန်းလွဲပိုင်းက Virtual စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Ranieri Sabatucci နှင့်အတူ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ပိုမိုကြိုးပမ်းဆောင်ရွက်ရန်လိုအပ်**

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံတိုင်းရှိ စိုက်ပျိုးရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုများရှိလာပြီး ကမ္ဘာ့အလားအလာများ ပြောင်းလဲလာခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် အာဆီယံစံချိန်စံညွှန်းများဖြစ်သည့် GAP၊ GAQP၊ GAHP၊ GMP နှင့်အညီ အပြည့်အဝကျင့်သုံး ဆောင်ရွက်လျက်ရှိသော်လည်း ပိုမိုကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုနှင့် ထိခိုက်မှုအား တုံ့ပြန်ရာတွင် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ရေရှည်ကောင်းမွန်သည့် အစီအစဉ်ချမှတ်ပြီး မြန်ဆန်စွာ တုံ့ပြန်နိုင်ရန် စီးပွားရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အစိုးရတို့မှ ပူးပေါင်းကြိုးပမ်းအားထုတ်သွားရန် လိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် CERP အစီအစဉ်အောက်တွင် မြန်မာငွေကျပ် ၉၂ ဒသမ ၆၁ ဘီလီယံသုံးစွဲ၍ စိုက်ပျိုးစီးပွား၊ အသေးစားစိုက်ပျိုးရေးလုပ်ငန်းများနှင့် တောင်သူများအား ပံ့ပိုးရန်နှင့် ဆက်စပ်ကဏ္ဍများနှင့် cash for work အစီအစဉ်တို့ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ MERRP ၏ အောက်တွင် ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့်ဖိုရမ်တွင် အစားအစာလုံခြုံရေးနှင့် မြေယာပိုင်ဆိုင်မှုကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမှုရလဒ်များမှ မြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးစနစ်တည်ဆောက်နိုင်ရေး တန်ဖိုးရှိသော အကြံပြုချက်များ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Ranieri Sabatucci က လယ်ယာကဏ္ဍတွင် တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများနှင့် ခိုင်မာသောမူဝါဒများ ချမှတ်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍ အသွင်ကူးပြောင်းရေးလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံအစိုးရနှင့်အတူ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းများကို ရေရှည်တည်တံ့နိုင်ရေး ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အကူအညီများနှင့် စံချိန်စံညွှန်းပြည့်မီသော၊ ဘေးအန္တရာယ်ကင်းရှင်းသော လယ်ယာထွက်ကုန်များကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပတင်ပို့နိုင်ရေးကိုပါ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥရောပကော်မရှင်သည် မြန်မာနိုင်ငံမှထွက်ရှိသည့် ပျားရည်ကို ဥရောပနိုင်ငံများသို့ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၉ ရက်တွင် တင်သွင်းခွင့် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ လယ်ယာနှင့် စားသောက်ကုန်များ EU ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် အခွင့်အလမ်းများစွာရှိပါကြောင်း၊ သို့ရာတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းပြည့်မီရေး၊ အပင်နှင့် တိရစ္ဆာန်ပိုးမွှားရောဂါကင်းစင်ရေးတို့ကို ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ EU၊ ILO၊ OECD စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လယ်သမားများ၊ ပြည်သူများ ပူးပေါင်း၍ မြန်မာနိုင်ငံလယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။


ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက Plenary Session တွင် "Taking Stock of 2020 to Unlock Myanmar's Potential" ခေါင်းစဉ်ဖြင့် ကိုဗစ်-၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း စိုက်ပျိုးစီးပွားကဏ္ဍရှိ စိန်ခေါ်မှုများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ လယ်ယာကဏ္ဍ အသွင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ဦးစားပေးအစီအစဉ်များဆိုင်ရာကိစ္စရပ်များကို ပါဝင်ဆွေးနွေးသည်။

ဖိုရမ်သို့ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ ဥရောပကုန်သည်ကြီးများအသင်း (Eurocham Myanmar)၊ အပြည်ပြည်ဆိုင်ရာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (Organization For Economic Cooperation and Development-OECD)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (International Labour Organization-ILO) နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာလုပ်သားများရွှေ့ပြောင်းခြင်းစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ (၅)နှစ်တာလုပ်ငန်းစီမံချက်(၂၀၁၈-၂၀၂၂) ၏ ကာလတစ်ဝက်အပေါ် အကောင်အထည်ဖော်နိုင်ရေးနှင့် လေ့လာစောင့်ကြည့်သုံးသပ်ခြင်းဆိုင်ရာအစည်းအဝေး ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၁၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့ ပူးပေါင်း၍ နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းခြင်းစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ(၅)နှစ်တာလုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂) ၏ ကာလတစ်ဝက်အပေါ် အကောင်အထည်ဖော်နိုင်ရေးနှင့် လေ့လာစောင့်ကြည့် သုံးသပ်ခြင်းဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် Virtual Format ဖြင့် ကျင်းပသည်။

**ညှိနှိုင်းရေးဆွဲခဲ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ အစည်းအဝေးကို အမျိုးသားအဆင့် ဒုတိယ (၅) နှစ်စီမံချက်၏ ကာလတစ်ဝက်တာတွင် ဦးစားပေးဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ပြန်လည်သုံးသပ်လေ့လာရန်၊ ၂၀၂၁ ခုနှစ်အတွက် ဦးစားပေးအစီအစဉ်များ ဖော်ထုတ်သတ်မှတ်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ အမျိုးသားအဆင့် ဒုတိယ(၅) နှစ်တာလုပ်ငန်းစီမံချက်ကို ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပကာ ညှိနှိုင်းရေးဆွဲခဲ့ပြီး စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံချက်အရ ရွှေ့ပြောင်းသွားလာမှု အများဆုံးရှိသည့်ဒေသများတွင် ILO၊ IOM တို့နှင့် ပူးပေါင်း၍ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (MRC) ၁၉ ခုထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး လုပ်သားစုဆောင်းပို့ဆောင်ပေးသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများအတွက် ဂုဏ်သိက္ခာရှိသည့် နိုင်ငံတကာလုပ်သား စုဆောင်းသည့်စနစ် ကျင့်သုံးရေးဆိုင်ရာဆွေးနွေးပွဲကို ခုနစ်ကြိမ်ပြုလုပ်ခဲ့ရာ အေဂျင်စီ ၂၀၇ ခုမှ ကိုယ်စားလှယ်များ တက်ရောက်နိုင်ခဲ့ကြောင်း။

ဆက်လက်၍ အနာဂတ်အလုပ်အကိုင်နှင့်ပတ်သက်၍ တိုးတက်လာသည့် နည်းပညာများနှင့်အညီ အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်ရန်၊ ကိုဗစ်-၁၉ အလွန်တွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့် ရွှေ့ပြောင်းအလုပ်သမားများ လုံခြုံစိတ်ချစွာ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်နိုင်ရန်နှင့် ပြန်လာသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝနေထိုင်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ဆောင်ရွက်နိုင်ရန်စသည့် လုပ်ငန်းအစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ ယနေ့အချိန်တွင် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေး၊ လူမှုဘဝ၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေးစသည့် ကဏ္ဍပေါင်းစုံအပေါ် ထိခိုက်သက်ရောက်မှုများအပါအဝင် စိန်ခေါ်မှုများစွာ ရင်ဆိုင်ကြုံတွေ့နေရ၍ ယင်းကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးလာကြောင်း။

**ထည့်သွင်းစဉ်းစားရမည်**

ရွှေ့ပြောင်းအလုပ်သမားများကို လက်ခံနိုင်ငံများက ပြန်လည်ပို့ဆောင်ခြင်းနှင့် စေလွှတ်နိုင်ငံများက လက်ခံခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြန်ရောက်လာသည့် ရွှေ့ပြောင်းအလုပ်သမားများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကိုပါ ရေရှည်တုံ့ပြန်မှုများ ချမှတ်ဆောင်ရွက်ထားရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ လူသားအားလုံး၏ နေထိုင်မှုပုံစံ ပြောင်းလဲမှုအနေဖြင့် မိမိတို့အားလုံးသည် Technology Platform ဖြင့် ဆက်သွယ်ဆောင်ရွက်နေရသဖြင့် ရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရာတွင် နည်းပညာကိုအသုံးပြု၍ လိုအပ်သည့်ဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရေး Digital Platform ထားရှိဆောင်ရွက်ရေးသည် ထင်ရှားလာကြောင်း၊ ယခုလို Digitalization ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်တည်းသာမဟုတ်ဘဲ လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်း အသိုက်အဝန်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) မှ Chief of Mission က အမှာစကားပြောကြားပြီး အစည်းအဝေးအစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမျိုးသား (၅)နှစ်တာ လုပ်ငန်းစီမံချက်၏ နောက်ခံအကြောင်းအရာ၊ ရည်ရွယ်ချက်များနှင့် မျှော်မှန်းရလဒ်များကို ရှင်းလင်းဆွေးနွေးခြင်း၊ IOM စီမံကိန်းမန်နေဂျာက လုပ်ငန်းစီမံချက်ကို Global Compact for Migration မျှော်မှန်းချက်များနှင့် ချိတ်ဆက်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများက လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂) ၏ ကာလတစ်ဝက်တာအတွင်း ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများအပေါ် ပြန်လည်သုံးသပ်တင်ပြခြင်းနှင့် စီမံချက်အရ ၂၀၂၁ ခုနှစ်တွင် လုပ်ဆောင်ရမည့် အဓိက ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခြင်း၊ လိုအပ်သည်များ အကြံပြုတင်ပြခြင်းတို့ ဆောင်ရွက်ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များ၊ IOM မှ Chief of Mission နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးအတွက် ကျောင်းသားမိဘများနှင့် ညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၈**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan–NESP 2021–2030) ရေးဆွဲရေးအတွက် ကျောင်းသားမိဘများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကျောင်းသားမိဘများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အွန်လိုင်းဖြင့် ပါဝင်ဆွေးနွေးကြသည်။

**အဆင့်မြင့်ကျွမ်းကျင်မှုများက အရေးပါလာ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ ၂၁ ရာစု ကမ္ဘာကြီးတွင် အလိုအလျောက် နည်းပညာ၊ Artificial Intelligence၊ Robotics၊ Cloud Computing၊ Big Data၊ Internet of Things စသည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်နေပါကြောင်း၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်သည့်အတွက် လုပ်သားဈေးကွက်ပြောင်းလဲပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းကောင်းရရန် ပြိုင်ဆိုင်မှုပြင်းထန်ပါကြောင်း၊ ပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် ရိုးရိုးကျွမ်းကျင်မှုနဲ့မရတော့ဘဲ အဆင့်မြင့်ကျွမ်းကျင်မှုများက အရေးပါလာပါကြောင်း၊ ကမ္ဘာကြီးတွင်လည်း ရာသီဥတုပြောင်းလဲလာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် အရေးကြီးလာပါကြောင်း၊ အလုပ်အကိုင်နဲ့ လိုက်လျောညီထွေဖြစ်သည့် ကျွမ်းကျင်မှုများကို ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ ယနေ့ ၂၁ ရာစု Digital Age တွင် အနာဂတ်အလုပ်အကိုင်ကောင်းရရန်အတွက် ကျောင်းသားလူငယ်များကို ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု (IQ) နှင့် စိတ်ရင့်ကျက်တည်ငြိမ်မှု၊ တစ်ပါးသူကို စာနာပေးနိုင်မှု (EQ) စသည့် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များရရှိအောင် စုပေါင်းအားနဲ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

လူနည်းစုကသာ ဆုံးဖြတ်ခြင်း၊ ဆရာများကသာ ကျောင်းသားများကို သင်ကြားခြင်း၊ ကျောင်းသားများက သင်ကြားပို့ချသည်ကို အလွတ်ကျက်မှတ်ခြင်း၊ ဆရာများက သင်ကြား၍ ကျောင်းအုပ်များက စီမံခန့်ခွဲခြင်း၊ သင်ရိုးညွှန်းတမ်းများ တစ်သမတ်တည်း စံသတ်မှတ်ထားခြင်း၊ ကျောင်းသားများကို စံသတ်မှတ်ထားသည့် စာမေးပွဲများဖြင့် စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲရလဒ်ကိုသာ ဦးစားပေးခြင်းတို့သည် ရှေးထုံးစဉ်လာပညာရေး ဖြစ်ပါကြောင်း။

ကိုဗစ်မဖြစ်ပွားမီကာလအထိ New Normal Education System တွင် New Normal သည် Eco Normal အစိတ်အပိုင်းတစ်ခုဖြစ်လာပါကြောင်း၊ သက်ဆိုင်သူများအားလုံးက ပူးပေါင်းပါဝင်ပြီး မိမိတို့ ကလေးငယ်များ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများအားလုံးအတွက် စုပေါင်းအင်အားဖြင့် တာဝန်ယူပြီး ဆုံးဖြတ်အကောင်အထည်ဖော်ရန်၊ ကျောင်းသားများကလည်း ဆန္ဒပြင်းပြစွာ တည်တည်ငြိမ်ငြိမ် နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် ကြိုးစားပြီး သင်ယူကြရန် အရေးကြီးပါကြောင်း၊ သင်ယူရာတွင် ကျန်းမာလုံခြုံသော သင်ယူမှုဝန်းကျင်ကောင်းဖြစ်ရန် လိုပါကြောင်း၊ ကျောင်းသားများ၏ အနာဂတ်သုခချမ်းသာတို့ကို တန်ဖိုးထားသလို ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များကိုလည်း တန်ဖိုးထားရမည် ဖြစ်ပါကြောင်း၊ ကျောင်းသားများ၏ မတူညီသော နောက်ခံအခြေအနေ၊ သင်ယူမှုနယ်ပယ် မတူကွဲပြားခြားနားမှုများကိုလည်း အသိအမှတ်ပြုရန် လိုအပ်ပါကြောင်း၊ ယခုကိုဗစ်ဖြစ်လာသည့်အခါ Technology ကို အသုံးပြုပြီး သင်ယူမှုနယ်ပယ်ကို ဖန်တီးပေးရမည်ဖြစ်သကဲ့သို့ စာသင်ခန်းတွင်း သင်ကြားသင်ယူခြင်းသည် ကျောင်းသား ကျောင်းသူ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ကို အမြင့်ဆုံးရရှိနိုင်ရန် ယနေ့အချိန်ထိ အစားထိုး၍ မရနိုင်သေးပါကြောင်း၊ သို့ဖြစ်၍ High–Tech Learning နှင့် High–Touch Learning နှစ်ခုတို့ကို ပေါင်းစပ်အသုံးပြုသည့် Blended Learning ကလည်း အရေးကြီးလာပါကြောင်း၊ ကွဲပြားခြားနားသော ရည်ရွယ်ချက်များအတွက် ပေါင်းစပ်သင်ယူမှုကလည်း တစ်သမတ်တည်းမဟုတ်သလို မတူညီသော အကဲဖြတ်ခြင်းနည်းလမ်းအမျိုးမျိုးကို အသုံးပြုရန်လည်း အရေးပါလာပါကြောင်း၊ အရည်အသွေး အာမခံမှုနှင့် တာဝန်ယူမှုရှိစေရေးအတွက် သုံးသပ်အကဲဖြတ်ခြင်းများ အရေးကြီးသလို အရည်အသွေးရှိသည့် ပညာရေးကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ရန်အတွက် တိုင်းရင်းသား ပြည်သူများအားလုံး၏ အကြံပြုဝေဖန်ချက်ပေးမှုကို အားပေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းသည်ပင် Traditional Education System နှင့် New Normal Education System ၏ ကွာခြားချက်များ ဖြစ်ပါကြောင်း။

**ဦးစားပေးလုပ်ငန်း ၁၂ ရပ်**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၁) တွင် ပြည်သူကို ကတိပြုထားသည့် ဦးစားပေးလုပ်ငန်း ၁၂ ရပ်ဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အခြေခံပညာမူဝါဒအနေဖြင့် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိရေး၊ ကျောင်းထွက်သူ မရှိရေးတို့ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာများတွင် အဆင်းရဲဆုံးသူများသည် ကျောင်းလုံးဝမနေသူများဖြစ်ကြောင်း၊ ဒုတိယအဆင်းရဲဆုံးသူများသည် မူလတန်းနှင့် ကျောင်းထွက်ခဲ့သူများဖြစ်ကြောင်း၊ တတိယအဆင်းရဲဆုံးသူများသည် အလယ်တန်းနှင့် ကျောင်းထွက်ခဲ့သူများဖြစ်ကြောင်း ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ဆင်းရဲမှုကလွတ်မြောက်ရန်အတွက် ကျောင်းသားကျောင်းသူတိုင်း လူတိုင်းသည် အခြေခံပညာအထက်တန်း ပြီးမြောက်ရန် လိုပါကြောင်း၊ ကျွမ်းကျင်မှုရရန် အသက်မွေးဝမ်းကျောင်းသင်တန်းများလိုပါကြောင်း၊ တစ်သက်တာ သင်ယူမှုအခွင့်အလမ်းများနှင့် တက္ကသိုလ်ပညာများကို ဆက်လက်သင်ယူပြီး စဉ်ဆက်မပြတ် အတတ်ပညာစွမ်းရည်တိုးတက်ရေး အခွင့်အရေးများရရန် အရေးကြီးပါကြောင်း။

ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းရလဒ်အနေဖြင့် ကျောင်းသား ကျောင်းသူများအား လူသားကောင်းများဖြစ်လာရေး၊ ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်လာရေး၊ တာဝန်ယူတာဝန်ခံပြီး တာဝန်ကျေပွန်စွာ ဆောင်ရွက်တတ်သူများဖြစ်လာရေး၊ အကောင်းဆုံးလုပ်ဆောင်တတ်သည့် ဆန်းသစ်တီထွင်ဖန်တီးသူများဖြစ်လာမှသာ အလုပ်အကိုင်ကောင်းကောင်းလုပ်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး ကူညီတတ်သည့် လူသားကောင်းများဖြစ်ရန် အရေးကြီးပါကြောင်း၊ ပူးပေါင်းဆောင်ရွက်တတ်ရန် အရေးကြီးပါကြောင်း၊ ထိုမျှော်မှန်းရလဒ်များ ဖြည့်ဆည်းပေးနိုင်မည့် အရည်အသွေးရှိသော ပညာရေးကို ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို အလေးအနက်ထားတင်ပြလိုပါကြောင်း။

**သင်ယူမှုအခွင့်အလမ်းရရှိအောင်**

အဓိကအနေဖြင့် ပညာရေးအတွက် ရင်းနှီးမြှုပ်နှံနေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါတွင် သင်ယူမှုအခွင့်အလမ်းရရှိရေးအတွက် ပြည်ထောင်စုတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သောကြောင့် တိုင်းရင်းသားဒေသများကို ဦးစားပေး၍ သင်ယူမှုအခွင့်အလမ်း ရရှိအောင် ဆောင်ရွက်ပေးနေပါကြောင်း၊ သင်ရိုးညွှန်းတမ်းများ မြှင့်တင်၍ အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာ တက္ကသိုလ်သင်ရိုးညွှန်းတမ်းများ မြှင့်တင်ဆောင်ရွက်နေပါကြောင်း။

ဆရာ ဆရာမများအား သင်ကြားသင်ယူမှု နည်းလမ်းများ၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုနည်းသင်တန်းများ ပေးခဲ့ပါကြောင်း၊ နည်းပညာများ၊ ကွန်ပျူတာများကို အခြေခံအထက်တန်းကျောင်းများတွင် ဖြည့်ဆည်းပေးနေပါကြောင်း၊ လိုအပ်နေသည့် စာသင်ခန်းများ၊ စာကြည့်တိုက်များ၊ သောက်ရေသုံးရေများ၊ သန့်စင်ခန်းများနှင့် အားကစားကွင်းများ ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ မိဘများ၏ အကြံဉာဏ်များနှင့်အတူ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ တိုင်းရင်းသားဒေသများကို ဦးစားပေးလျက် လိုအပ်ချက်ရှိသောနေရာများတွင် ဆက်လက်ဖြည့်ဆည်းပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အရည်အသွေးရှိသော ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာ ဆရာမများ ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ သတ်မှတ်အရည်အချင်းကိုက်ညီသူများကို ရာထူးတိုးပြောင်း အခွင့်အလမ်းမူဝါဒများ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးနေပါကြောင်း၊ အရည်အသွေးရှိသော ပညာရေးတွင် ဆရာ ဆရာမ၏ အရည်အချင်းက အဓိကဖြစ်သည့်အတွက် ၂ နှစ်သင် ပညာရေးကောလိပ်များကို ၄ နှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပါကြောင်း၊ သုတေသနလုပ်ငန်းသည် တက္ကသိုလ်၏ အသက်ဖြစ်ပါကြောင်း၊ သုတေသနဆောင်ရွက်ခြင်း၊ သုတေသန စာတမ်းဖတ်ခြင်း၊ သုတေသနဂျာနယ်များတွင် စာတမ်းရေးသားခြင်း စသော သုတေသနစွမ်းဆောင်ရည်မြှင့်တင်မှုများကိုလည်း အားပေးလျက်ရှိပါကြောင်း။

ယခုအခါ အခြေခံပညာအထက်တန်းကျောင်းများ၊ နည်းပညာနှင့် သက်မွေးပညာကျောင်းများ၊ တက္ကသိုလ်များတွင် Wifi၊ Website များ ဆောင်ရွက်ပေးနေပါကြောင်း၊ စာကြည့်တိုက်များတွင်လည်း e–library Facility များ ဖန်တီးပေးရန် လိုပါကြောင်း၊

သင်ယူမှုဝန်းကျင်သည် လုံခြုံရန်၊ ဘေးကင်းရန်နှင့် ကျန်းမာရန် လိုအပ်ပါကြောင်း၊ အရည်အသွေးရှိသော သင်ယူမှုဝန်းကျင်ကောင်းဖြစ်ရန်အတွက် အရေးကြီးပါကြောင်း၊ နည်းပညာသင်ကြားရေးနှင့် လေ့ကျင့်ရေးများတွင်လည်း ပုံမှန်သင်တန်းများအပြင် ဒေသအကျိုးပြုကာလတိုသက်မွေးသင်တန်းများကိုလည်း ဆောင်ရွက်ပေးနေပါကြောင်း၊ Myanmar Digital Education Platform (MDEP) တွင် Learning Management System များဖြင့် အခြေခံပညာရေးနှင့် နည်းပညာနှင့် သက်မွေးပညာရေးများတွင် အခမဲ့သင်ယူနိုင်ရန် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

**ပထမဆုံးဆောင်ရွက်သော နိုင်ငံဖြစ်**

South–East Asia Primary Learning Matrix (SEA–PLM) ကို အာဆီယံ ခြောက်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့က ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယူနီဆက်၊ ဆီမီယိုနှင့် ဩစတြေးလျတို့ ပူးပေါင်းပြီး ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသည် ပထမဆုံးဆောင်ရွက်သော နိုင်ငံဖြစ်ပါကြောင်း၊ SEA–PLM အစီရင်ခံစာအရ မြန်မာနိုင်ငံ Grade 5 ကျောင်းသား ကျောင်းသူများသည် တခြားသော သုံးနိုင်ငံထက် စာဖတ်ခြင်း၊ ရေးသားခြင်းနှင့် သင်္ချာတွင် ပျမ်းမျှထက် သာလွန်နေသည်ကို တွေ့ရပါကြောင်း၊ အရေးအဖတ်၊ သင်္ချာ၊ Global Citizenship စွမ်းရည်များ အားကောင်းသည်ကို တွေ့ရသဖြင့် ဝမ်းသာပါကြောင်း၊ ဆရာ ဆရာမများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ အားနည်းချက်အနေဖြင့် ကလေးများ၏ Positive Attitude အမြင်များ မြှင့်တင်ပေးရန် လိုအပ်နေသေးကြောင်း၊ ကျောင်းသားမိဘများ၊ မိဘဆရာအသင်း၊ ဆရာ ဆရာမများ၊ ကျောင်းအုပ်များနှင့် တာဝန်ရှိသူများပူးပေါင်း၍ ရင်သွေးငယ်များ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်လာရေး ပူးပေါင်းဆောင်ရွက်မှု အားနည်းနေကြောင်းကို အစီရင်ခံစာတွင် ဖော်ပြထားပါကြောင်း၊ မိဘများ၏ ပူးပေါင်းပါဝင်မှု စုပေါင်းအင်အားဖြင့် အရည်အသွေးရှိသော ပညာရေးကို ဦးတည်ကြိုးပမ်းအကောင်အထည်ဖော်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁–၂၀၃၀)ရေးဆွဲခြင်းလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀) ရေးဆွဲရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ သိရှိလိုသည်များကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ ပါ **"မြန်မာ–အီးယူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များဆွေးနွေး"** ဆိုသည့် ခေါင်းစဉ်အစား **"မြန်မာ–အီးယူ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များဆွေးနွေး"** ဟု လည်းကောင်း၊ အဆိုပါသတင်း ဆဋ္ဌမစာပိုဒ်တွင် ပါရှိသည့် **"နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု"** ဆိုသည့် စာသားအစား **"စီးပွားရေးပူးပေါင်းဆောင်ရွက်မှု"** ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာတည်းအဖွဲ့**

---

❐ **ရွှေ့ဖုံးမှ**

''အပန်းဖြေခရီးစဉ်ဖြစ်တဲ့အတွက်ကြောင့် သင်္ဘောကကြီးတယ်၊ ပြီးတော့ Social Distancing နှင့်အညီလည်းဖြစ်ဖို့နဲ့ လိုက်ပါစီးနင်းတဲ့ ခရီးသည်တွေ လေကောင်းလေသန့်လည်းရအောင် သင်္ဘောရဲ့အပေါ်ထပ်မှာ ထိုင်ခုံနေရာတွေကို တစ်နေရာနှင့် တစ်နေရာ ခွဲထားပါတယ်။ ဒီဇင်ဘာ ၂၀ ရက်ကတော့ ဖွင့်ပွဲပြုလုပ်ပြီး ခရစ္စမတ်နေ့မှာ ခရီးသည်များအတွက် ပြေးဆွဲပေးမှာလည်းဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ ခရီးသွားပြည်သူများကလည်း တောင်းဆိုတယ်ဆိုရင် ခရီးသည်ရှိသလောက်နဲ့ စိတ်ဝင်စားတဲ့သူ ရှိသလောက်ကို စနေနဲ့ တနင်္ဂနွေရက်တွေမှာ အပတ်စဉ်ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ ထိုင်ခုံလက်မှတ်ခနှုန်းထားက တစ်ဦးကို ငွေကျပ် တစ်သောင်းခွဲလို့ အကြမ်းဖျင်းသတ်မှတ်လျာထားတယ် ဆိုပေမယ့် လက်မှတ်ခနှုန်းထား အတိအကျကို ဒီဇင်ဘာ ၂၁ ရက်မှာ အများပြည်သူသိအောင် ကြေညာပေးသွားမှာဖြစ်ပါတယ်''ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောသည်။

နှစ်ထပ်အပျော်စီးသင်္ဘောခရီးစဉ် စတင်ပြေးဆွဲပြီဆိုပါက ခရီးသည်များအနေဖြင့် ညနေ ၃ နာရီ ၄၅ မိနစ်တွင် သင်္ဘောပေါ်သို့ တက်ကြရမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင်ကောင်တာပိတ်မည်ဖြစ်ကြောင်း၊ ပြေးဆွဲပေးမည့် ခရီးစဉ်အရ ကျန်းမာရေးဆိပ်ကမ်းမှ တစ်ဆင့် ညနေ ၄ နာရီတွင် စတင်ထွက်ခွာပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်မြစ်တွင်းမှထွက်ကာ ဗိုလ်တထောင်ဘုရားအနီးတစ်ဝိုက်၊ ထိုမှတစ်ဆင့် သန်လျက်စွန်းသို့ ပြေးဆွဲ၍ သန်လျက်စွန်းမှပြန်ကွေ့ကာ တောက်လျှောက် ရန်ကုန်မြစ်အတိုင်း ပြေးဆွဲမည်ဖြစ်သည်။ ယင်းနောက် တွံတေးမြစ်ဝရှိ မြစ်သုံးစင်းဆုံရာနေရာသို့ ဆက်လက်ပြေးဆွဲကာ ထိုမှတစ်ဆင့် ကြည့်မြင်တိုင်ကမ်းနားလမ်းတောက်လျှောက် ဘုရင့်နောင်တံတားအနီးထိ ပြေးဆွဲ၍ ကျန်းမာရေးဆိပ်ကမ်းသို့ ပြန်လည်မောင်းနှင် ရောက်ရှိလာမည်ဖြစ်သည်။

ညနေ ၄ နာရီတွင် စတင်ထွက်ခွာပြေးဆွဲမည်ဖြစ်သည့်အတွက် နေဝင်ချိန် ဆည်းဆာအလှကို နှစ်ထပ်အပျော်စီးသင်္ဘောပေါ်မှတစ်ဆင့် ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။ အပြန်ခရီးစဉ်၌ ညဦးပိုင်းဖြစ်သွားသည့်အတွက် ရန်ကုန်မြို့၏ ညပိုင်းမီးထွန်းထားသည့် အလှအပများအား ရန်ကုန်မြို့၏ မြစ်ကြောင်းတစ်လျှောက်မှတစ်ဆင့် ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း–ပွင့်သစ္စာ**
**ဓာတ်ပုံ–စိုးမြင့်အောင်**

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့တွင် ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်)



ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား။ ဓာတ်ပုံ - သန့်ဇော်ဦး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ သဘာဝတရားရိပ်သာရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် အစောင့်အရှောက်ခံ သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ သဘာဝတရားရိပ်သာရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် အစောင့်အရှောက်ခံ သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ကြေး ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**အလေးအနက်ထား ဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် သန်လျင်မြို့ သဘာဝတရားရိပ်သာ ဦးစီးပဓာန နာယကဆရာတော် ဦးဥတ္တမသာရက ဩဝါဒစကားမြွက်ကြားသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအတွက် လူ့အခွင့်အရေးများ တန်းတူညီမျှရရှိရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတကာနှင့် ဒေသတွင်းစံနှုန်းတို့ကို အခြေခံ၍ အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် သက်ကြီးရွယ်အိုများဥပဒေနှင့်အညီ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ ကော်မတီနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီတို့ကို အဆင့်ဆင့်ဖွဲ့စည်းပြီး သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ သက်ကြီးရွယ်အိုများ၏ ဝင်ငွေလုံခြုံရေးကို အထောက်အကူပြုနိုင်ရန် အမျိုးသားလူမှုရေး ပင်စင်အစီအစဉ်ကိုလည်း ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာနှစ်ကတည်းက စတင်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ အရေးပေါ်အခြေအနေတွင် ထိခိုက်လွယ်အခြေအနေတွင်ရှိသော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများအတွက် အခြေခံ စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများဝယ်ယူနိုင်ရေးအတွက် ငွေကြေးထောက်ပံ့မှု အစီအစဉ်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



**စုစုပေါင်း ငွေကျပ် သိန်း ၁၇၀ ထောက်ပံ့**

ထို့အပြင် သက်ကြီးရွယ်အိုများအကြား ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားနိုင်သည့် လူမှုစီးပွားအခက်အခဲများကို လျော့ပါးစေရေးအတွက် လူမှုရေးပင်စင်ခံစားလျက်ရှိသည့် သက်ကြီးရွယ်အိုများ၊ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ အသက်(၈၀)ပြည့်ပြီး အသက်(၈၅)နှစ်မပြည့်သေးသည့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခဲ့ပါကြောင်း၊ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ သဘာဝတရားရိပ်သာတွင် ပြုစုစောင့်ရှောက်ထားသည့် အစောင့်အရှောက်ခံ ဘိုးဘွားများအနက် ကိုဗစ်-၁၉ ကူးစက်ခံရသူ မသန်စွမ်းသက်ကြီးရွယ်အို ၅၉ ဦးနှင့် သက်ကြီးရွယ်အို ၁၁၁ ဦး စုစုပေါင်း ၁၇၀ တို့အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅,၁၀၀,၀၀၀ (ကျပ်ငါးဆယ့်တစ်သိန်းတိတိ)နှင့် ရိပ်သာရှိ အခြားဘိုးဘွားများအတွက် ကိုဗစ်-၁၉ ကာကွယ်ရန်နှင့် အာဟာရပြည့်ဝစေရန် ငွေကျပ် ၁၁၉ သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း ၁၇၀ ထောက်ပံ့ခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် သက်ကြီးရွယ်အိုများ ထပ်မံကူးစက်ခြင်းမခံရအောင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဂေဟာများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လိုက်နာရမည့် စံသတ်မှတ်ချက်များကို လိုက်နာကြရန် လိုအပ်ကြောင်း၊ ယခုကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါအန္တရာယ် ရင်ဆိုင်တုံ့ပြန်ရာတွင် အားလုံးပူးပေါင်းဆောင်ရွက်နိုင်ရန် လိုပါကြောင်း ပြောကြားခဲ့သည်။

**လက်ခံရယူ**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနရုံးတို့မှ တာဝန်ရှိသူများက ထောက်ပံ့အလှူငွေ ပေးအပ်ရာ သန်လျင်မြို့ သဘာဝတရားရိပ်သာမှ ဆေးအဖွဲ့တာဝန်ခံ ဆရာလေး ဒေါ်စာဂဝတီက လက်ခံရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ သဘာဝတရားရိပ်သာရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် သက်ကြီးရွယ်အိုများနှင့် အစောင့်အရှောက်ခံ သက်ကြီးရွယ်အိုများအားလုံးကို ပံ့ပိုးကူညီထောက်ပံ့ခြင်းများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသားလေကြောင်းက ပြည်တွင်းခရီးစဉ်များကို လေယာဉ်သစ်များဖြင့် ခရီးသွားပြည်သူများအား နေ့စဉ် ပျံသန်းပို့ဆောင်ပေးသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာအမျိုးသားလေကြောင်းမှ လေကြောင်းခရီးစဉ်ကိုသာ အားထားရသော ပြည်တွင်းမြို့များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အတည်ပြုထုတ်ပြန်မည့် လေကြောင်းလိုင်းများနှင့် ခရီးသည်များလိုက်နာရမည့် Standard Operation Procedure (SOP)နှင့်အညီ ဒီဇင်ဘာ ၁၆ ရက်မှ စတင်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်းခရီးစဉ်များကို Boeing 737-800 NG Embraer 1901 ATR-72 G00 Series လေယာဉ်သစ်များဖြင့် ခရီးသွားပြည်သူများအား နေ့စဉ်ပျံသန်း ပို့ဆောင်ပေးသွားမည်ဖြစ်ရာ ခရီးစဉ်တွင်လိုက်ပါမည့် ခရီးသည်မှ ခရီးစဉ်နှင့် ရက်သတ်မှတ်ထားသော လက်မှတ်များကို MNA Ticketing Counter များ၊ Website နှင့် နီးစပ်ရာ Travel Agent တို့တွင် ဝယ်ယူရမည်ဖြစ်ပြီး ခရီးသည်များအနေဖြင့် သတ်မှတ်ထားသော နေရာများတွင် ဝယ်ယူထားသော လေယာဉ်လက်မှတ်ပြ၍ဖြစ်စေ၊ လေယာဉ်ခရီးစဉ်အတွက် ကြိုတင်စာရင်းသွင်းထားကြောင်း အတည်ပြုချက်ပြ၍ဖြစ်စေ Rapid Antigen Diagnostic Test(RDT)Kit ဖြင့် ကိုဗစ်-၁၉ ရောဂါကင်းစင်ကြောင်း ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရမည်ဖြစ်ပြီး Check-In ပြုလုပ်ရာတွင် ၃၆ နာရီအတွင်း စစ်ဆေးထားသော Negative Test Result ဖြစ်ရမည်ဖြစ်သည်။

**ပြန်လည်ပေးအပ်သွားမည်**

ခရီးသည်အနေဖြင့် Rapid Antigen Diagnostic Test တွင် Positive ပြပါက မြန်မာအမျိုးသားလေကြောင်းမှ ဝယ်ယူထားသော လက်မှတ်များအတွက် Free Date Change (သို့) Full Refund ပြန်လည်ပေးအပ်သွားမည်ဖြစ်ကာ Travel Agent မှတစ်ဆင့် ဝယ်ယူထားသော လက်မှတ်များအတွက် မိမိဝယ်ယူထားသော Travel Agent သို့ ဆက်သွယ်ပေးရမည်ဖြစ်သည်။

ယခင်က ဝယ်ယူထားသော ပြည်တွင်းလေယာဉ်လက်မှတ်ကိုလည်း ဒီဇင်ဘာ ၁၆ ရက်မှ စတင်ပျံသန်းမည့် ပြည်တွင်းခရီးစဉ်များအတွက် Free Date Change ပြုလုပ်ပေးမည်ဖြစ်ပြီး ပြည်တွင်းလက်မှတ်ဆိုင်ရာ လက်မှတ်ရောင်းချမှု မူလစည်းမျဉ်းသတ်မှတ်ချက်များ (Fare Rules) ကိုပြောင်းလဲထားခြင်းမရှိကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ဒီဇင်ဘာလအတွင်း ပျံသန်းပြေးဆွဲမည့်ခရီးစဉ်နှင့် ရက်များမှာ ပူးတွဲဇယားပါအတိုင်းဖြစ်ပြီး မိမိသွားလိုသော ခရီးစဉ်၏ အချိန်ဇယားများကို (https://www.flymna.com/plan-a-trip/flight-schedule)တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူဆောင်က ကောင်မလေး

## စန္ဒကူး (မြန်မာစာ)

၁၉၈၅ ခုနှစ်ဝန်းကျင် စာရေးသူ ၈ တန်းကျောင်းသူ အရွယ်လောက်က "ကျောင်းဖွင့်ရင် ရည်းစားလေးကို ခေါ်ပြီး ဦးချစ်လက်ဖက်ရည် သွားသောက်မယ်" ဆိုတဲ့ ကိုင်ဇာနဲ့ မေဆွိတို့ရဲ့ စုံတွဲတေးသီချင်းတွေ ခေတ်အစား ဆုံးအချိန် ဖြစ်ခဲ့ပါတယ်။ အဲဒီနှစ်တွေက ထွက်ခဲ့တဲ့ စတီရီယိုသီချင်းတွေ တော်တော်များများမှာ ရန်ကုန် တက္ကသိုလ်နဲ့ပတ်သက်တဲ့သီချင်းတွေ တော်တော် များများ သီဆိုခဲ့ကြပါတယ်။

**ရန်ကုန်တက္ကသိုလ်ကို တက်ရောက်လိုစိတ်ဖြစ်ပေါ်**

စာရေးသူကို ရန်ကုန်မှာမွေး၊ ရန်ကုန်မှာပဲ ကြီးပြင်းခဲ့တော့ ရန်ကုန်တက္ကသိုလ်နဲ့ပတ်သက်တဲ့ သီချင်း၊ ဓာတ်ပုံ၊ ပြက္ခဒိန်၊ ရုပ်ရှင်ဇာတ်ကားတွေ မြင်ရ၊ ကြားရတာ မစိမ်းလှပါဘူး။ ငယ်ငယ်ကတည်းက ရန်ကုန်တက္ကသိုလ် အငွေ့အသက်တွေကို ထိတွေ့ခံစားခွင့်ရခဲ့တော့ ကလေး ဘဝကတည်းက ရန်ကုန်တက္ကသိုလ်ကို တက်ရောက် လိုစိတ် ဖြစ်ပေါ်မိတယ်။

ရန်ကုန်တက္ကသိုလ်ကို တက်ရောက်ချင်စိတ်ဖြစ်တဲ့ အကြောင်းရင်းကတော့ စာရေးသူအမေက ၃၈ လမ်းဈေး မှာ ဆိုင်ဖွင့်ထားပါတယ်။ အမေနဲ့ ဆိုင်နီးနားချင်း အစ်မ က ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ တက်ရောက် နေသူပါ။ အဲဒီမမက ဆံပင်လည်းအရှည်ကြီးနဲ့ ချော တယ်။ တက္ကသိုလ်လည်း တက်နေတော့ စာရေးသူ အားကျခဲ့တဲ့ မမပါ။ အဲဒီမမဆီကနေ ရန်ကုန်တက္ကသိုလ် နေရာအစုံမှာ ဓာတ်ပုံရိုက်ထားတာတွေ ကြည့်ခဲ့ရတယ်။ သူ့ဓာတ်ပုံတွေကြည့်ပြီး တက္ကသိုလ်ထဲကို သွားလည်ချင် စိတ်တွေ ပေါ်လာခဲ့တယ်။ အဲဒီမမကလည်း တက္ကသိုလ် ထဲကို လိုက်လည်ဖို့ ခဏခဏအလည်ခေါ်ပါတယ်။

အဲဒီအချိန် ၈ တန်းကျောင်းသူဖြစ်တဲ့ စာရေးသူရဲ့ စိတ်ထဲမှာ သန္နိဋ္ဌာန် ချထားတယ်။ ရန်ကုန်တက္ကသိုလ် ထဲကို အလည်သက်သက် သွားမလည်ဘဲ တက္ကသိုလ် ကျောင်းသူအဖြစ် သွားနိုင်အောင်ကြိုးစားမယ်လို့ ဆုံးဖြတ် ထားလိုက်ပါတယ်။ ရန်ကုန်တက္ကသိုလ်တက်နေတဲ့ မမ ဆီက နေ့တိုင်းနီးပါးကြားနေရတဲ့ ရန်ကုန်တက္ကသိုလ် ပုံပြင်တွေက စာရေးသူအတွက် နေ့တိုင်းမရိုးနိုင်တဲ့ တစ်ထောင့်တစ်ညပုံပြင်လိုပါပဲ။

တစ်နေ့ ရန်ကုန်တက္ကသိုလ်တက်နေတဲ့ မမက နောက်ဆုံးနှစ်တက်နေတော့ မြန်မာစာဌာနကနေ "တောင်ကြီး၊ အင်းလေး လေ့လာရေးခရီး" ထွက်ခဲ့တယ်။ လေ့လာရေးခရီးထွက်ဖို့ ပြင်ဆင်နေတာရယ်၊ လေ့လာရေး ခရီးက ပြန်လာတော့ အတွေ့အကြုံတွေ ရှင်းပြတာ တွေကြောင့် တက္ကသိုလ်ကျောင်းသူ ပိုပြီးဖြစ်ချင်လာ တယ်။ အရွယ်ရောက် ကျောင်းသူလေးတစ်ယောက် တက္ကသိုလ်တက်ခွင့်ရဖို့ ၁၀ တန်းအောင်အောင် ကြိုးစား ချင်စိတ်တွေများလာပြီး စာတွေ ပိုကြိုးစားကျက်ဖြစ်ခဲ့ ပါတယ်။

အဲဒီလိုနဲ့ ၁၉၉၀ ပြည့်နှစ်မှာ တက္ကသိုလ်ဝင်တန်း (ဆယ်တန်း) အောင်မြင်ခဲ့ပါတယ်။ စာရေးသူက ဗိုလ်တထောင်တက္ကသိုလ်မှာပဲ တက်ခွင့်ရခဲ့ပါတယ်။ အဲဒီ အချိန်တုန်းက ရန်ကုန်တက္ကသိုလ် (ပင်မ) ကို Main လို့ ခေါ်ကြတယ်။ ဗိုလ်တထောင်တက္ကသိုလ် တက်နေရင်း အချို့သူငယ်ချင်းတွေက Main ထဲကို သွားလည်ဖို့ ခေါ်ကြ တယ်။ လိုက်မသွားခဲ့ပါဘူး။



ရန်ကုန်တက္ကသိုလ်၏ မြန်မာစာဌာနတည်ရှိရာ တောင်ငူဆောင်။ ဓာတ်ပုံ-မြင့်မောင်မောင်

**တောင်ငူဆောင် မြန်မာစာဌာန**

ဧည့်သည်အဖြစ်မဟုတ်ဘဲ Main မှာ တက်ရောက် ခွင့်ရတဲ့ ကျောင်းသူတစ်ယောက်ဖြစ်အောင် ကြိုးစားမယ် ဆိုတဲ့စိတ်နဲ့ ကြိုးစားလိုက်တာ ဒုတိယနှစ်တက်အပြီး ဂုဏ်ထူးတန်းတက်ခွင့်ရခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ် (ပင်မ) ရှိ တောင်ငူဆောင် မြန်မာစာဌာနမှာ ပထမနှစ် ဂုဏ်ထူးတန်း စတင်တက်ရောက်ခွင့် ရခဲ့ပါတယ်။ ကိုယ်ငယ်ငယ်လေးကတည်းက မက်ခဲ့တဲ့အိပ်မက်ဆိုတော့ တအားပျော်သွားတယ်။ Main ထဲ တက္ကသိုလ်သွားတက် ရမှာဆိုတော့ ပျော်လည်းပျော် မြောက်ကြွမြောက်ကြွနဲ့ပေါ့။ Main ထဲကျောင်းသွားတက်ရင် ဝတ်ဖို့အဝတ်တွေကို ရွေးပြီး ပီတိတွေ၊ အပျော်တွေနဲ့ အိပ်တောင်မပျော်ဘူး။

တကယ်တမ်း ရန်ကုန်တက္ကသိုလ် (ပင်မ) Main ထဲကို ပထမဆုံး ကျောင်းသွားတက်တဲ့နေ့က အမှတ်တရပါ။ ၃၈ လမ်းဈေးကနေ Main ထဲသွားဖို့ လိုင်းကားမစီးတတ်တော့ ဒုက္ခရောက်တယ်။ ဈေးထဲက အသိတစ်ယောက်က ၅၁ ဘတ်စ်ကားပေါ် တင်ပေးလိုက်ပြီး လှည်းတန်းမှတ်တိုင်မှာ ဆင်းဖို့ယာဉ်နောက်လိုက်ကို မှာပေးလိုက်ပါတယ်။ လှည်းတန်းမှတ်တိုင်ရောက်တော့ ဆင်းလိုက်တယ်။ လှည်းတန်းမီးပွိုင့်မှာ အကြာကြီးရပ်နေမိတယ်။ Main ထဲ ဘယ်လိုသွားရမယ်ဆိုတာ မသိဘူး။ မီးပွိုင့်မှာ ရပ်နေတာ ကြာတော့ လှည်းတန်းမီးပွိုင့်တာဝန်ကျ ယာဉ်ထိန်းရဲကြီးက မြင်သွားပြီး "ဘယ်ကို သွားမှာလဲလို့" မေးတော့ "မြန်မာစာ ဌာန တောင်ငူဆောင် သွားချင်တာ။ ကားတွေကလည်း ရှုပ်နေတာရယ်၊ တက္ကသိုလ်ဝင်ပေါက်လည်း မတွေ့လို့" ပြောပြလိုက်ပါတယ်။

ယာဉ်ထိန်းရဲကြီးအကူအညီနဲ့ ပြည်လမ်းမဘက်က ဝင်လို့ရတဲ့ တံခါးပေါက်အသေးလေး ဝေဿလီဆောင် ဘက်ကနေ ဝင်ခဲ့တယ်။ ဝေဿလီဆောင်သမိုင်းဌာနနဲ့ ကပ်လျက်မှာ တောင်ငူဆောင် (မြန်မာစာဌာန) ရှိတာကို မသိတော့ တွေ့သမျှလူကို မြန်မာစာဌာနရှိရာ တောင်ငူ ဆောင်ကို ခဏခဏမေးမိတယ်။ အမေးခံရတဲ့သူတိုင်း ကလည်း အံ့ဩတကြီးနဲ့ ကြည့်နေတယ်။ အဲဒါနဲ့ တောင်ငူ ဆောင်ရှေ့ရောက်မှန်းမသိ ရောက်ခဲ့တယ်။ သူငယ်ချင်း အဖော်မပါဘဲ စိတ်ပူစွာနဲ့ ရှာဖွေနေရတဲ့ တက္ကသိုလ်ကြီးကို ရောက်ခဲ့ပါပြီ။ တစ်မနက်လုံး စိတ်စောစွာနဲ့ ရှာဖွေနေရတဲ့၊ ငယ်စဉ်က စောင့်မျှော်နေရတဲ့ နေရာတစ်ခုကို ရောက်ရှိခွင့် ရလိုက်တဲ့အခါ ဘယ်လိုမှ ဖော်ပြလို့မရအောင် ကြည်နူး ရပါတယ်။

**ဂုဏ်လည်းယူမိ**

ဆယ်ကျော်သက်အရွယ်ကတည်းက တိတ်တခိုး စိတ်ကူးယဉ်ခဲ့ရတဲ့ ရန်ကုန်တက္ကသိုလ်ကြီးမှာ ပညာသင်ခွင့် ရလိုက်တဲ့အတွက် ပျော်လည်းပျော်၊ ဂုဏ်လည်းယူမိပါတယ်။ တောင်ငူ ဆောင် မြန်မာစာဌာနမှာ ပထမနှစ်ဂုဏ်ထူးတန်း တက်ရောက်ခဲ့ရတာဟာ အတွေ့အကြုံတွေကလည်း အများကြီးပါ။ စာရေးသူတို့ မြန်မာစာဌာန အာစရိယ ပူဇော်ပွဲဆို စည်စည်ကားကားနဲ့ ပျော်စရာကောင်းပါတယ်။ စာရေးသူတို့ ဂုဏ်ထူးတန်းတက်နေချိန်မှာ ကိုယ့်ရှေ့မှာ မြန်မာစာတက်နေတဲ့ အနုပညာရှင်တွေလည်း ရှိနေခဲ့ ပါတယ်။ ရုပ်ရှင်သရုပ်ဆောင် မချစ်ချစ်ဇော်က မဟာဝိဇ္ဇာ ကျမ်းပြု၊ အဆိုတော်စုစုစန္ဒီက နောက်ဆုံးနှစ် (မြန်မာစာ) တက်နေချိန်လည်း ဖြစ်ပါတယ်။ စာရေးသူတို့နဲ့အတူ ဂုဏ်ထူးတန်းတက်နေသူတွေထဲမှာ လူရွှင်တော် ဦးအရိုင်းရဲ့ ညီလည်းပါတယ်။ အဲဒီအချိန်က မြန်မာစာဌာန အာစရိယ ပူဇော်ပွဲဆို အနုပညာရှင်တွေရော မြန်မာစာက လူရွှင်တော် တွေပါ ပွဲထုတ်ပေးတော့ အင်မတန်စည်ကားပါတယ်။

ရန်ကုန်တက္ကသိုလ်တက်ခွင့်ရဖို့ ကြိုးစားရင်းနဲ့ မြန်မာစာမေဂျာကို ယူခဲ့ရာမှာ မြန်မာစာပေကို ပိုပြီး လေးစားစိတ်တွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မြန်မာစာသင်ကြား ပေးခဲ့တဲ့တက္ကသိုလ်က ဆရာကြီး ဆရာမကြီးတွေရဲ့ သင်ကြားဆုံးမမှုတွေဟာ စာရေးသူအတွက် တန်ဖိုး မဖြတ်နိုင်ခဲ့ပါဘူး။ အဲဒီလိုနဲ့ ၁၉၉၅ ခုနှစ် တတိယနှစ် ဂုဏ်ထူးတန်း တက်ရောက်နေစဉ်မှာပဲ ရန်ကုန် တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် စာတမ်းဖတ်ပွဲ၊ ဈေးရောင်းပွဲ၊ ပျော်ပွဲရွှင်ပွဲတွေနဲ့လည်း ကြုံကြိုက်ခဲ့ရလို့ မမေ့ပါဘူး။

**အမှတ်တရအရှိဆုံးနေရာ**

မိမိရဲ့ ဆရာကြီး ဆရာမကြီးတွေကို အားကျပြီး ကြိုးစားခဲ့လိုက်တာ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့တွေကို အမိရန်ကုန် တက္ကသိုလ်ကြီးမှာပဲ ပညာတွေ ဆက်လက်သင်ခဲ့ရပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ အဓိကနေရာများထဲမှ စာရေး သူအနှစ်သက်ဆုံးနေရာတွေကတော့ မြန်မာစာဌာနရှိရာ တောင်ငူဆောင်၊ ဦးချစ်လက်ဖက်ရည်ဆိုင်၊ တက္ကသိုလ် စာကြည့်တိုက်၊ ဘွဲ့နှင်းသဘင်ခန်းမကြီးတို့က စာရေးသူ ဘဝအတွက် အမှတ်တရအရှိဆုံးနေရာတွေပါ။

အခုဆိုရင် စာရေးသူတောင် တက္ကသိုလ်ဆရာမ ဘဝကို ရောက်ရှိခဲ့တာ ၁၉ နှစ် တိုင်ခဲ့ပါပြီ။ အမိရန်ကုန် တက္ကသိုလ်ကြီးက နှစ်စဉ်ပညာရှင်တွေ မွေးထုတ်ပေးခဲ့ တာ နှစ် ၁၀၀ ခရီးတိုင် ရောက်ရှိခဲ့ပါပြီ။ အမိရန်ကုန် တက္ကသိုလ်ကြီးနဲ့ပတ်သက်တဲ့ အမှတ်တရများစွာထဲက အချို့ကိုသာ ခံစားရေးသားထားခြင်း ဖြစ်ပါတယ်။ အမိရန်ကုန်တက္ကသိုလ်ကြီးရဲ့ အကြောင်းတွေကို ဘယ်အချိန် စာဖွဲ့ဖွဲ့၊ ကဗျာရေးရေး၊ တေးသီချင်းဆိုဆို ကုန်နိုင်မယ် မထင်ပါ။ အမိရန်ကုန်တက္ကသိုလ်ရဲ့ နှစ်(၁၀၀) ပြည့်ခရီးမှသည် ရတုအဆက်ဆက်တိုင်အောင် တည်တံ့ခိုင်မြဲအောင်မြင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ။

**ဝေဿလီဆောင်သမိုင်းဌာနနဲ့ ကပ်လျက်မှာ တောင်ငူဆောင် (မြန်မာစာဌာန) ရှိတာကိုမသိတော့ တွေ့သမျှလူကို မြန်မာစာဌာနရှိရာ တောင်ငူဆောင်ကို ခဏခဏမေးမိတယ်။ အမေးခံရတဲ့သူတိုင်းကလည်း အံ့ဩတကြီးနဲ့ ကြည့်နေတယ်။ အဲဒါနဲ့ တောင်ငူဆောင်ရှေ့ရောက်မှန်းမသိ ရောက်ခဲ့တယ်။ သူငယ်ချင်းအဖော်မပါဘဲ စိတ်ပူစွာနဲ့ ရှာဖွေနေရတဲ့ တက္ကသိုလ်ကြီးကို ရောက်ခဲ့ပါပြီ။ တစ်မနက်လုံး စိတ်စောစွာနဲ့ ရှာဖွေနေရတဲ့၊ ငယ်စဉ်က စောင့်မျှော်နေရတဲ့ နေရာတစ်ခုကို ရောက်ရှိခွင့် ရလိုက်တဲ့အခါ ဘယ်လိုမှ ဖော်ပြလို့မရအောင် ကြည်နူးရ**



### စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဒေါက်တာသီတာမြင့် ကထိက (မြန်မာစာ) ပင်လုံတက္ကသိုလ်။
- အဘ ဦးလှမြင့်၊ အမိ ဒေါ်မြင့်မြင့်ရီတို့မှ ၁၇-၁၀-၁၉၇၂ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။
- ၁၉၉၀ ပြည့်နှစ်တွင် အထက (၄) ဗိုလ်တထောင် အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ခဲ့သည်။
- ၁၉၉၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာ ဌာနမှ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ ၂၀၀၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (အထူးအောင်)၊ ၂၀၀၂ ခုနှစ်တွင် မဟာသုတေသနဘွဲ့၊ ၂၀၀၇ ခုနှစ်တွင် "မြဝတီ မင်းကြီးဦးစ၏ ဘွဲ့သီချင်းများ လေ့လာချက်" ကျမ်းဖြင့် ပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။
- ၂၀၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မြန်မာစာဌာန၌ နည်းပြ၊ လက်ထောက်ကထိက၊ ကထိကတာဝန်များ ထမ်းဆောင်ခဲ့သည်။
- ၂၀၁၉ ခုနှစ် စက်တင်ဘာလမှစတင်ကာ ပင်လုံ တက္ကသိုလ် မြန်မာစာဌာနသို့ ကထိကရာထူးဖြင့် ပြောင်းရွှေ့တာဝန် ထမ်းဆောင်လျက်ရှိပါသည်။

# ရန်ကုန်တက္ကသိုလ် အမှတ်တံဆိပ်နှင့် ဆောင်ပုဒ်

မိမိုးအေး (အရှေ့တိုင်းပညာ)



ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။

၁၉၂၀ ပြည့်နှစ်က စတင်မွေးဖွားခဲ့တဲ့ အမိတက္ကသိုလ်ကြီး ၂၀၂၀ ပြည့်နှစ်မှာ မွေးနေ့ နှစ်(၁၀၀)ပြည့်ပါပြီ။ သမိုင်းတစ်လျှောက် ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ မြင့်ခြင်း၊ နိမ့်ခြင်းစတဲ့ လောကဓံတရားတွေကို ကြံ့ကြံ့ခံပြီး အသက် ၁၀၀ တိုင်ခဲ့ပါပြီ။ သားသမီးတွေ ပျော်ရွှင်ရယ်မောရင် သူလည်း အတူပျော်ခဲ့ပြီး သားသမီးတွေ ဝမ်းနည်းကြေကွဲရင်တော့ တိတ်တဆိတ် ငိုကြွေးနေခဲ့မှာပါ။ သမိုင်းကြောင်းလှခဲ့တဲ့ အမိတက္ကသိုလ်အတွက် အမြဲဂုဏ်ယူရသလို အမိတက္ကသိုလ်ရဲ့ သားသမီးဖြစ်ခွင့်ရခဲ့တာကိုလည်း ကျေနပ်ဂုဏ်ယူလို့ မဆုံးပါဘူး။ ရာပြည့်မွေးနေ့မှာ သားသမီးတစ်ယောက်အနေနဲ့ မွေးနေ့လက်ဆောင်အဖြစ် ဒီစာလေးကို ပေးချင်ပါတယ်ရှင်။

## ကိုယ်ပိုင်အမှတ်တံဆိပ်နဲ့ ဆောင်ပုဒ်တွေ

ကျွန်မတို့ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်ကောလိပ်တိုင်းမှာ တက္ကသိုလ်ရဲ့ ကိုယ်ပိုင်အမှတ်တံဆိပ်နဲ့ ဆောင်ပုဒ်တွေရှိကြပါတယ်။ လှပပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ အမှတ်တံဆိပ်နဲ့ ဆောင်ပုဒ်တွေချည်းပါပဲ။ ရန်ကုန်တက္ကသိုလ်ရဲ့ အမှတ်တံဆိပ်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကိုတော့ ကျွန်မအများကြီး မတွေ့ခဲ့ရပါဘူး။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၀ နဲ့ ၂၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာမှာ ဆရာကြီး ဒေါက်တာသန်းဦးရေးတဲ့ **ရန်ကုန်တက္ကသိုလ်၏ နှစ် ၁၀၀ ဘဝခရီးစဉ်**ဆိုတဲ့ ဆောင်းပါးမှာ ကျွန်မသိချင်တဲ့ အချက်တွေရခဲ့ပါတယ်။ ဆရာကြီးကိုလည်း ကျေးဇူးတင်စွာဖြင့် ကန်တော့ပါတယ်ရှင်။

ဆရာကြီးဆောင်းပါးထဲက အချက်တွေကို ကိုးကားပြီးပြောရရင် ရန်ကုန်တက္ကသိုလ် ပထမပိုင်းဘဝနဲ့ ဒုတိယပိုင်းဘဝ (၁၉၂၀ – ၁၉၄၂၊ ၁၉၄၂ – ၁၉၄၈) ကာလတွေရဲ့ မူလတံဆိပ် (Logo) မှာ အင်္ဂလိပ်ဘာသာနဲ့ပဲ ရေးသားထားတာကို တွေ့ရပါတယ်။ ဓာတ်ပုံမှာ မြင်ရတဲ့အတိုင်း ပြောပြရရင် တံဆိပ်ရဲ့ထိပ်မှာ ပါဠိစာကြောင်းကို အင်္ဂလိပ်(ရောမ)အက္ခရာနဲ့ NATTHI VIJJA SAMAM MITTAM (နတ္ထိ ဝိဇ္ဇာ သမံ မိတ္တံ) လို့ ရေးထိုးထားပါတယ်။ တံဆိပ်ရဲ့ အလယ်မှာတော့ ကဒေါင်းပုံ ပါရှိပါတယ်။ တံဆိပ်ရဲ့ အောက်ပိုင်းမှာတော့ WITH TRUTH AND LOYALTY (သစ္စာနှင့်သမာဓိ) လို့ ရေးထိုးထားတာ တွေ့ရပါတယ်။

အဲဒီအမှတ်တံဆိပ်ကိုပဲ ၁၉၆၄ ခုနှစ် နောက်ပိုင်းတွင် WITH TRUTH AND LOYALTY ဆိုတဲ့ စာသားနေရာမှာ စပါးနှံဝန်းရံထားတဲ့ပုံစံနဲ့ အစားထိုးပြောင်းလဲထားခဲ့ပါတယ်။ ပြောင်းလဲလိုက်တဲ့တံဆိပ်ကို ရန်ကုန်တက္ကသိုလ်အမှတ်တံဆိပ်အဖြစ် အခုလက်ရှိအချိန်အထိ သတ်မှတ်သုံးစွဲနေပါတယ်။ ဒါကတော့ တံဆိပ် (Logo) ရဲ့ သမိုင်းလေးပါ။

## အဓိပ္ပာယ်ရှိစွာ ဖွင့်ဆိုရေးသား

တံဆိပ်နဲ့အတူ တွဲလျက်တွေ့နိုင်တာကတော့ တက္ကသိုလ်ရဲ့ ဆောင်ပုဒ်ပါပဲ။ ဆောင်ပုဒ်တွေကိုတော့ ကိုယ့်တက္ကသိုလ်နဲ့ကိုယ် အဓိပ္ပာယ်ရှိစွာ ဖွင့်ဆိုရေးသားကြပါတယ်။ တချို့လည်း မြန်မာလိုရေးကြပြီး တချို့လည်း ပါဠိလိုရေးကြပါတယ်။ မြန်မာလို ရေးသားထားတဲ့ ဆောင်ပုဒ်တွေထဲက ကျွန်မလက်လှမ်းမီသလောက် ပြောပြရရင် ‘ပညာသာမှ လူမျိုးသာမည်’၊ ‘ပညာပြည့်ဝ နှလုံးလှ’၊ ‘ပညာရွှေအိုး’၊ ‘ပညာဝေဆာ မန္တလာ’၊ ‘ပညာတိုးမြှင့် တိုင်းကျိုးတင့်’၊ ‘ပညာတန်ဆောင် အလင်းရောင်’၊ ‘ပညာတန်ဆောင် ပြည့်ကျိုးဆောင်အံ့’၊ ‘ပညာဖွံ့ဖြိုး ပြည့်အကျိုး’၊ ‘အားလုံးဆောင်ရွက်၊ အားလုံးတွက်တည့်’ ဆိုတာတွေပဲ ဖြစ်ပါတယ်။ ကျွန်မ လက်လှမ်းမမီတာတွေလည်း ရှိပါသေးတယ်။

မြန်မာလိုမဟုတ်ဘဲ ပါဠိလို ရေးသားကြတာတွေလည်း ရှိပါတယ်။ ဒါလည်း ကျွန်မတွေ့မိသလောက် ပြောရရင် ‘ပညာ သမာ အာဘာ နတ္ထိ’(ပညာနှင့်တူသော အလင်းရောင်မရှိ)၊ ‘ပညာယ အတ္ထံ ဇာနာတိ’ (ပညာဖြင့် အနက်အဓိပ္ပာယ်ကိုသိ၏)၊ ‘ပညာ နရာနံ ရတနံ’ (ပညာသည် လူတို့၏ ရတနာ)၊ ‘ဝိဇ္ဇာ သိပ္ပံ ပရမံ ပညံ’(အသိအတတ်ပညာတို့သည် အမြတ်ဆုံး)၊ ‘ဣဓ လောကေ သိပ္ပံ မိတ္တံ’ (ဤလောက၌ အတတ်ပညာသည် မိတ်ဆွေ)၊ ‘နတ္ထိ ဝိဇ္ဇာ သမံ မိတ္တံ’ (အတတ်ပညာနှင့်တူသော မိတ်ဆွေမရှိ)၊ ‘ပညာ ဇီဝိံ ဇိဝတမာဟု သေဋ္ဌံ’ (ပညာဖြင့် အသက်မွေးခြင်းသည် အကောင်းဆုံးဖြစ်၏) စတာတွေပဲ ဖြစ်ပါတယ်။ ဆေးတက္ကသိုလ်တွေမှာတော့ ကရုဏာ မေတ္တာနဲ့ ပြုစုလုပ်ကိုင်ပေးခြင်းလို့ အဓိပ္ပာယ်ရတဲ့ ‘ဥပဋ္ဌာနံ အနုကမ္ပာ ဒယာ’၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှာ ကျန်းမာခြင်းသည် လာဘ်တစ်ပါးလို့ဆိုတဲ့ ‘အာရောဂျ ပရမာ လာဘာ’ ဆိုပြီး ဆောင်ပုဒ်တွေမှာ ပါဠိဘာသာနဲ့ ရေးသားထားကြပါတယ်။

## ပညာရဲ့ အရေးပါ အရာရောက်ပုံတွေကိုပဲ ဖော်ညွှန်း

မြန်မာဘာသာနဲ့ပဲဖြစ်ဖြစ်၊ ပါဠိဘာသာနဲ့ပဲဖြစ်ဖြစ် ဒီဆောင်ပုဒ်တွေကို ကြည့်လိုက်ရင် ပညာရပ်ဝန်းမှာ ပညာရဲ့ အရေးပါ အရာရောက်ပုံတွေကိုပဲ ဖော်ညွှန်းပြနေတာ တွေ့ရပါတယ်။ အမိရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဆောင်ပုဒ်ကတော့ အပေါ်မှာ ပြောခဲ့တဲ့အတိုင်း ပါဠိဘာသာနဲ့ ရေးထားတဲ့ **‘နတ္ထိ ဝိဇ္ဇာ သမံ မိတ္တံ’** ပါပဲ။ ပါဠိ တစ်လုံးချင်းစီရဲ့ မြန်မာလို အဓိပ္ပာယ်ပေးရရင် ‘ဝိဇ္ဇာသမံ – အတတ်ပညာနှင့်တူသော၊ မိတ္တံ – မိတ်ဆွေသည်၊ နတ္ထိ – မရှိ’ လို့ ဖြစ်ပါတယ်။ လောကနီတိကျမ်းထဲက ကောက်နုတ်ထားတာ ဖြစ်ပါတယ်။

**မြန်မာဘာသာနဲ့ပဲဖြစ်ဖြစ်၊ ပါဠိဘာသာနဲ့ပဲဖြစ်ဖြစ် ဒီဆောင်ပုဒ်တွေကို ကြည့်လိုက်ရင် ပညာရပ်ဝန်းမှာ ပညာရဲ့ အရေးပါ အရာရောက်ပုံတွေကိုပဲ ဖော်ညွှန်းပြနေတာ တွေ့ရပါတယ်။ အမိရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဆောင်ပုဒ်ကတော့ ပါဠိဘာသာနဲ့ ရေးထားတဲ့ ‘နတ္ထိ ဝိဇ္ဇာ သမံ မိတ္တံ’ ပါပဲ။ ပါဠိ တစ်လုံးချင်းစီရဲ့ မြန်မာလို အဓိပ္ပာယ်ပေးရရင် ‘ဝိဇ္ဇာသမံ - အတတ်ပညာနှင့်တူသော၊ မိတ္တံ - မိတ်ဆွေသည်၊ နတ္ထိ - မရှိ’ လို့ဖြစ်။**

ဒီဆောင်ပုဒ်လေးအကြောင်းမပြောခင်မှာ ဆောင်ပုဒ်ရဲ့ မူရင်းကျမ်းအကြောင်း နည်းနည်းပြောချင်ပါတယ်။ လောကနီတိဆိုတဲ့ကျမ်းဟာ ‘နီတိ’ နာမည် တပ်ထားတဲ့ လူမှုရေးလမ်းညွှန် စာပေအမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံ ပါဠိစာပေနယ်မှာ အစောဆုံးနဲ့ အပြည့်စုံဆုံး ကျမ်းတစ်စောင်ပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်ဝန်းကျင် ပင်းယခေတ်မှာ စတုရင်္ဂဗလအမတ်ကြီးက ပါဠိဘာသာနဲ့ ရေးသားခဲ့တာ ဖြစ်ပါတယ်။ အမတ်ကြီးဟာ လောကဓမ္မ ရာဇဝေဒ(သေနင်္ဂ) ဆိုတဲ့ အရာတွေမှာသာမက ပါဠိသက္ကတ ဘာသာတွေကိုပါ ကျွမ်းကျင်တတ်မြောက်တဲ့သူ ဖြစ်ပါတယ်။ တိုင်းရေးပြည်ရေးတွေ၊ အမျိုး ဘာသာ သာသနာ၊ ပညာကြီးပွားကြောင်းတွေ၊ အလုပ်အကိုင် အကြံအစည်တွေ လုပ်ကိုင်ဆောင်ရွက်ကြရာမှာ မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်နိုင်ဖို့ လမ်းညွှန်ပြသထားတဲ့ ကျမ်းတစ်စောင် ဖြစ်ပါတယ်။

စာမျက်နှာ ၈ သို့ ❍



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- ❖ အမည်ရင်း ဒေါ်မိမိုးအေး ဖြစ်သည်။
- ❖ ရန်ကုန်တက္ကသိုလ်မှ အရှေ့တိုင်းပညာ အထူးပြုဖြင့် ၁၉၉၁ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ ၁၉၉၅ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ၂၀၁၁ ခုနှစ်တွင် ပါရဂူဘွဲ့များကို ရန်ကုန်တက္ကသိုလ်မှရရှိခဲ့သည်။
- ❖ ၁၉၉၅ ခုနှစ်တွင် မော်လမြိုင်တက္ကသိုလ်၌ နည်းပြအဖြစ် စတင်အမှုထမ်းပါသည်။ ဒဂုံတက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် လက်ထောက်ကထိက၊ ကထိက ရာထူးများ ထမ်းဆောင်ခဲ့သည်။
- ❖ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် တွဲဖက်ပါမောက္ခတာဝန် ထမ်းဆောင်ခဲ့သည်။
- ❖ ၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဘားအံတက္ကသိုလ်တွင် ပါမောက္ခ/ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ❖ ၂၀၁၉ ဒီဇင်ဘာလမှစတင်ပြီး ယနေ့အထိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အရှေ့တိုင်းပညာဌာနတွင် ပါမောက္ခ/ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

# စီးပွားရေးကို အွန်လိုင်းစနစ်သို့ ကူးပြောင်းခြင်းလမ်းညွှန် (Good Practice Guide –GPG) များ ထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စီးပွားရေးကို အွန်လိုင်းစနစ်သို့ ကူးပြောင်းခြင်းလမ်းညွှန် (Good Practice Guide –GPG) များ၏ အွန်လိုင်းမိတ်ဆက် အခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျနိုင်ငံသံရုံး၊ Austrade၊ AustCham နှင့် နည်းပညာအထောက်အပံ့ပေးသူ Trade Worthy အဖွဲ့အစည်းတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။



အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း၊ မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျသံရုံးမှ ပထမအတွင်းဝန် Mr. Dylan Roux နှင့် မြန်မာနိုင်ငံအခြေစိုက် Austrade ရုံးမှ Senior Trade Commissioner ဖြစ်သူ Mr. Jeff Turner တို့က အဖွင့်အမှာစကားများ ပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်ကပ်ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း သမားရိုးကျပုံစံဖြင့် ရောင်းချခြင်းမှ အွန်လိုင်းစီးပွားရေးပုံစံသို့ ကူးပြောင်းလိုသည့် စားသောက်ကုန်စုံရောင်းချသည့် လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် လူသုံးကုန်ပစ္စည်း လက်လီရောင်းချခြင်း လုပ်ငန်းများအတွက် အထောက်အကူပြုအဖြစ် သြစတြေးလျနိုင်ငံ၊ DFAT ၏ ရန်ပုံငွေအထောက်အပံ့ဖြင့် Trade Worthy အဖွဲ့အစည်း၏ နည်းပညာအကူအညီကိုရယူကာ လမ်းညွှန်လေးမျိုးကို ထုတ်ဝေခြင်းဖြစ်သည်။

GPG များတွင် အစိုးရ၏ စည်းမျဉ်းများနှင့် Industry Practice များနှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် အွန်လိုင်းသို့ ကူးပြောင်းရောင်းချရာ၌ ဆောင်ရွက်လေ့ရှိသည့် အဆင့်များနှင့် အကြံပြုချက်များ၊ ကိုဗစ်ကပ်ရောဂါ ကူးစက်မှုကို တားဆီးလျှော့ချနိုင်ရေး ဆောင်ရွက်သင့်သည့် အချက်များ ပါဝင်ဖော်ပြထားသည်။

မိတ်ဆက်အခမ်းအနားတွင် ကပ်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကို အွန်လိုင်းစနစ်သို့ ကူးပြောင်းရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ အခက်အခဲများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း အစီအစဉ်ပါဝင်ပြီး ကုန်သွယ်ရေးဦးစီးဌာနကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလေး၊ GPG များကို ပြုစုရာတွင် အချက်အလက်များ ထောက်ပံ့ကူညီပေးခဲ့သည့် Industry Reference Group လုပ်ငန်းများအနက် Oway LLC မှ Founder and CEO ဦးနေအောင်နှင့် City Mart Holding Co.,Ltd. မှ Project Director Mr. Ronald Lee တို့က ပါဝင်ဆွေးနွေးခဲ့ပြီး Trade Worthy အဖွဲ့အစည်းမှ Mr. Danny Burrows က Moderator အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဆွေးနွေးပွဲတက်ရောက်သူများက မေးမြန်းသည့် မေးခွန်းများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြသည်။

GPG များသည် ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) ပါ လုပ်ငန်းစဉ်များကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်သည်။ "စီးပွားရေးကို အွန်လိုင်းစနစ်သို့ ကူးပြောင်းခြင်းလမ်းညွှန်" Good Practice Guide (GPG) များကို https://trade-worthy.com/good-practice-guides-myanmar/ တွင် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် အခမဲ့ Download ရယူဖတ်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ **ပြည်ပမှ**

ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

○ **စာမျက်နှာ ၇ မှ**

ဒီပါဠိစာကြောင်းလေးဟာ လောကနီတိကျမ်းထဲက ဂါထာနံပါတ် ၂၃ မှာပါတဲ့ ပါဒလေးတစ်ခုပါ။ ဂါထာတစ်ခုလုံးကတော့ –

**နတ္ထိ ဝိဇ္ဇာသမံ မိတ္တံ၊ န စ ဗျာဓိသမော ရိပု။**
**န စ အတ္တသမံ ပေမံ၊ န စ ကမ္မသမံ ဗလံ။** လို့ ဖြစ်ပါတယ်။

'အတတ်ပညာနှင့် တူညီသော မိတ်ဆွေမရှိ။ အနာရောဂါနှင့် တူညီသော ရန်သူမရှိ။ မိမိကိုယ်နှင့် တူညီသော ချစ်သူမရှိ။ ကံနှင့် တူညီသော ခွန်အားမရှိ' လို့ အဓိပ္ပာယ်ရပါတယ်။ အတူမရှိတဲ့ တရားလေးပါးကို ပြောပြထားတာ ဖြစ်ပါတယ်။ ပိုပြီးရှင်းအောင် ပြောရရင်တော့ လောကမှာ အတတ်ပညာသာ အကောင်းဆုံးမိတ်ဆွေ ဖြစ်တယ်။ အနာရောဂါဟာ အကြီးမားဆုံးရန်သူဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ်သာ အချစ်ဆုံးဖြစ်ပြီး ကိုယ်နဲ့ထပ်တူချစ်ရတဲ့သူ မရှိဘူး။ ကိုယ်ကိုယ်တိုင် လုပ်လိုက်တဲ့ အလုပ်ထက် ပိုပြီး အစွမ်းထက်တဲ့ အင်အားမရှိဘူးလို့ ဆိုလိုတာပဲ ဖြစ်တယ်။

'နတ္ထိ ဝိဇ္ဇာသမံ မိတ္တံ' ဆိုတဲ့ အမိရန်ကုန်တက္ကသိုလ်ရဲ့ ဆောင်ပုဒ်ကတော့ အတတ်ပညာဟာ ကိုယ့်အတွက် အမြဲတမ်း မိတ်ဆွေစစ်ဖြစ်တယ်ဆိုတာကို ဖော်ညွှန်းထားတာပါ။ လောကမှာ ကိုယ့်ရဲ့အကျိုးစီးပွားကို ရွက်ဆောင်ပေးတဲ့သူကို မိတ်ဆွေလို့ ဆိုအပ်ပါတယ်။ ဒီနေရာမှာ ကိုယ့်ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ပေးတဲ့ သက်ရှိ၊ သက်မဲ့အားလုံးကို မိတ်ဆွေလို့ ဆိုနိုင်ပါတယ်။ အဲဒီနှစ်မျိုးထဲကမှ သက်မဲ့ဖြစ်ပေမယ့် ကောင်းကျိုးပြုတဲ့ အတတ်ပညာဟာလည်း ကိုယ့်အတွက် မိတ်ဆွေပဲ ဖြစ်ပါတယ်။ ဗုဒ္ဓကတော့ မိတ်ဆွေကောင်းရှိတာဟာ အကျိုးစီးပွားအားလုံးကို ပြီးမြောက်စေတယ်လို့ ဆိုထားပါတယ်။

**အတတ်ပညာမိတ်ဆွေ**

ကိုယ့်ရဲ့ အကျိုးစီးပွားကို ရွက်ဆောင်ပေးတဲ့ မိတ်ဆွေစစ်တွေကတော့ မိဘ၊ ဆရာတို့ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ကိုယ့်ကို သက်ဆုံးတိုင် လိုက်ပါစောင့်ရှောက်နိုင်မှာ မဟုတ်ပါဘူး။ ဒီလိုပဲ ကိုယ့်ရဲ့အားကိုးအားထားပြုရတဲ့မိတ်ဆွေကောင်း အပေါင်းအသင်းဆိုတာကလည်း သူ့သက်တမ်းတစ်လျှောက်လောက်သာ ကူညီနိုင်မှာပါ။ ကိုယ်က လုံ့လဝီရိယနဲ့ သင်ယူဆည်းပူးထားတဲ့ အတတ်ပညာမိတ်ဆွေကတော့ ကိုယ့်ကို သက်ဆုံးတိုင် လိုက်ပါစောင့်ရှောက်ပေးမှာဖြစ်ပါတယ်။ ကိုယ့်ရဲ့ သက်တမ်းတစ်လျှောက် ထာဝရအကူအညီရရှိနေမှာ ဖြစ်တယ်။ အတတ်ပညာကသာ ထာဝရမိတ်ဆွေစစ်ဖြစ်တာကြောင့် အတတ်ပညာနဲ့တူညီတဲ့ မိတ်ဆွေမရှိဘူးလို့ နီတိဆရာက ဆိုထားတာ ဖြစ်ပါတယ်။

ဒီနေရာမှာ 'ဝိဇ္ဇာ' ဆိုတဲ့ ဝေါဟာရဟာ အတတ်ပညာကိုရော အသိပညာကိုပါ အနက်အဓိပ္ပာယ် ဖော်ဆောင်ပါတယ်။ အမိတက္ကသိုလ်ဟာ 'တက္ကသီလာ'လို့ ဆိုတဲ့အတိုင်း 'အတတ်ပညာအထူးထူးကို ကြံဆလေ့ရှိသောသူတို့၏ နေထိုင်ရာမြို့တော်' ပဲ ဖြစ်ပါတယ်။ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဝိနယ၊ ပါစိတ္တိယ ပါဠိတော် မြန်မာပြန်မှာ ဖော်ပြထားတယ်။ ၁၉၃၀ ပြည့်နှစ်လောက်မှာ 'University' ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရကို ပါဠိပါမောက္ခ ဆရာကြီးဦးဖေမောင်တင်က အဓိပ္ပာယ်ပြီးပြည့်စုံတဲ့ 'တက္ကသိုလ်' လို့ နာမည်ပေးခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်၏ တံဆိပ်(Logo)နဲ့ ဆောင်ပုဒ်ဟာ အနှစ်သာရနဲ့ ပြည့်စုံလှပါတယ်။ နှစ်တစ်ရာအတွင်းမှာ အသိပညာရှင် အတတ်ပညာရှင်ပေါင်းများစွာကို မွေးထုတ်ပေးခဲ့ပါတယ်။ ကမ္ဘာသိ မြန်မာသိ ပုဂ္ဂိုလ်ပေါင်းများစွာဟာ အမိတက္ကသိုလ်ရဲ့ သားသမီးတွေဖြစ်နေကြတာဟာ အင်မတန်ဂုဏ်ယူစရာပါပဲရှင်။ နယ်ပယ်အသီးသီးမှာ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပြီး ထမ်းဆောင်နေကြဆဲလည်း ဖြစ်ပါတယ်။ တချို့လည်း ကိုယ့်အကျိုးထက် တိုင်းပြည်အကျိုးကို ဦးစားပေးလို့ အမိတက္ကသိုလ်ကို စွန့်လွှတ်ခဲ့ကြရပါတယ်။ လူသေသွားပေမယ့် အမိတက္ကသိုလ်သမိုင်းမှာ နာမည်တွင်ကျန်ရစ်သူတွေလည်း အများကြီးပါပဲ။

**ပခုံးပြောင်း တာဝန်ယူ**

အမိတက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ အလေ့အကျင့်ကောင်းတွေကြောင့် ရောက်ရာအရပ်ဒေသမှာ ကျရာတာဝန်ကို အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်နိုင်ခဲ့ကြပါတယ်။ အရင်ဆောင်ပုဒ်အဟောင်းမှာ ပါသလို WITH TRUTH AND LOYALTY (သစ္စာနှင့် သမာဓိ) ကို အထူးအလေးထားတဲ့ ပညာရပ်ဝန်းကြီးက မွေးဖွားလိုက်တဲ့ လူတော်လူကောင်းတွေအဖြစ် လောကအလယ်မှာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ကြပါတယ်။ အခုဆိုရင် မျိုးဆက်ဟောင်းတို့ ချန်ရစ်ခဲ့တဲ့ ကောင်းမွေတွေကို မျိုးဆက်သစ်တို့ လက်ဆင့်ကမ်းပြီး အမိတက္ကသိုလ်ကြီးကို ပိုမိုကောင်းမွန်တဲ့ ပညာရပ်ဝန်းဖြစ်အောင် ပုံဖော်ဖို့ ပခုံးပြောင်း တာဝန်ယူနေကြပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်သိပ္ပံတွေရဲ့ အဦးအစ ပထမတက္ကသိုလ်ကြီးအဖြစ် နှစ်တစ်ရာတိုင် ရပ်တည်ခဲ့ပါပြီ။ အတတ်ပညာ အသိပညာအမျိုးမျိုးကို သင်ကြားပေးနေတဲ့ တက္ကသိုလ်ကြီးတွေမှာ မိတ်ဆွေနဲ့တူတဲ့ပညာကို သင်ယူလေ့လာနေကြတဲ့ မျိုးဆက်သစ်မောင်မယ်တွေကို ကိုယ်အထူးပြုလေ့လာနေတဲ့ ဘာသာရပ်တွေမှာ ထူးချွန်ပေါက်မြောက်အောင် ကြိုးစားသင်ယူကြဖို့ကိုလည်း မျိုးဆက်လတ် တစ်ယောက်အနေနဲ့ တိုက်တွန်းချင်ပါတယ်ရှင်။ မိတ်ဆွေအစစ်အမှန်ဖြစ်တဲ့ ကိုယ်ကျွမ်းကျင်တတ်မြောက်ထားတဲ့ အသိပညာ၊ အတတ်ပညာတွေကို ကိုယ့်အတွက်ရော ကိုယ့်ဝန်းကျင်အတွက်သာမက လူ့အဖွဲ့အစည်းအတွက်ကိုပါ အကျိုးရှိအောင် အသုံးချနိုင်သူတွေအဖြစ် အမိတက္ကသိုလ်တိုင်းက မြင်ချင်နေမှာပါ။

သမိုင်းကြောင်းကောင်းတဲ့ ပညာရပ်ဝန်း အမိတက္ကသိုလ်ကြီး ဒီထက်ပိုပြီး ကျန်းမာပါစေ။ အသက်ရှည်ပါစေ။ အနာဂတ် နှစ်နှစ်ရာ၊ နှစ်သုံးရာမက မွေးနေ့ပေါင်းများစွာကို ဖြတ်သန်းနိုင်ပါစေကြောင်း ချစ်စွာသော နှလုံးသားဖြင့် လှိုက်လှိုက်လှဲလှဲ ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတယ်ရှင်။ ။



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံသို့ ရှေးဟောင်းရွှေထည်ပစ္စည်းများ ဒုတိယအကြိမ် လာရောက်အပ်နှံ

**မုံရွာ ဒီဇင်ဘာ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံသို့ မြောင်မြို့နယ် ကျောင်းဖြူကျေးရွာ၏ အနောက်ဘက် ပေ ၁၀၀၀ ခန့်အကွာ ရောဝတီမြစ်လက်တက်တွင် ချောင်းရေတိုက်စား၍ ကမ်းပါးပြိုကျထားသည့် နေရာများတွင် ဒေသခံငါးဦးတို့က တွေ့ရှိခဲ့သည့် ရှေးဟောင်းရွှေထည်ပစ္စည်းငါးမျိုးနှင့် ဟသ်ာရုပ်တစ်ခုတို့ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အတူ ယနေ့နံနက် ၁၀ နာရီက ဒုတိယအကြိမ် လာရောက်အပ်နှံပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုကဲ့သို့ ရှေးဟောင်းပစ္စည်းများ လာရောက်အပ်နှံမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို မြတ်နိုးတန်ဖိုးထားရမည်ဖြစ်ကြောင်း၊ အဆိုပါပစ္စည်းများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ပေးပို့သွားမည်ဖြစ်ပြီး ပညာရှင်အဖွဲ့က စစ်ဆေး၍ မူလ ရွှေထည်တန်ဖိုးအပြင် ခေတ်ကာလတန်ဖိုးနှင့် အနုစိတ်လက်ရာကြေးတို့ကို ဖြည့်စွက်ပေါင်းထည့်၍ ထိုက်တန်စွာ ထပ်မံဆုချီးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပစ္စည်းတွေ့ရှိသူ ဒေသခံငါးဦးအတွက် ကြိုတင်ဆုကြေးငွေကျပ် ၄၄၈၀၀၀၀ ကို ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ ဒေသခံငါးဦးတို့က ပထမအကြိမ်အဖြစ် တွေ့ရှိခဲ့သည့် ရှေးဟောင်းရွှေထည်ပစ္စည်းခြောက်မျိုးနှင့် ဟသ်ာရုပ်တစ်ခုတို့ကို ဒီဇင်ဘာ ၁၄ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ လာရောက်အပ်နှံပေးခဲ့ရာ အဆိုပါ ဒေသခံခြောက်ဦးအတွက် ကြိုတင်ဆုကြေးငွေကျပ် ၅၁ သိန်းကို ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ယွန်းလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ တတိယအကြိမ်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**
မြန်မာ့ယွန်းလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ နည်းပညာ၊ အသိပညာ၊ ဗဟုသုတများ တိုးပွားစေပြီး စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ယွန်းလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင် က အဖွင့်မှာစကားပြောကြားပြီး ဘာသာရပ်ဆိုင်ရာ ပြင်ပကျွမ်းကျင်ပညာရှင်သုံးဦးတို့က ယွန်းလက်မှုထုတ်ကုန်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သောနည်းပညာများနှင့် မြန်မာ့ယွန်းထည်လုပ်ငန်း၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် ဈေးကွက်ဖော်ဆောင်ရန် သုံးသပ်ချက်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ယွန်းပညာကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး /ပြည်နယ်များမှ တိုင်းဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် ဝန်ထမ်းများ၊ ယွန်းလုပ်ငန်းရှင်များနှင့် ပြင်ပမှ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

○ မြဝတီမှ
ဟိုဘက်မှာတော့ ဖွင့်စရာရော နေရာရော အဆင်သင့်ပဲ၊ ကျွန်တော်တို့ဘက်က သွားရလာရမယ့်သူတွေ ကုန်စည်ဒိုင်တစ်ခုဖွင့်ပြီဆို ကုန်သည်တွေသွားရမယ်၊ လူကြီးတွေလာရမယ်၊ ထိုင်းနိုင်ငံက ကုန်သည်တွေကို ဒီဘက်ကို ဖိတ်ရမယ်၊ အဲဒီလိုအခြေအနေမျိုး၊ ကိုဗစ်က ရှိနေလို့၊ အမှန်တော့ အခုလာမယ့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတတိယပတ်ထဲမှာ ဖွင့်ဖို့ ကြိုးစားနေတယ်" ဟု ၎င်းက ဆက်ပြောသည်။

ထိုသို့ မြဝတီ ပြောင်းကုန်စည်ဒိုင်ကို လာမည့်နှစ် ဇန်နဝါရီလအတွင်း ဖွင့်လှစ်ရန် ကြိုးပမ်းခြင်းမှာ ဖေဖော်ဝါရီ ၁ ရက်မှစ၍ ထိုင်းနိုင်ငံသို့ အခွန်လွတ်ဖြင့် ပြောင်းတင်ပို့ခွင့် ရရှိတော့မည်ဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံမှ ပြောင်းစိုက်တောင်သူများ၏ အကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် ပြောင်းစိုက်ရာသီတွင် ပြောင်းတင်သွင်းလိုပါက အခွန်အခ တိုးမြှင့်ကောက်ခံသော်လည်း ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ အခွန်လွတ်ဖြင့် တင်ပို့ခွင့်ပြုထားသည်။

ထိုင်းနိုင်ငံအနေဖြင့်လည်း နှစ်စဉ် ပြည်ပမှ ပြောင်းတန်ချိန် ငါးသန်း တင်သွင်းနေသည့် နိုင်ငံဖြစ်သည်။ လက်ရှိ မြန်မာ့ပြောင်းကို နယ်စပ်ကုန်သွယ်ရေးဖြင့် အဓိကတင်ပို့သည့် တရုတ်နိုင်ငံအပြင် လာအို၊ ထိုင်းစသော နိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းမှ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်တို့ကို တင်ပို့နေကာ ပြောင်းတစ်တန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၃၀ မှ ၂၄၀ ကြား ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ပြည်တွင်း ပြောင်းသုံးစွဲမှုမှာလည်း ယခင်နှစ်များထက်များလာသဖြင့် ယခုနှစ် ပြည်ပပြောင်းတင်ပို့မှုကို တန်ချိန် ၁ ဒသမ ၆ သန်းခန့် တင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ပြည်ပသို့ ပြောင်းတန်ချိန် ၂ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ကျော်ထိ ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများအရ သိရသည်။

လက်ရှိ ပြောင်းကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးပြီး စုစုပေါင်း ပြောင်းစိုက်ဧက ခန့်မှန်းခြေ ၁ ဒသမ ၁၂ သန်းရှိကာ တစ်နှစ်လျှင် ဆောင်းပြောင်း၊ နွေပြောင်း၊ မိုးပြောင်းဟူ၍ လေးလတစ်ကြိမ် ထွက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၂ ဒသမ ၅ သန်းမှ သုံးသန်းကျော်ထိ ရှိသည်။ **ငြိမ်းငြိမ်း**

# ၂၀၂၁ ခုနှစ် ပဲရာသီအတွက် အစောဆုံးထွက်ရှိလာသည့် မတ်ပဲများ အဖွင့်ဈေးကောင်း

**မန္တလေး ဒီဇင်ဘာ ၁၈**
၂၀၂၁ ခုနှစ် ပဲရာသီအတွက် မတ္တရာဒေသမှ အစောဆုံးထွက်ရှိလာသည့် ပေါ်ဦး ပေါ်ဖျား မတ်ပဲများ မန္တလေးဈေးကွက်တွင် အဖွင့်ဈေး ကောင်းမွန်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ မတ်ပဲသီးနှံမှာ ဈေးကွက်အတွင်းသို့ နတ်တော်လဆန်း ၁ ရက်နေ့မှ စတင်ဝင်ရောက်လာပြီး အထွက်နှုန်းနှင့် အရည်အသွေးပိုင်းများလည်း ကောင်းမွန်လျက်ရှိသည့်အပြင် ပြီးခဲ့သည့်နှစ် ကာလတူရာသီက အဖွင့်ဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းသာရှိခဲ့သော်လည်း ယခုနှစ်တွင် ငွေကျပ် ၉၅၀၀၀ နှုန်းဖြင့် အဖွင့်ဈေးစခဲ့ကြောင်း မန္တလေးမြို့ရှိ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)ထံမှ သိရသည်။

" မတ်ပဲက မြန်မာနိုင်ငံရဲ့ အဓိကပြည်ပပို့ကုန် ပဲအမျိုးအစားဖြစ်တယ်။ ဒီပဲကို ပုံမှန်အားဖြင့် အိန္ဒိယနိုင်ငံကိုပဲ အဓိကအားထားပြီး ရောင်းချနေရတာပါ။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ မတ်ပဲဈေးနှုန်းက အိန္ဒိယနိုင်ငံ ပဲဈေးကွက်လှုပ်ခတ်မှုအပေါ်မှာ မူတည်နေတယ်လို့ပြောရမှာပဲ။ အိန္ဒိယက မြန်မာနိုင်ငံရဲ့ မတ်ပဲကို ၂၀၁၈ ခုနှစ်လောက်ကစပြီး ကန့်သတ်ဝယ်ယူမှုတွေရှိတာကြောင့် သုံးတင်းဝင်တစ်အိတ်ကို ၄၀၀၀၀ နှုန်းထိ ကျဆင်းသွားခဲ့လို့ တောင်သူတွေ အခက်အခဲတွေနဲ့ ကြုံတွေ့ခဲ့ရဖူးသလို ယခုနှစ်အတွင်းမှာ သုံးတင်းဝင်တစ်အိတ်ကို ၁၂၅၀၀၀ နှုန်းအထိ ဈေးမြင့်တက်ခဲ့လို့ ဝမ်းသာပျော်ရွှင်မှုတွေလည်း ခံစားရပါတယ်။ လက်ရှိမှာလည်း အိန္ဒိယက ၂၀၂၁ ခုနှစ် မတ်လကုန်အထိ မတ်ပဲကို တန်ချိန် ၁၅၀၀၀၀ ဝယ်ယူဖို့ စာချုပ်ချုပ်ထားတယ်လို့ သိရပါတယ်" ဟု ၎င်းက ပြောသည်။



မြန်မာနိုင်ငံမှ ထွက်ရှိသည့် မတ်ပဲကို တရုတ်နိုင်ငံကလည်း လွန်ခဲ့သည့် လေးနှစ်ခန့်ကတည်းက စတင်ဝယ်ယူမှုများရှိခဲ့သော်လည်း ဈေးနှုန်းမြင့်တက်လာပါက ဝယ်ယူမှုများရပ်တန့်သွားခဲ့ကြောင်း သိရသည်။ မတ်ပဲကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌ ဩဂုတ်လအတွင်း စတင်စိုက်ပျိုးကာ ဇန်နဝါရီလအတွင်း၌ လှိုင်လှိုင်ပေါ်ထွက်လေ့ရှိပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း၌ လှိုင်လှိုင်ထွက်ပေါ်လေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❂ ရန်ကုန်မှ
ပုဂ္ဂလိကဆရာဝန်များအသင်း(SML)အဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးသို့ ဝင်ရောက်လာကြသည့် ကုန်တင်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား အစုကြီးကျေးရွာအုပ်စု မိုင်တိုင်အမှတ် (၈/၅) ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဧရာဝတီတိုင်းဒေသကြီးသို့ ထွက်ခွာကြမည့် ကုန်တင်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ကို မရွှေဥကျေးရွာအုပ်စု မိုင်တိုင်အမှတ်(၁၄/၂)ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်တွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုင်တိုင်အမှတ်(၈/၅) ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်ကို အောက်တိုဘာ ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်အထိ ဖြတ်သန်းသွားလာလျက်ရှိသည့် ကုန်တင်ယာဉ် ၃၃၈၇ စီးတို့ရှိ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၅၇၈၉ ဦးတို့ကို စစ်ဆေးခဲ့ရာ ရောဂါပိုးတွေ့ရှိသူ ၇၃ ဦးနှင့် မိုင်တိုင်အမှတ်(၁၄/၂) ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်ကို အောက်တိုဘာ ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်အထိ ဖြတ်သန်းသွားလာလျက်ရှိသည့် ကုန်တင်ယာဉ် ၅၅၆၄ စီးတို့ရှိ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၀၁၁၇ ဦးတို့ကို ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ရာ ၁၄၃ ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ထို့အပြင် ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများကို သက်ဆိုင်ရာကုသရေးစင်တာများသို့ တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့များပူးပေါင်းကာ ပို့ဆောင်လျက်ရှိသကဲ့သို့ ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိသည့် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို သတ်မှတ်ပုံစံများအတိုင်း ကိုဗစ်-၁၉ ရောဂါ ခံတွင်ခွဲနမူနာ ကျန်းမာရေးထောက်ခံချက်များ ထုတ်ပေးကာ ကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှုမရှိစေရေး ကုန်တင်ယာဉ်များကို ဖြတ်သန်းသွားလာခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

■

# သရက်ချောင်းမြို့နယ် ကဏန်းဘေးမဲ့ဇုန်အတွင်း ကဏန်းများ ဘေးမဲ့လွှတ်

**သရက်ချောင်း ဒီဇင်ဘာ ၁၈**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးဆောင်မှုဖြင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ ပူးပေါင်း၍ သရက်ချောင်းမြို့နယ် ပိတိုင်ကျေးရွာ လေ့ဆိပ်တွင် ဒီရေတောကဏန်း ဘေးမဲ့ဇုန် ၁၁၅ ဧကအတွင်းသို့ ကဏန်းမျိုးစိုက်ထည့်ခြင်းနှင့် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း အခမ်းအနားကို ယမန်နေ့က ပြုလုပ်သည်။

မျိုးစိုက်ထည့်သည့် ကဏန်းများကို ကမြိုင်၊ ပြင်းဖြူကြီး၊ ပိတိုင်၊ ဆင်ကျွန်းကျေးရွာများနှင့် ထားဝယ်မြို့ ကဏန်းဒိုင်လုပ်ငန်းရှင်များမှ ပေးပို့လာသော ကဏန်းကောင်ရေ ၃၀၁၅ ကောင်၊ ပိဿာချိန် ၁၀၀ ခန့်၊ တန်ဖိုးငွေကျပ် ရှစ်သိန်းခန့်အား ဒီရေတောကဏန်းဘေးမဲ့ဇုန်အတွင်းသို့ မျိုးစိုက်ခဲ့ပြီး ပိတိုင် ကျေးရွာလေ့ဆိပ်၊ ပြင်းဖြူကြီးကျေးရွာလေ့ဆိပ်တို့နှင့် ဒီရေတော ကဏန်းဘေးမဲ့ဇုန် ၁၁၅ ဧကတို့တွင် မြေစိုက်ပိုစတာဆိုင်းဘုတ်များနှင့် သတိပေးတားမြစ်ခြင်း ပိုစတာများကို စိုက်ထူခဲ့သည်။

အဆိုပါ ဒီရေတောကဏန်းဘေးမဲ့ဇုန်အား ၂၀၁၀ ပြည့်နှစ် မတ် ၁ ရက်မှ စတင်ခွင့်ပြုခဲ့သည့် မျိုးသုဉ်းခြင်းမှ ကြိုတင်ကာကွယ်ထိန်းသိမ်းနိုင်စေရန်၊ ရေရှည်စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်စေရန်နှင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဒီရေတော ကဏန်းမျိုးစိုက်ထည့်ခြင်းအား ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားဝင်လမ်းကြောင်းကနေ ငွေကြေးစီးဆင်းမှုတွေဟာ ဘဏ်အချင်းချင်း နိုင်ငံခြားငွေကြေးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျကြီးမားတာကို လျော့နည်းစေမှုနဲ့ တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါတယ်

**ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်း**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းအား ပြည်ပငွေလွှဲလုပ်ငန်း၊ ပြည်ပငွေလွှဲလိုင်စင်ကိစ္စတို့နှင့်ပတ်သက်၍ ယနေ့တွင် ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည် -**

မေး။ ပြည်ပငွေလွှဲလုပ်ငန်းကို အရင်က ဘယ်လို လုပ်ဆောင်ခဲ့ပါသလဲ။ အခုမှ ပထမဆုံး ခွင့်ပြုပေးခဲ့တာလားဆိုတာလေး သိချင်ပါတယ်။

**ဖြေ။** ၂၀၁၂ ခုနှစ် ဩဂုတ်လမှာ ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ အခန်း(၃)အရ နိုင်ငံဖြတ်ကျော်ပြီး ငွေလွှဲလုပ်ငန်း လုပ်ကိုင်ခြင်းကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားတဲ့ လုပ်ငန်းလိုင်စင်ရရှိတဲ့ ဘဏ်တွေကနေတစ်ဆင့် ဆောင်ရွက်နိုင်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယနေ့အထိ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားတဲ့ လုပ်ငန်းလိုင်စင် (AD လိုင်စင်)ကို ပြည်တွင်းဘဏ် ၂၄ ဘဏ်နဲ့ နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ခုကို ထုတ်ပေးထားပါတယ်။

ဥပဒေအရ အဲဒီဘဏ်တွေက နိုင်ငံဖြတ်ကျော်ငွေလွှဲလုပ်ငန်း (Remittance Business) ကို ဆောင်ရွက်နိုင်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Western Union၊ MoneyGram တို့လို နိုင်ငံတကာငွေလွှဲကုမ္ပဏီတွေနဲ့ အထက်ကပြောခဲ့တဲ့ AD လိုင်စင်ရဘဏ်တွေ ပူးပေါင်းပြီး ပြည်ပကနေ မြန်မာနိုင်ငံအတွင်းကို ငွေလွှဲပေးပို့ခြင်းနဲ့ ပြည်တွင်းကနေ ပြည်ပကို ငွေလွှဲပေးပို့ခြင်းကို ဆောင်ရွက်ခွင့်ပြုထားပါတယ်။ ဒီနေ့အထိ ငွေလွှဲကုမ္ပဏီ ၁၃ ခုကို ဘဏ် ၁၄ ဘဏ်နဲ့ ပူးပေါင်းဆောင်ရွက်ခွင့်ပြုထားပါတယ်။ အခုတင်ပြခဲ့တဲ့ ငွေလွှဲလုပ်ငန်းတွေကတော့ ဘဏ်ကနေ တစ်ဆင့်သော်လည်းကောင်း၊ ဘဏ်နဲ့ ချိတ်ဆက်ထားတဲ့ ငွေလွှဲကုမ္ပဏီတွေနဲ့သော်လည်းကောင်း ပြည်ပငွေလွှဲလုပ်ငန်းကို ဆောင်ရွက်နေကြောင်း တင်ပြခြင်းဖြစ်ပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံနဲ့ ပြည်ပနိုင်ငံတွေအကြား အထူးသဖြင့် စင်ကာပူ၊ ထိုင်း၊ မလေးရှားနိုင်ငံတို့အကြား တရားမဝင်ငွေလွှဲ (ဟွန်ဒီ) လုပ်ငန်းတွေလည်းရှိပါတယ်။ အဓိကအားဖြင့်တော့ ကုန်သွယ်မှုမှာ ကုန်တန်ဖိုးကိုအမှန်မဖော်ပြဘဲ တန်ဖိုးပိုပြခြင်း၊ တန်ဖိုးလျှော့ပြခြင်းတွေ ပြုလုပ်ပြီး ပိုငွေ၊ လိုငွေကို ပေးပို့တာတွေ၊ ပြည်ပနိုင်ငံတွေမှာရှိတဲ့ မြန်မာအလုပ်သမားတွေရဲ့ လုပ်ခလစာတွေကို လွှဲပို့တာ၊ ဆေးကုသစရိတ်၊ ပညာသင်စရိတ် စတာတွေအတွက် ငွေလွှဲတွေ ဆောင်ရွက်တာကို ဟွန်ဒီလမ်းကြောင်းကနေတစ်ဆင့် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေရာမှာ ဆက်စပ်ဆွေးနွေးလိုတာက ကမ္ဘာနဲ့အဝန်း နိုင်ငံတကာအစိုးရတွေ ပါဝင်ဖွဲ့စည်းထားတဲ့ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF) ဆိုတာရှိပါတယ်။ ဒီအဖွဲ့အစည်းက ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးမှာ နိုင်ငံတကာစံတွေ သတ်မှတ်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဌာနချုပ်က ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ရှိပါတယ်။

တရားမဝင်ငွေလွှဲ (ဟွန်ဒီ) လုပ်ငန်းတွေမှာ တရားဝင်ဘဏ်လမ်းကြောင်းကို အသုံးပြုပြီး ငွေလွှဲပြောင်းရာမှာ တင်ပြရတဲ့ စာရွက်စာတမ်းတွေတင်ပြဖို့မလိုဘဲ ငွေလွှဲပြောင်းခြင်းကို အလွယ်တကူပြုလုပ်နိုင်တဲ့အတွက် ဟွန်ဒီကို အများအပြား အသုံးပြုလာကြပါတယ်။ အထူးသဖြင့် ကုန်သွယ်မှုမှရငွေ၊ ပို့ကုန်ရငွေကို မြန်မာနိုင်ငံအတွင်းကို ပြန်လည်လွှဲပြောင်းခြင်း မရှိသည့်အပြင် သွင်းကုန်အတွက် ပေးချေမှုတွေကိုလည်း ဘဏ်လမ်းကြောင်းကို အသုံးမပြုဘဲ တရားမဝင်ငွေလွှဲပြောင်းစနစ်ဖြင့် ပေးချေကြတာ၊ အဓိကအားဖြင့် နိုင်ငံခြားမှာထားရှိတဲ့ ပို့ကုန်ရငွေတွေကနေ ပေးချေမှုတွေကို ပြုလုပ်တာတွေကြောင့် တရားမဝင်ငွေကြေး စီးဆင်းမှုများ အလွန်များပြားလာခဲ့ပါတယ်။

ငွေရေးကြေးရေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့(FATF)ရဲ့ ဒေသဆိုင်ရာ ပုံစံတူအဖွဲ့အစည်းဖြစ်တဲ့ အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (The Asia/Pacific Group on Money Laundering – APG) ရဲ့ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးမှာ မြန်မာနိုင်ငံမှာ တရားမဝင်နည်းလမ်းနဲ့ရရှိတဲ့ ငွေကြေးစီးဆင်းမှု (illicit flow) ဟာ တရားဝင်ငွေကြေးစီးဆင်းမှု (licit flow) ထက် လေးဆခန့်များပြားကြောင်း ဆွေးနွေးထောက်ပြခဲ့ပါတယ်။ ဒ့ါအပြင် APG ရဲ့ ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံအပေါ် စိစစ်သုံးသပ်ချက်အစီရင်ခံစာအရ မြန်မာနိုင်ငံဟာ ယခုလို တရားမဝင် ငွေကြေးစီးဆင်းမှုတွေကို ထိန်းချုပ်နိုင်မှုအားနည်းတယ်လို့ အကဲဖြတ်ခံထားရပါတယ်။



ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်း

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ပြုလုပ်တဲ့ FATF ရဲ့ မျက်နှာစုံညီအစည်းအဝေးမှာ အဲဒီအချက်အပါအဝင် ချို့ယွင်းအားနည်းချက်တွေကြောင့် မြန်မာနိုင်ငံကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးမှာ အားနည်းချက်တွေရှိလို့ စောင့်ကြပ်ကြည့်ရှုရမယ့် နိုင်ငံစာရင်းမှာ ထည့်သွင်းပြီး FATF က သူ့ရဲ့ Public Statement မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီစာရင်းကို တစ်နည်းအားဖြင့် Grey List ဟု ခေါ်ပြီး အဲဒီစာရင်းမှာပါဝင်ရင် မြန်မာနိုင်ငံကို ဝင်ရောက်ဖို့ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဘဏ်လုပ်ငန်းဆောင်ရွက်ချက်တွေအပေါ် အနုတ်လက္ခဏာသက်ရောက်မှုတွေ ရှိပါတယ်။

မြန်မာနိုင်ငံကို ၂၀၁၁ ခုနှစ်မှာ Grey List အတွင်းကို ပထမအကြိမ်ထည့်သွင်းခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ ယင်းစာရင်းကနေ ပယ်ဖျက်ခဲ့ပါတယ်။ Grey List ကနေ ပယ်ဖျက်ခြင်းခံခဲ့ရတဲ့ ၂၀၁၆ ခုနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) အများဆုံးဝင်ရောက်တဲ့နှစ်ဖြစ်ပါတယ်။ ပထမအကြိမ် Grey List အတွင်း ရောက်ရှိတုံးက ခြောက်နှစ်ကြာခဲ့ပြီး၊ Grey List ထဲကို ထည့်သွင်းခံရပြီးတဲ့နောက် ပြန်ထွက်ဖို့ အချိန်များစွာ ကြာမြင့်ပါတယ်။ အဲဒီလို စာရင်းဝင်ခြင်းဟာ စီးပွားရေးလုပ်ငန်းတွေအပေါ် အနုတ်လက္ခဏာသက်ရောက်မှုတွေရှိပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူမပြုပါဘူး။

အဲဒီအချက်တွေအရ တရားမဝင်ငွေကြေးစီးဆင်းမှု လျော့နည်းစေဖို့အတွက် အခု နိုဝင်ဘာလ ၁၈ ရက်နေ့က ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ငါးခုကို ပထမဦးဆုံးအကြိမ် ထုတ်ပေးခဲ့ပါတယ်။

မေး။ ပြည်ပငွေလွှဲလိုင်စင်ကို ပထမဆုံးအနေနဲ့ ကုမ္ပဏီ ဘယ်နှခုကို ခွင့်ပြုပေးခဲ့သလဲ။ ဘယ်လို ရည်ရွယ်ချက်နဲ့ ခွင့်ပြုခဲ့ပါသလဲ။

**ဖြေ။** အထက်မှာ ဆွေးနွေးခဲ့တဲ့အတိုင်း ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ကို ကုမ္ပဏီငါးခုဖြစ်တဲ့ (၁) Ok Zune Co., Ltd (၂) 2C2P Plus (Myanmar) Co., Ltd (၃) Wakhema Trading Co., Ltd (၄) Top Shine General Services Co., Ltd နဲ့ (၅) OKM Global Remittance Co., Ltd တို့ကို ထုတ်ပေးခဲ့ပါတယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့ ခွင့်ပြုခဲ့သလဲဆိုတာကို ဆက်လက်ဆွေးနွေးပါမယ်။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က) တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်ပငွေလွှဲလုပ်ငန်း (Money Remittance Services or Money Value Transfer – MVT) ကို မြန်မာနိုင်ငံမှာ ဖွဲ့စည်းတည်ထောင်ထားတဲ့ကုမ္ပဏီတွေကို လုပ်ကိုင်ခွင့်ပြုဖို့အတွက် "ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာစည်းမျဉ်း"ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ၁၅-၁၁-၂၀၁၉ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ပြည်ပငွေလွှဲလုပ်ငန်း တစ်နည်းအားဖြင့် နိုင်ငံဖြတ်ကျော်ငွေလွှဲခြင်းလုပ်ငန်းကို ဗဟိုဘဏ်က ထုတ်ပြန်တဲ့ စည်းမျဉ်းမှာ ပြည်ပငွေလွှဲလုပ်ငန်း (Remittance business) လို့ သုံးနှုန်းထားပြီး၊ အဲဒီလုပ်ငန်းကို တရားမဝင်ဆောင်ရွက်ခြင်းကို Hundi/ Hawala လို့ သုံးနှုန်းပါတယ်။

အထက်မှာ ဆွေးနွေးခဲ့တဲ့အတိုင်း FATF က နိုင်ငံအများ လိုက်နာဆောင်ရွက်ဖို့ စံသတ်မှတ်ချက် (ဒီနေရာမှာ အကြံပြုချက်လို့ဆိုပါတယ်။) တွေ ထုတ်ပြန်ထားပြီး အဲဒီစံသတ်မှတ်ချက်တွေကတော့ အကြံပြုချက် ၄၀ ဖြစ်ပါတယ်။ အဲဒီအကြံပြုချက် ၄၀ ကို ၂၀၁၉ ခုနှစ်မှာ update ပြုလုပ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအားလုံးက လိုက်နာရမယ့် အကြံပြုချက်ဖြစ်ပါတယ်။ အဲဒီ အကြံပြုချက် ၄၀ ရဲ့ အမှတ်စဉ် ၁၄ ကတော့ Money or Value Transfer Services (MVTs) ဖြစ်ပြီး ငွေကြေး သို့မဟုတ် တန်ဖိုးကို လွှဲပြောင်းတဲ့လုပ်ငန်း ဖြစ်ပါတယ်။ အထက်ပါ ပြည်ပငွေလွှဲလုပ်ငန်းကို FATF ရဲ့ အသုံးအနှုန်းမှာ MVTsဖြစ်ပြီး အဆိုပါလုပ်ငန်းဆောင်ရွက်သူတွေကို MVTs provider လို့ ရည်ညွှန်းသုံးနှုန်းပါတယ်။ MVTs ဟာ နိုင်ငံဖြတ်ကျော်ငွေလွှဲပြောင်းဆောင်ရွက်ရာမှာ (အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားတွေက မိခင်နိုင်ငံကို ပြန်လည်လွှဲပြောင်းရာမှာ အများဆုံးအသုံးပြုပါတယ်။) ကုန်ကျစရိတ်အသက်သာဆုံး၊ အလျင်မြန်ဆုံး ငွေလွှဲရောက်ရှိတဲ့ နည်းလမ်းဖြစ်တဲ့အတွက် အခြေခံလူတန်းစားတွေ အများဆုံး အသုံးပြုကြပါတယ်။

ရွှေ့ပြောင်းလုပ်သား အများအပြားရှိတဲ့နိုင်ငံတွေ အနေနဲ့ အထူးအားပေးဆောင်ရွက်နေတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအချက်ကို အခွင့်ကောင်းယူပြီး ငွေကြေးခဝါချမှု (ML) နဲ့ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု (TF) အန္တရာယ်ဆုံးရှုံးနိုင်ခြေ ကြီးမားတာကြောင့် FATF က သူ့ရဲ့ အကြံပြုချက် (၄၀) ရဲ့ အကြံပြုချက် ၁၄ "Money or Value Transfer Services" မှာ နိုင်ငံတွေအနေနဲ့ MVTs provider တွေကို လိုင်စင် သို့မဟုတ် မှတ်ပုံတင်ခြင်း ဆောင်ရွက်ဖို့၊ အဲဒီလို လိုင်စင် သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိတဲ့ တရားမဝင်လုပ်ငန်းတွေကို သတ်မှတ်ဖော်ထုတ်အရေးယူဖို့၊ လိုင်စင် သို့မဟုတ် မှတ်ပုံတင်ထားပြီးတဲ့ လုပ်ငန်းတွေကို သေချာကြပ်မတ်ကွပ်ကဲဖို့ ဆောင်ရွက်ရန် အကြံပြုထားပါတယ်။

မြန်မာနိုင်ငံဟာ FATF ရဲ့ ပုံစံတူဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်တဲ့ APG ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် သူ့ရဲ့ နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်း (Mutual Evaluation) ဒုတိယအကြိမ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတို့မှာ ခံယူခဲ့ရပြီး Mutual Evaluation Report (MER) ကို ၂၀၁၈ ခုနှစ်မှာ အတည်ပြုခဲ့ပါတယ်။ အဲဒီ MER မှာ အကြံပြုချက် ၁၄ ပါ အချက်တွေကို မြန်မာနိုင်ငံအနေနဲ့ လိုက်နာအကောင်အထည်ဖော်မှု အားနည်းတာကြောင့် အကြံပြုချက် ၁၄ မှာ မြန်မာနိုင်ငံက Non-compliant (NC) ရရှိခဲ့ပါတယ်။

၂၀၁၈ ခုနှစ် စက်တင်ဘာလ (MER adopted) ကနေ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း တိုးတက်ဆောင်ရွက်မှုတွေကြောင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ တရုတ်နိုင်ငံ ပေကျင်းမြို့မှာပြုလုပ်တဲ့ APG Joint Group (APJG) meeting အပြီးမှာ မြန်မာနိုင်ငံက တိုးတက်ဆောင်ရွက်ရမယ့် Action Plan ၁၃ ချက်အနက် MVTs နဲ့ ပတ်သက်တဲ့ အချက်က "Demonstrate the implementation of the regulation related to hundi/ hawala providers, including outreach registration and supervision" ဖြစ်ပါတယ်။ အကောင်အထည်ဖော်ရမယ့် Deadline မှာ ၂၀၂၁ ခုနှစ် မေလဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှာ APG က ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံအတွက် ဒုတိယအကြိမ် နောက်ဆက်တွဲအစီရင်ခံစာမှာ အကြံပြုချက် ၁၄ ကို တစ်စိတ်တစ်ပိုင်းလိုက်နာခြင်း (partially compliant – PC) အဖြစ် အဆင့်တိုးတက်ရရှိခဲ့ပါတယ်။

အထက်မှာ ဆွေးနွေးခဲ့တဲ့အတိုင်း မြန်မာနိုင်ငံအနေနဲ့ ပြည်ပငွေလွှဲလုပ်ငန်းများကို တရားဝင်လိုင်စင်ထုတ်ပေးဖို့ လိုအပ်လာပြီး တရားမဝင်ငွေလွှဲလုပ်ငန်းများကို အသုံးပြုပြီး ငွေကြေး စီးဝင်၊ စီးထွက်ခြင်းများ လျော့နည်းလာစေဖို့နဲ့ တရားဝင်ငွေလွှဲလုပ်ငန်းများ ပေါ်ပေါက်ထွန်းကားလာစေဖို့ ရည်ရွယ်ပြီး အခုလို စည်းမျဉ်းများပြဋ္ဌာန်းပြီး ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ကို ထုတ်ပေးခြင်းဖြစ်ပါတယ်။

တရားမဝင်ငွေလွှဲလမ်းကြောင်းကို အသုံးပြုတာနည်းပါးလာပြီး ဘဏ်နဲ့အခုလိုင်စင် ထုတ်ပေးလိုက်တဲ့ ကုမ္ပဏီတွေကနေတစ်ဆင့် ငွေလွှဲပြောင်းဆောင်ရွက်တဲ့ တရားဝင်လမ်းကြောင်း တိုးတက်အသုံးပြုလာရင် ဘဏ်လုပ်ငန်းစနစ်ထဲကို ငွေများစီးဝင်လာမှာဖြစ်ပါတယ်။ ဒီလိုစီးဝင်လာတဲ့ငွေတွေဟာ တရားဝင်ငွေကြေးတွေဖြစ်လို့ နိုင်ငံအပေါ် FATF လို အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်သည့်အဖွဲ့အစည်းတွေရဲ့ သုံးသပ်အကဲဖြတ်ချက်များ တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။

တရားဝင်ငွေကြေးတွေ စီးဝင်လာတာဟာ နိုင်ငံရဲ့ နိုင်ငံခြားငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုပါတယ်။ ကျွန်မအနေနဲ့ ဆက်လက်ပြီးတော့ ဘဏ်အချင်းချင်း နိုင်ငံခြားငွေကြေးဈေးကွက် (Interbank Foreign Exchange Market) အကြောင်း အနည်းငယ် ဖြည့်စွက်ဆွေးနွေးလိုပါတယ်။

ဘဏ်အချင်းချင်း နိုင်ငံခြားငွေကြေးဈေးကွက် (Interbank Foreign Exchange Market) ကို ၂၀၁၃ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး နိုင်ငံခြားသုံးငွေတွေ ရောင်းဝယ်ဖောက်ကားတဲ့ လုပ်ငန်းလိုင်စင်(AD) ရရှိတဲ့ ဘဏ် (၃၇) ဘဏ်က ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ Interbank Foreign Exchange Market မှာ ဘဏ်အချင်းချင်း ရောင်းဝယ်တဲ့ဈေးကွက် (Interbank Market) နဲ့ ဘဏ်နဲ့ customer တွေအကြား ရောင်းဝယ်တဲ့ဈေးကွက် (Bank-Customer Market)ဆိုပြီး နှစ်ပိုင်းရှိပါတယ်။ စတင်တည်ထောင်တဲ့ ၂၀၁၃ ခုနှစ်မှာ ဘဏ်အချင်းချင်း နိုင်ငံခြားငွေကြေးဈေးကွက်ရဲ့ ရောင်းဝယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၄၅ သန်းသာ ရှိခဲ့ရာကနေ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလီယံအထိ ရောင်းဝယ်မှုပမာဏ တိုးတက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာတော့ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီယံအထိ ရှိနေပြီဖြစ်ပါတယ်။ အခုလို ဘဏ်အချင်းချင်းနိုင်ငံခြားငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာခြင်းဟာ တရားမဝင်လမ်းကြောင်းကနေ ငွေများတရားဝင်လမ်းကြောင်းကို ဝင်ရောက်လာလို့ဖြစ်ပါတယ်။ အလွန်ကောင်းမွန်တဲ့အချက်ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မတင်ပြလိုတာက တရားဝင်လမ်းကြောင်းကနေ ငွေကြေးစီးဆင်းမှုတွေဟာ ဘဏ်အချင်းချင်း နိုင်ငံခြားငွေကြေးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး အဲဒီကနေတစ်ဆင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျကြီးမားတာကို လျော့နည်းစေပါတယ်။ အဲဒီအချက်တွေက တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုပါတယ်။

မေး။ ပြည်ပငွေလွှဲလိုင်စင်ခွင့်ပြုပေးခဲ့တဲ့ ကုမ္ပဏီတွေအနေနဲ့ ဘယ်တော့စပြီး လုပ်ငန်းလည်ပတ်ရမလဲ။ တစ်ကြိမ်ငွေလွှဲခွင့် အနည်းဆုံးနဲ့ အများဆုံးက ဘယ်လောက် သတ်မှတ်ထားပါသလဲ။

**ဖြေ။** ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာစည်းမျဉ်းအရ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင် ထုတ်ပေးတဲ့နေ့ကနေစပြီး သုံးလအတွင်း လုပ်ငန်းစတင်ဆောင်ရွက်ရပါမယ်။ စည်းမျဉ်း အပိုဒ် ၈ အရ "ငွေလွှဲလက်ခံမှု သို့မဟုတ် ငွေလွှဲပေးပို့မှုတစ်ကြိမ်ကို အများဆုံး လွှဲပြောင်းနိုင်တဲ့ ပမာဏက အမေရိကန်ဒေါ်လာ ၁၀၀၀ နဲ့ ညီမျှတဲ့ ပမာဏဖြစ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးအတွက် ငွေလွှဲလက်ခံမှု သို့မဟုတ် ငွေလွှဲပေးပို့မှုပြုနိုင်တဲ့ ပမာဏက တစ်လကို အမေရိကန်ဒေါ်လာ ၅၀၀၀ နဲ့ ညီမျှတဲ့ ပမာဏထက် မပိုစေရ" လို့ သတ်မှတ်ဖော်ပြထားပါတယ်။ အများဆုံး လွှဲပြောင်းနိုင်တဲ့ပမာဏက တစ်ကြိမ်ကို အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြစ်ပါတယ်။

အခုလို စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

**သတင်းအဖွဲ့**

# ရန်ပုံငွေအလွဲသုံးစားမှုစွပ်စွဲချက်များအပေါ် ဖြေရှင်းရန်အသင့်ရှိကြောင်း ဂျပန်ဝန်ကြီးချုပ်ဟောင်း အာဘေး ပြောကြား

**တိုကျို ဒီဇင်ဘာ ၁၈**

ရန်ပုံငွေအလွဲသုံးစားမှုပြုခဲ့သည်ဟူသော စွပ်စွဲမှုများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ လာရောက်ဖြေရှင်းရန် မိမိအနေဖြင့် အသင့်ရှိပါကြောင်း ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးက ယနေ့တွင် ပြောကြားသည်။

အာဘေး၏ လစ်ဘရယ်ဒီမိုကရက်တစ် ပါတီမှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ကြားကာလအတွင်း ဟိုတယ်ကြီးများတွင် ကျင်းပသည့်ပါတီ ညစာစားပွဲများ၏စရိတ်ကို ကာမိစေရန်အတွက် နိုင်ငံရေးဆိုင်ရာရန်ပုံငွေ ယန်း ကိုးသန်းကျော်ကို ထုတ်ယူအသုံးပြုခဲ့ကြောင်း ပြိုင်ဘက်ပါတီများဘက်မှ စွပ်စွဲထားခြင်းဖြစ်သည်။ အဆိုပါကိစ္စရပ်အပေါ် နိုင်ငံတော်တရားရေးအရာရှိများက စုံစမ်းလျက်ရှိပြီး အာဘေး၏ ပါတီဝင်တစ်ဦးက ပါတီ၏ ဝင်ငွေနှင့် အသုံးစရိတ်အားလုံးကို စာရင်းဇယားအတိအကျဖြင့် တရားဝင်ဖြစ်စေရေးစီမံထားရန် ပျက်ကွက်ခြင်းသာရှိခဲ့ပြီး မည်သို့သော အမှားအယွင်းမျှ လုပ်ဆောင်ထားခြင်းမရှိဟု တုံ့ပြန်ထားကြောင်း သိရသည်။

သို့ရာတွင် ယင်းသို့သော ပြောကြားချက်များအားလုံးမှာ အရှိတရားနှင့် ဆန့်ကျင်နေသည့် လိမ်လည်နေမှုများသာဖြစ်ကြောင်း အတိုက်အခံ ကွန်စတီကျူးရှင်နယ်ဒီမိုကရက်တစ်ပါတီအကြီးအကဲ အစ်ဇုမိက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

သို့သော်လည်း အာဘေးက စွပ်စွဲမှုများနှင့်စပ်လျဉ်း၍ အလျင်စလို တုံ့ပြန်မည်မဟုတ်ဘဲ နိုင်ငံတော်တရားရေးအရာရှိများ၏ စုံစမ်းစစ်ဆေးမှု ပြီးပြတ်သည်နှင့် ၎င်းကိုယ်တိုင် လွှတ်တော်သို့ လာရောက်ရှင်းလင်းပြီး မေးမြန်းသမျှ မေးခွန်းအားလုံးကို ဖြေကြားသွားမည်ဖြစ်ကြောင်း ဆိုသည်။

အာဘေး၏ ပါတီကို ထောက်ခံသူများ၏ ၅၃ ရာခိုင်နှုန်းကျော်က အာဘေးအနေဖြင့် လွှတ်တော်တွင် ကိုယ်တိုင်လာရောက်ဖြေရှင်းခြင်းဖြင့် အမှန်တရားကို အားလုံးသဲသဲကွဲကွဲ သိရှိစေမည်ဖြစ်ကြောင်း သဘောထားရှိသော်လည်း ၄၃ ဒသမ ၁ ရာခိုင်နှုန်းကမူ ယခုကိစ္စရပ်မှာ အာဘေးကိုယ်တိုင် လွှတ်တော်သို့ လာရောက်ဖြေရှင်းရန် လိုအပ်သည့် ကိစ္စရပ်မဟုတ်ကြောင်း ကျိုဒိုသတင်းဌာန၏ စစ်တမ်းအရ သိရသည်။

**ကိုးကား-ဂျပန်တူဒေး၊ ဘာသာပြန်-မေလှဲ့သင်း**



# တောင်အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းဆရာ ၁၅၀၀ နီးပါး သေဆုံး



**ဂျိုဟန်နက်စဘတ် ဒီဇင်ဘာ ၁၈**

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်အတွင်း ကျောင်းဆရာ ၁၅၀၀ နီးပါး အသက်ဆုံးရှုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံ၏ ပညာရေးစနစ်အပေါ် အကြီးအကျယ် ထိခိုက်သွားကြောင်း တောင်အာဖရိက အခြေခံပညာဝန်ကြီးဌာန ဝန်ကြီးအာဂျီးမော့သ်ရှီဂါက ယနေ့ ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် ပညာသင်နှစ်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် အခက်ခဲဆုံးဖြစ်လာကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

အဆိုပါကပ်ရောဂါဖြစ်ပွားမှုအတွင်း ကျောင်းဆရာပေါင်း ၁၄၉၃ ဦးနှင့် အခြားပညာရေးဝန်ထမ်း အများအပြား အသက်ဆုံးရှုံးခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၌ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ၂၀၂၁ ခုနှစ် ပညာသင်နှစ်ကို ဇန်နဝါရီ ၂၅ ရက်တွင် စတင်မည်ဖြစ်ပြီး ကျောင်းဆရာများနှင့် ကျောင်းသားများအနေဖြင့် ဇန်နဝါရီ ၂၇ ရက်တွင် စာသင်ခန်းများသို့ စတင်ဝင်ရောက်တော့မည်ဖြစ်သည်။

နိုင်ငံ၏ ယခုနှစ် ပညာသင်နှစ်တွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းရန် တောင်အာဖရိကအစိုးရအနေဖြင့် သုံးနှစ်တာ ပြန်လည်ထူထောင်ရေး စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်သီတင်းပတ်က အတန်းတင် စာမေးပွဲပြီးဆုံးခဲ့ကြသည့် ၁၂ တန်း ကျောင်းသားများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်အတွင်း ၎င်းတို့၏ စာသင်ချိန်ကို ၄၇ ရက်အထိ ဆုံးရှုံးခဲ့ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# အိန္ဒိယနိုင်ငံ၌ Sputnik V ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ သန်း ၃၀၀ ထုတ်လုပ်မည်

**မော်စကို ဒီဇင်ဘာ ၁၈**

အိန္ဒိယနိုင်ငံက ၂၀၂၁ ခုနှစ်အတွင်း ဗိုင်းရပ်စ်ကာကွယ်ဆေး Sputnik V အလုံးရေ သန်း ၃၀၀ ခန့် ထုတ်လုပ်မည်ဟု ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (RDIF) အကြီးအကဲ ကီရေးလ်ဒီမီထရိဗ်က ပြောကြားသည်။

"အိန္ဒိယနိုင်ငံရဲ့ ဆေးဝါးကုမ္ပဏီလေးခုနဲ့ ကျွန်တော်တို့ သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက လာမယ့်နှစ်မှာ ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ သန်း ၃၀၀ ခန့် ထုတ်လုပ်မှာဖြစ်ပါတယ်" ဟု ရုပ်သံဌာနတစ်ခုနှင့် တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ၎င်းက ပြောကြားခဲ့သည်။ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်ရန် အဆိုပြုခဲ့သည့် အိန္ဒိယနိုင်ငံရှိ ဒေသ ၁၁၀ အနက် သတ်မှတ်ချက်များ ပြည့်မီသည့်ဒေသ ၁၀ ခုကို RDIF က ရွေးချယ်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် စမ်းသပ်ထုတ်လုပ်သည့် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနမူနာများကို ရုရှားနိုင်ငံက စမ်းသပ်လျက်ရှိကြောင်း အိန္ဒိယနိုင်ငံရှိ ရုရှားသံရုံးက ပြောကြားခဲ့သည်။ ကမ္ဘာ့ပထမဆုံး ဗိုင်းရပ်စ်ကာကွယ်ဆေး Sputnik V သည် ၉၅ ရာခိုင်နှုန်းကျော် ထိရောက်မှုရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဒီဇင်ဘာ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

Sputnik V ဗိုင်းရပ်စ်ကာကွယ်ဆေး၏ ထိရောက်မှုအဆင့်သည် ၉၇ ရာခိုင်နှုန်းနီးပါး ရှိလာပြီဟု သမ္မတပူတင်အား ကိုးကား၍ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက တွစ်တာ၌ ရေးသားခဲ့သည်။

**ကိုးကား-ပီတီအိုင်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# အီးယူအဖွဲ့ဝင်နိုင်ငံများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ် ဒီဇင်ဘာ ၂၇ရက်တွင် စတင်နိုင်ဖွယ်ရှိ

**ဘာလင် ဒီဇင်ဘာ ၁၈**

အီးယူ (ဥရောပသမဂ္ဂ) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်များအား ဒီဇင်ဘာ ၂၇ ရက်မှပင် စတင်နိုင်ဖွယ်ရှိကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ယမန်နေ့တွင် အတည်ပြုခဲ့သည်။

ဂျာမနီအပါအဝင် အီးယူနိုင်ငံများက ဥရောပဆေးအေဂျင်စီ(EMA) ၏ အတည်ပြုချက်ကို စောင့်ဆိုင်းလျက်ရှိပြီး EMA၏ အတည်ပြုချက်မှာ ဒီဇင်ဘာ ၂၁ ရက်တွင် ရရှိနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းချက်များ ထွက်နေသည်။ သို့ရာတွင် အီးယူအကြီးတန်းတာဝန်ရှိသူများက ဒီဇင်ဘာ ၂၃ ရက်ရောက်မှသာ အတည်ပြုချက်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့တွင် Pfizer/BioNTech ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းစဉ် စတင်နိုင်ခဲ့ပြီးဖြစ်သောကြောင့် အတည်ပြုချက်ပေးရန် နှောင့်နှေးနေသည့် EMA ၏ ဆုံးဖြတ်ချက်အပေါ် ဝေဖန်မှုများ ရှိနေသည်။ EMA အနေဖြင့် Pfizer ဆေးကို လာမည့်ရက်သတ္တပတ်အတွင်းမှာပင် အတည်ပြုသွားမည်ဖြစ်သလို Moderna ဆေးအတွက် ပြန်လည်စိစစ်မည့်ရက်ကို မူလသတ်မှတ်ထားသည့် ဇန်နဝါရီ ၁၂ ရက်အစား ဇန်နဝါရီ ၆ ရက်မှာပင် စောစီးစွာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗွန်ဒါလီယန်က "အီးယူနိုင်ငံတွေအားလုံးမှာရှိတဲ့ ပြည်သူ သန်း ၄၅၀ ကို ကာကွယ်ဆေးထိုးနှံမှု စတင်မယ့်ရက်က ဒီဇင်ဘာ ၂၇၊ ၂၈ နဲ့ ၂၉ ရက်တွေ ဖြစ်မယ်လို့ အချိန်ဇယားချထားပြီးပါပြီ" ဟု ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် ထိုးနှံရေးလုပ်ငန်းစဉ် စတင်မည့်ရက် ကွာခြားနိုင်ပြီး ဩစတြီးယား၊ ဂျာမနီနှင့် အီတလီတို့သည် ကာကွယ်ဆေးထိုးနှံရေးအစီအစဉ် အစောဆုံးစတင်မည့် အီးယူနိုင်ငံများဖြစ်ပြီး နယ်သာလန်နိုင်ငံကမူ လာမည့် ဇန်နဝါရီ ၈ ရက်မှသာ စတင်ရန် ဆောင်ရွက်ထားကြောင်း ၎င်းက ဆိုသည်။

**ကိုးကား- စီအင်န်အေ**

**ဘာသာပြန်-မေလှဲ့သင်း**

# ဂျပန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် ဆောင်ရွက်လျက်ရှိ

**တိုကျို ဒီဇင်ဘာ ၁၈**

ဂျပန်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့်အစီအစဉ်များကို အလျင်အမြန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တာဝန်ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံအလောက်ရရှိရေးအတွက် ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီများနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဆေးဝါးကုမ္ပဏီအများအပြားမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သိမ်းဆည်းရာတွင် ဆေးဝါးအမျိုးအစားအလိုက် အပူချိန်များ ကွဲပြားခြားနားကြောင်း သိရသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများအား သိုလှောင်ရာတွင် အသုံးပြုသည့်ပစ္စည်းများမှာ နွေရာသီကာလတွင် ပြတ်လပ်နိုင်ဖွယ်ရှိသည့်အတွက် အဆိုပါ ပစ္စည်းများကို အရေအတွက်အများအပြား ထုတ်လုပ်ရန် သက်ဆိုင်ရာကုမ္ပဏီများအား တာဝန်ရှိသူများက ညွှန်ကြားထားသည်။

ဂျပန်နိုင်ငံရှိ ပြည်သူအားလုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရန် အချိန်အနည်းငယ် ကြာမြင့်နိုင်ဖွယ်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများအား ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ နှင်းမုန်တိုင်းတိုက်ခတ်

**နယူးယောက် ဒီဇင်ဘာ ၁၈**

အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်း၌ နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

နှင်းများ အဆက်မပြတ်ကျဆင်းမှုကြောင့် ပြည်နယ် ၁၄ ခုရှိ ပြည်သူ သန်း ၆၀ ကျော် ထိခိုက်ခံစားရမှုများ ရှိခဲ့သည်။ နယူးယောက်မြို့နှင့် ပန်ဆယ်ဗေးနီးယားပြည်နယ်တို့၌ ဆီးနှင်းများ အမြင့် နှစ်ပေခန့် ကျဆင်းခဲ့သည်။

နှင်းများကျဆင်းမှုကြောင့် ပန်ဆယ်ဗေးနီးယားပြည်နယ်တွင် မော်တော်ကားများ လမ်းမများပေါ်တွင် သောင်တင်လျက်ရှိပြီး ယာဉ်မတော်တဆတိုက်မှုများဖြစ်ပွားကာ လူနှစ်ဦးသေဆုံးခဲ့သည်။

အမျိုးသား ရာသီဥတုဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က အရေးပေါ်သတိပေးချက် ထုတ်ပြန်ကြေညာထားပြီး ခရီးသွားလာမှုများမပြုလုပ်ရန်နှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ပြည်သူများအား သတိပေးပြောကြားခဲ့သည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ချိရေးလုပ်ငန်းစဉ်ကို ထိခိုက်မှုမရှိစေရန် မျှော်လင့်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။ သို့သော် ပြည်နယ်အများစုရှိ ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးစင်တာအချို့ကို ယာယီပိတ်ပင်ထားကြောင်း သိရသည်။

နယူးယောက်မြို့တော်ဝန် ဘေလ်ဒီဘလာဆီယိုက အဆိုပါ နှင်းမုန်တိုင်းသည် လွန်ခဲ့သည့်နှစ်များစွာအတွင်း တိုက်ခတ်ခဲ့သည့် နှင်းမုန်တိုင်းများအနက် အပြင်းထန်ဆုံးဖြစ်ကြောင်းနှင့် ပြည်သူများအား နေအိမ်အတွင်း၌သာ နေထိုင်ကြရန် သတိပေးပြောကြားခဲ့သည်။

ထို့ပြင် နယူးယောက်မြို့ရှိ စာသင်ကျောင်းများကိုလည်း အွန်လိုင်းစနစ်ဖြင့် ပြောင်းလဲသင်ကြားရန် ညွှန်ကြားထားကြောင်း သိရသည်။ နှင်းများကျဆင်းမှုကြောင့် လေကြောင်းခရီးစဉ် ၁၅၀၀ နီးပါးကို ဖျက်သိမ်းခဲ့သည့်အပြင် ရထားပြေးဆွဲမှုကိုလည်း ယာယီဆိုင်းငံ့ထားကြောင်း သိရသည်။

**ကိုးကား- ဘီဘီစီ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# ဗီယက်နမ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လူသားများဖြင့် စတင်စမ်းသပ်

**ဟန္နိုင်း ဒီဇင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဟိုချီမင်းမြို့ အခြေစိုက် Nanogen Pharmaceutical Biotechnology ကုမ္ပဏီသည် Nanocovax ဟု အမည်ပေးထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား လူသားများဖြင့် ပထမအဆင့် စမ်းသပ်မှုများကို ယနေ့စတင်လုပ်ဆောင်ခဲ့သည်။ ဟန္နိုင်းမြို့ရှိ ဗီယက်နမ်တပ်မတော်ဆေးတက္ကသိုလ်၌ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ကာကွယ်ဆေး စမ်းသပ်ထိုးနှံခဲ့သည်။

ကာကွယ်ဆေးထိုးပြီးနောက် ၎င်းတို့သုံးဦးအား ဆေးတက္ကသိုလ်၌ ၇၂ နာရီကြာ ကျန်းမာရေးစောင့်ကြည့်မှုများ ပြုလုပ်မည်ဖြစ်ပြီး ၎င်းတို့နေအိမ်၌ ၅၆ ရက်ကြာ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ Nanogen ကုမ္ပဏီ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး Nanocovax သည် ဗီယက်နမ်နိုင်ငံ၏ ပထမဦးဆုံး ပြည်တွင်းဖြစ်ကာကွယ်ဆေးဖြစ်ပြီး ဗီယက်နမ်နိုင်ငံသားအားလုံး ဝယ်ယူသုံးစွဲနိုင်မည့် သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ကာကွယ်ဆေးတစ်လုံးလျှင် ဗီယက်နမ်ဒေါင်ငွေ ငါးသိန်း (အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆၂ ဒေါ်လာ)ခန့် ကုန်ကျနိုင်ဖွယ်ရှိသည်။ လက်ရှိအချိန်တွင် ဗီယက်နမ်နိုင်ငံရှိ Nanogen Pharmaceutical Biotechnology ကုမ္ပဏီ၊ နိုင်ငံပိုင် Vabiotech ကုမ္ပဏီ၊ Polyvac ကုမ္ပဏီနှင့် Institute of Vaccines and Medical Biologicals (IVAC) ကုမ္ပဏီတို့က ကိုဗစ်-၁၉ ကာကွယ်ဆေးများ စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိထွက်ပေါ်လာသော ပြည်ပနိုင်ငံများ၏ ကာကွယ်ဆေးများမှာ ကမ္ဘာတစ်ဝန်း၏ ဝယ်လိုအားကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသည့်အတွက် ဗီယက်နမ်နိုင်ငံအနေဖြင့် အခြားသော ကာကွယ်ဆေးများအပေါ် မှီခိုအားထားခြင်းမပြုဘဲ ပြည်တွင်းဖြစ်ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် ဗီယက်နမ်အစိုးရက ဆုံးဖြတ်လုပ်ဆောင်နေခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ် -၁၉ ရောဂါကူးစက်ခံထားရသူ ၁၄၀၅ ဦးနှင့် သေဆုံးသူ ၃၅ ဦးရှိသည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကို အောင်မြင်စွာ ထိန်းချုပ်ကာကွယ်ထားနိုင်လျက်ရှိပြီး ယခုအခါ ကိုဗစ် -၁၉ ကာကွယ်ဆေးကို စမ်းသပ်ထုတ်လုပ်နိုင်စွမ်းရှိကြောင်းကိုလည်း ကမ္ဘာတစ်ဝန်းသို့ ထုတ်ဖော်ကြေညာနိုင်ပြီဖြစ်သည်။ လက်ရှိအချိန်တွင် ခွင့်ပြုချက်အရ ကိုဗစ် -၁၉ ကာကွယ်ဆေးများ၏အရေအတွက်မှာ ကမ္ဘာ့လူဦးရေ၏ ငါးပုံတစ်ပုံခန့်အတွက်သာ ရရှိနိုင်ပြီး ဆေးအများစုမှာလည်း ချမ်းသာသောနိုင်ငံများသို့သာ ရောက်ရှိသွားကြမည်ဟု တပ်မတော်ဆေးတက္ကသိုလ်၏ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဒိုကွပ်က ပြောကြားခဲ့သည်။ စမ်းသပ်မှုခံယူသူများအနေဖြင့် ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဗီယက်နမ်ဒေါင်ငွေ သန်း ၁၀၀ ပေးအပ်သွားမည်ဟု Nanogen ၏ သုတေသနဌာန ညွှန်ကြားရေးမှူး ဒိုမင်ထရီက ပြောကြားခဲ့သည်။

ကိုးကား-သည်စထရိတ်တိုင်းမ်
ဘာသာပြန်-ဆန်းသစ်ဆန်း






# နှစ်သစ်ကူးခရီးသွားရာသီ မစတင်မီ ပြည်သူ သန်း ၅၀ ကို ဗိုင်းရပ်စ်ကာကွယ်ဆေး တရုတ်နိုင်ငံ ထိုးနှံပေးမည်

**ပေကျင်း ဒီဇင်ဘာ ၁၈**

လာမည့်နှစ်အစောပိုင်း နှစ်သစ်ကူးခရီးသွားရာသီ မစတင်မီ ပြည်သူ သန်း ၅၀ ကို ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံပေးရန် တရုတ်နိုင်ငံက အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

တရုတ်ဆေးဝါးကုမ္ပဏီများဖြစ်သော Sinopharm နှင့် Sinovac တို့မှ ထုတ်လုပ်သည့် နှစ်ကြိမ်ထိုးနှံရမည့် ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ဖြန့်ဖြူးရန် တရုတ်နိုင်ငံက စီစဉ်လျက်ရှိကြောင်း ကျန်းမာရေးပညာရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သန်း ၅၀ ကို ဇန်နဝါရီ ၁၅ ရက်မတိုင်မီ ထိုးနှံပေးမည်ဖြစ်ပြီး နောက်ထပ်အလုံးရေ သန်း ၅၀ ကို ဖေဖော်ဝါရီ ၅ ရက်မတိုင်မီ ထိုးနှံပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံ၌ ပြည်သူများ ခရီးသွားလာမှုများပြားသည့် နှစ်သစ်ကူးကာလသည် ကူးစက်ရောဂါများ ပျံ့နှံ့စေနိုင်သည့် အန္တရာယ်ကြီးမားသော ရာသီဖြစ်သည်။ ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံပေးရန် ဦးစားပေးသတ်မှတ်ထားသူများမှာ ကျန်းမာရေးလုပ်သား၊ ရဲတပ်ဖွဲ့ဝင်၊ အကောက်ခွန်ဝန်ထမ်း၊ ကုန်စည်၊ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်သားများ၊ နယ်စပ်ထိန်းချုပ်ရေး တာဝန်ရှိသူများ၊ သက်ကြီးဂေဟာဝန်ထမ်းများနှင့် သန့်ရှင်းရေးလုပ်သားများ ဖြစ်သည်။

ယခုနှစ်မကုန်မီ ပြည်သူနှစ်သန်းကို ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ပြီး လာမည့်နှစ်အစောပိုင်းတွင် ဦးစားပေးအုပ်စုများကို ထိုးနှံပေးမည်ဟု စီချွမ်ပြည်နယ် အာဏာပိုင်များက ပြောသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး

# အမေရိကန်၌ Moderna ဆေးကို အတည်ပြုခဲ့ပြီး ဆေးအလုံးရေ သန်း ၂၀ စတင်ဖြန့်ဖြူးမည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

အမေရိကန်နိုင်ငံ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနသည် Moderna ဆေးကို ယနေ့တွင် အတည်ပြုခဲ့ပြီး ယခုဒီဇင်ဘာလအတွင်းမှာပင် ဆေးအလုံးရေ သန်း ၂၀ စတင်ဖြန့်ဖြူးထိုးနှံပေးတော့မည်ဖြစ်သည်။

အဆိုပါဆေးနှင့်ပတ်သက်၍ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ အကြံပြုထောက်ခံချက်များကို လာမည့်သီတင်းပတ်အတွင်း ရရှိနိုင်ဖွယ်ရှိပြီး ထိုးနှံမှုလုပ်ငန်းစဉ်ကိုပါ တစ်ပြိုင်နက်တည်း စတင်နိုင်မည်ဟု မျှော်လင့်ရသည်။ Moderna ဆေးကို အစားအစာနှင့်ဆေးဝါးကွပ်ကဲရေးဌာန အကြံပေးအဖွဲ့ဝင်များက ကန့်ကွက်ခြင်းမရှိဘဲ အတည်ပြုခဲ့ခြင်းဖြစ်သည်။ Moderna ဆေးမှာ Pfizer/ BioNTech ဆေးပြီးနောက် အမေရိကန်ပြည်ထောင်စုတွင် ဒုတိယမြောက် အတည်ပြုခဲ့သည့် ကာကွယ်ဆေးဖြစ်သည်။ အကြံပေးအဖွဲ့၏ အတည်ပြုချက်မရရှိမီ စည်းမျဉ်းကြီးကြပ်ရေးအဖွဲ့က Moderna ဆေးမှာ ၉၄ ရာခိုင်နှုန်း ထိရောက်မှုရှိကြောင်း ထောက်ခံချက်ပေးခဲ့သည်။

အမေရိကန်အစိုးရက Moderna ဆေးလုံးရေ သန်း ၂၀၀ ကို ဝယ်ယူရန် သဘောတူထားခဲ့ပြီး အတည်ပြုချက်ရပြီးသည်နှင့် ဆေးဝါးဖြန့်ဖြူးရေးစတင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းလည်း သိရသည်။

Pfizer ဆေးထက် သာလွန်သည့် Moderna ဆေး၏ အားသာချက်တစ်ရပ်မှာ Pfizer ဆေးကဲ့သို့ အအေးနှုန်း လိုအပ်မှုမမြင့်မားခြင်းနှင့် ခြောက်လအထိ အထားခံခြင်းတို့ဖြစ်သည်။ ထို့ပြင် Moderna ဆေးကို လေးပတ်ခြားပြီး နှစ်ကြိမ်ထိုးနှံခြင်းမှရရှိသည့် ထိရောက်မှု ၉၄ ရာခိုင်နှုန်းမှာလည်း ၂၁ ရက်ခြားပြီး နှစ်ကြိမ်ထိုးနှံပြီးနောက် ရရှိသည့် Pfizer ဆေး၏ ထိရောက်မှု ၉၀ ရာခိုင်နှုန်းထက် သာလွန်မှုရှိခြင်းဖြစ်သည်။

ကိုးကား-အမ်အက်စ်အမ်၊ ဘာသာပြန်-မေလဲ့သင်း




| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | | |
| --- | --- | --- | --- |
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၇၅၄၀၂၃၇၃ | ဦး |
| | သေဆုံးသူ | ၁၆၇၁၀၃၉ | ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၅၂၉၅၉၁၂၆ | ဦး |

# Pfizer ဆေးဝါးကုမ္ပဏီက ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကို ဂျပန်တွင် တရားဝင်သုံးစွဲခွင့်ရရှိရန် တောင်းဆို

**တိုကျို ဒီဇင်ဘာ ၁၈**

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဂျပန်နိုင်ငံအတွင်း သုံးစွဲခွင့်ရရှိရန် အဆိုပါကုမ္ပဏီများအနေဖြင့် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနသို့ ခွင့်ပြုချက်တောင်းခံထားကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးအား ဂျပန်နိုင်ငံတွင် အလျင်အမြန် သုံးစွဲခွင့်ရရှိရေးအတွက် Pfizer အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၎င်းဆေးကို အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့တွင် ဖြန့်ဖြူးထားပြီးဖြစ်ကြောင်း သိရသည်။ Pfizer အနေဖြင့် အဆိုပါဆေးကိုဂျပန်နိုင်ငံအတွင်း ဖြန့်ဖြူးရန် ဂျပန်တာဝန်ရှိသူများနှင့် ကနဦးသဘောတူညီချက်ရရှိပြီးဖြစ်သည်။

အဆိုပါသဘောတူညီချက်တွင် Pfizer အနေဖြင့် လာမည့်နှစ်ဇွန်လမှစတင်ပြီး ဂျပန်ပြည်သူ သန်း ၆၀ ခန့်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် လိုအပ်သောဆေးဝါးများကို ထောက်ပံ့ရန် ပါရှိသည်။ Pfizer က ယခုထုတ်လုပ်မည့် ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ ၉၅ ရာခိုင်နှုန်းအထိ အစွမ်းထက်မှုရှိကြောင်း ပြောကြားခဲ့သည်။

ဂျပန်ကျန်းမာရေးဝန်ကြီး ဌာနအနေဖြင့် Pfizer မှ တင်သွင်းမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ၏ အစွမ်းထက်မှုကို လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# ဆော်ဒီအာရေဗျနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံလျက်ရှိ

**ရီယာဒ် ဒီဇင်ဘာ ၁၈**

ဆော်ဒီအာရေဗျနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ယမန်နေ့ကစပြီး စတင်လျက်ရှိကြောင်း သိရသည်။ မြို့တော်ရီယာဒ်ရှိ ယာယီကာကွယ်ဆေးထိုးနှံရေးစင်တာတစ်ခု၌ ကျန်းမာရေးဝန်ကြီး တော်ဖစ်အယ်ရာဘီလည်း ပြည်သူများနှင့်အတူ ကာကွယ်ဆေးထိုးနှံမှုတွင် ပါဝင်ခဲ့သည်။

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးတွဲထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဆော်ဒီအာရေဗျပြည်သူအားလုံးကို အခမဲ့ထိုးနှံပေးမည်ဖြစ်သည်။ သို့သော် လက်ရှိအချိန်အထိ ကာကွယ်ဆေးမည်မျှ ဝယ်ယူထားပြီးသလဲဆိုသည်ကိုမူ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။ ကာကွယ်ဆေးထိုးနှံလိုသော ပြည်သူများအနေဖြင့် ၎င်းတို့၏ စမတ်ဖုန်းများမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနသို့ အမည်စာရင်း တင်သွင်းနိုင်သည်။

ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် ရေနံဈေးနှုန်းများ ကျဆင်းလာခဲ့သည့်အတွက် အာရပ်ပင်လယ်ကွေ့နိုင်ငံများအနေဖြင့် ထိခိုက်သွားသည့် စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန်နှင့် ဒေသတွင်းနိုင်ငံများအချင်းချင်း အပြန်အလှန်ခရီးသွားလာခွင့်ရရှိစေရန် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**







## တာချီလိတ်မြို့နယ်၌ ငွေကျပ် တစ်ဘီလီယံ တန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တာချီလိတ်မြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံ တန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ တာချီလိတ်မြို့နယ် လွယ်စီတုံကျေးရွာ လောကဓမ္မ ဘုန်းကြီးကျောင်းလမ်း၌ စောင့်ဆိုင်းနေစဉ် ယန်းခေါင်ကျေးရွာမှ လောကဓမ္မကျေးရွာသို့ အားဝေ မောင်းနှင်လာသည့် ယာဉ်နှင့် လီကောင်း(ခ)အားချာ မောင်းနှင်ပြီး အားဌွေ့ လိုက်ပါလာသည့် ယာဉ်များအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် လီကောင်း(ခ)အားချာမှာ ထွက်ပြေးလွတ်မြောက်သွားပြီး အားဝေနှင့် အားဌွေ့တို့အား ငွေကျပ်တစ် ဘီလီယံတန်ဖိုးရှိ အိုက်စ် ကီလို ၅၀၊ ယာဉ်နှစ်စီးတို့နှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် အားဝေ၊ အားဌွေ့နှင့် လီကောင်း(ခ)အားချာ(ဖမ်းမမိ)တို့အား ဥပဒေအရ အရေးယူထားကြောင်းနှင့် သိမ်းဆည်းရမိသော အိုက်စ်များသည် ကျိုင်းတုံမှ တာချီလိတ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။


အားဝေနှင့် အားဌွေ့တို့အား သိမ်းဆည်းရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်-CMRS ဖြင့် သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၁၁ ရက်မှ ၁၆ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဖောင်းပြင်မြို့နယ် အပတောအတွင်းမှ တရားမဝင် အင်သစ် ၁၂ ဒသမ ၃၀၀၀ တန်၊ မော်လိုက်မြို့နယ် မော်ကူးကြီးဝိုင်းအကွက် အမှတ်(၁၅)အတွင်း ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ကညင်သစ် ၁၁ ဒသမ ၅၂၇၀ တန်၊ အမရပူရမြို့နယ် စာတိုးမြို့ပြင်ကြီးကျေးရွာ မြစ်ငယ်တောင်ကိုင်းချောင်းဆိပ်အနီး၌ တရားမဝင်ကျွန်းသစ် ခြောက်တန်အား သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ဟားခါးမြို့နယ် လောက်လုံကျေးရွာမှ မီးဘေးသင့်အိမ်ထောင်စုအတွက် ထောက်ပံ့ပေးအပ်



**ဟားခါး ဒီဇင်ဘာ ၁၈**

ဟားခါးမြို့နယ် လောက်လုံကျေးရွာတွင် ဒီဇင်ဘာ ၁၃ ရက် ညနေ ၅ နာရီက လျှပ်စစ်ထမင်းပေါင်းအိုး တည်ထားခဲ့ရာမှတစ်ဆင့် အပူလွန်ကဲပြီး ဦးထောင်ဟီး၏ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ ထိခိုက်နစ်နာသည့် အိမ်ထောင်စုအား ဒီဇင်ဘာ ၁၇ ရက်က ချင်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရာလ်ခမ်းနှင့် တပ်ဖွဲ့ဝင်များက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများတွင် မိသားစုအသုံးအဆောင်ပစ္စည်းများ စုစုပေါင်း ထောက်ပံ့ပစ္စည်း အမျိုးအစား ၁၃ မျိုးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်ပစ္စည်းများ စုစုပေါင်း ထောက်ပံ့ပစ္စည်း အမျိုးအစား ၂၀ ကို ထိခိုက်နစ်နာသည့် အိမ်ထောင်စုအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်၌ လူသတ်၊ အလောင်းဖျောက်သူများအား ဖော်ထုတ်အရေးယူ

**ကန့်ဘလူ ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇင်းကျေးရွာ၏မြောက်ဘက် သုံးမိုင်ကျော်ဝေးသည့် ဗူးကြီးလမ်းခွဲ(ခေါ်)ရဲဘော်သင်္ချိုင်းတောတိုက်အတွင်းရှိ မီးသွေးဖိုအနီး၌ လူရိုးစုဟုယူဆရသော အရိုးအပိုင်းအစများ တွေ့ရှိရာမှ လူသတ်မှုအား ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် ဇင်းကျေးရွာ ရဲဘော်သင်္ချိုင်းတောတိုက်နေ ဦးကျော်မြင့်မှာ ပျောက်ဆုံးနေကြောင်း ညီမဖြစ်သူဒေါ်ရှိန်က ဒီဇင်ဘာ ၁၄ ရက်တွင် ကန့်ဘလူမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာ ကန့်ဘလူမြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်အောင်နှင့် ဇင်းရဲကင်းစခန်းမှူး ဒုတိယရဲအုပ်ဟိန်းဒေးထက်နှင့် တပ်ဖွဲ့ဝင်များ၊ ဇင်းကျေးရွာရာအိမ်မှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြစ်မှုကျူးလွန်သူအား စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးရာ ဦးကျော်မြင့်သည် သီတင်းကျွတ်လဆန်း ၅ ရက်ခန့်မှ စတင်ပျောက်ဆုံးနေကြောင်း သိရပြီး သံသယရှိသူများဖြစ်သည့် ဦးကျော်မြင့်၏ဇနီး ဒေါ်မြင့်ကြည်၊ သား ကိုပိန်ချူး၊ ဦးဖိုးရွှေ၊ ချွေးမဖြစ်သူ မိခိုင်တို့ လေးဦးအား တောင်ဇော်ကျေးရွာအနီးရှိ တောထဲ၌ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အားစစ်ဆေးခဲ့ရာ ၎င်းတို့လေးဦးက ဦးကျော်မြင့်အားဓားဖြင့်ခုတ်သတ်၍ အနက်ခုနစ်ပေခန့်ရှိ မီးသွေးဖိုအတွင်း ပစ်ချကာ အလောင်းအားမီးရှို့ဖျက်ဆီးခဲ့ကြောင်း ထွက်ဆိုခဲ့ကြသည်။

ပြစ်မှုကျူးလွန်သူများအား ဒုရဲအုပ် ဟိန်းဒေးထက်က တရားလိုပြုလုပ်အမှုဖွင့်ခဲ့ပြီး ကန့်ဘလူမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဥပဒေကြောင်းနဲ့ ဆုတွေတောင်း

မြင်းမူသား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီတစ်ခုကို အသိပေးကြေညာချက် ထုတ်ပြန်ခဲ့တာ သတင်းစာတွေထဲမှာ ဖတ်ရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ထုတ်ပြန်ကြေညာချက်မှာ အဲဒီပါတီဟာ ရွေးကောက်ပွဲတာဝန်ရှိသူများအပေါ် ခြိမ်းခြောက်ကာ ရွေးကောက်ပွဲလုပ်ငန်းကို နှောင့်ယှက်စော်ကားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများ၊ နည်းဥပဒေများကို လေးစားလိုက်နာမှုမရှိတာ တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။ အသိပေးကြေညာချက်ထဲမှာ ဥပဒေတွေ၊ ပုဒ်မတွေ ဖော်ပြထားတာတွေ့ရတော့ တော်တော်စိတ်ဝင်စားသွားပါတယ်။

မြင်းမူသားကတော့ ၁၉၆၇ – ၆၈ ပညာသင်နှစ်က စပြီး ငါးနှစ်လုံးလုံး ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာနမှာ လေ့လာသင်ကြားခဲ့ရသူဆိုတော့ ဥပဒေပုဒ်မတွေ တွေ့ရင်လေ့လာပြီး ပညာယူတယ်။ ကိုယ့်မှာရှိတဲ့ ဥပဒေအသိလေးနဲ့ တိုင်းတာသုံးသပ်တယ်။ မှန်၊ မမှန် ဝေဖန်တတ်တဲ့ အလေ့အကျင့်ရှိလေတော့ ကြေညာချက်တွေအပေါ် ဉာဏ်မီသမျှ သုံးသပ်ကြည့်မိပါတယ်။ ဒါကြောင့် အသိပေးကြေညာခြင်းခံရတဲ့ ပါတီက ထုတ်ပြန်ထားတဲ့ ကြေညာချက်အမှတ် (၅/၂၀၂၀) နဲ့ (၆/၂၀၂၀) ကို ဖတ်ပြီး ရေးသားဖော်ပြချက်တွေမှာ ဥပဒေနဲ့ ညီ မညီ၊ မှန် မမှန်၊ ဟုတ် မဟုတ် လေ့လာသုံးသပ်မိပါတယ်။

ပါတီရဲ့ကြေညာချက်အမှတ် (၅) နဲ့ (၆) ဟာ အနှစ်သာရ ကွဲပြားမှုမရှိဘဲ အဓိကအချက်တွေ တူညီနေတာ တွေ့ရပါတယ်။ ထုတ်ပြန်ချက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဓ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (၁၀) (ဍ) ပါ ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်းဖြစ်ပါသည်လို့ ဖော်ပြထားတာ တွေ့ရတယ်။

**အလေးထားလိုက်နာရမှာဖြစ်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ (ဓ) ပြဋ္ဌာန်းချက်က ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဍ) ကလည်း အခြေခံဥပဒေအတိုင်းပါပဲ၊ ဥပဒေတစ်ရပ်ရပ်ဆိုတာကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ အဓိကတိုက်ရိုက်သက်ဆိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေနဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များကို အလေးထားလိုက်နာရမှာ ဖြစ်ပါတယ်။ ကြေညာချက်ရဲ့ အဓိကဖော်ပြတာက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ (ဓ) ရဲ့ ပြဋ္ဌာန်းချက်ပဲ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဓ) အရ တာဝန်များ မထမ်းဆောင်ရင်တော့ ရာဇသတ်ကြီး ပုဒ်မ (၁၃၀) (က)ကို ကျူးလွန်တယ်လို့ သူတို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဥပဒေကြောင်းအရ သုံးသပ်တင်ပြချင်တာက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဓ) နဲ့ ရာဇသတ်ကြီး ပုဒ်မများအပေါ်မှာပဲ ပြောလိုပါတယ်။ ကြေညာချက်မှာ ရေးသားဖော်ပြချက်က ရာဇသတ်ကြီးမှာ ပုဒ်မ (၁၃၀) (က) လို့ တိတိကျကျ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။ ရာဇသတ်ကြီးမှာ ပုဒ်မ (၁၃၀) (က) ဆိုတာ မတွေ့ပါဘူး၊ မရှိပါဘူး။ မူရင်းဥပဒေမှာ ၁၃၀ ကို ကွင်းစကွင်းပိတ်နဲ့ ဖော်ပြပြီး မရေးပါ။ **က** အက္ခရာကိုလည်း ကွင်းစကွင်းပိတ်နဲ့ ဖော်ပြရေးသားထားတာ မတွေ့ရပါ။ မရှိပါ။ ဥပဒေပုဒ်မကို ကိုးကားဖော်ပြချင်တယ်ဆိုရင် မူရင်းဥပဒေမှာ ရေးသားဖော်ပြထားတဲ့အတိုင်းပဲ ဖြစ်သင့်ပါတယ်။ ဒါမှလည်း သူ့ဥပဒေအတိုင်း အမှန်ဖြစ်မှာပေါ့။ မူရင်းဥပဒေမှာ ရေးသားဖော်ပြထားခြင်းမရှိဘဲ ပုဒ်မတစ်ခုကို ပေါ့ပေါ့တန်တန် ရေးသားရန် မသင့်တော်ဘူးလို့ သဘောရပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၁၃၀ မှာ ကွင်းစကွင်းပိတ် မရှိ၊ ၁၃၀ ရဲ့ နောက်မှာရှိတဲ့ က အက္ခရာမှာလည်း ကွင်းစ ကွင်းပိတ်မပါ။ အမှန်မှာ ၁၃၀–က သာ ဖြစ်ပါတယ်။ အခြေခံဥပဒေ ပုဒ်မ ၃၉၉ ကိုလည်း ကွင်းစကွင်းပိတ်နဲ့ ရေးသားဖော်ပြထားပါတယ်။ စာသားများနဲ့ ဂဏန်းများရောထွေးနေမှာစိုးလို့ ရှင်းလင်းအောင် ဂဏန်းအရေအတွက်ကို ကွင်းခတ်မိသည်လို့ပဲ ယူဆမိပါတယ်။ မိမိထင်သလို ရေးသားဖော်ပြလို့မရပါ။ ဥပဒေရေးထုံးရေးနည်းကို ကြေညာချက်မှာ မှန်မှန်ကန်ကန် ဖော်ပြရေးသားဖို့ လိုပါတယ်။ အရေးကြီးပါတယ်။

ကြေညာချက်မှာ ရေးသားဖော်ပြတဲ့အတိုင်း ရာဇသတ်ကြီး ပုဒ်မ (၁၃၀) (က) ကို မသိလို့၊ အမှတ်မထားမိလို့၊ လွယ်လွယ်ရေးမိသည်ပဲထားပါဦး၊ ဥပဒေမှာပါရှိတဲ့ အမှန် ပုဒ်မ ၁၃၀–က ဟာ ၂၀၁၆ ခုနှစ်မှာ ရာဇသတ်ကြီးကို ပြင်ဆင်တဲ့ ဥပဒေပုဒ်မ ၆ နဲ့ ပြင်ဆင်ထားပါတယ်။ အဲဒီ ပြင်ဆင်ချက်ဥပဒေထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ ဆိုတာမပါပါ။ ဖော်ပြထားခြင်းလည်း လုံးဝမရှိပါ။ ၃၉၉(ဓ)လို့လည်း ဖော်ပြပါရှိတာ မတွေ့ရပါ။ ရာဇသတ်ကြီး ပုဒ်မ ၁၃၀–က မှာ ၃၉၉ (ဓ)ကို ထည့်သွင်းဖော်ပြမထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဓ)အရ ပျက်ကွက်ပါက ရာဇသတ်ကြီးနဲ့ အရေးယူလို့မရပါ။ ပုဒ်မ ၁၃၀–ကနဲ့ ငြိစွန်းမှုမရှိပါဘဲနဲ့ ရာဇသတ်ကြီးပုဒ်မ (၁၃၀) (က) ကို ကျူးလွန်သည်လို့ ရေးသားပြောဆိုတာဟာ အများပြည်သူများ ဥပဒေလေ့လာသူ ကျောင်းသား ကျောင်းသူများနဲ့ မြင်းမူသားတို့လို ဥပဒေဝါသနာရှင်များ အထင်မှား၊ အမြင်မှား၊ အမှတ်မှား၊ အသိမှားဖြစ်စေပါတယ်။ ဒီလိုပြောရခြင်းဟာလည်း အမှားများကို ထောက်ပြီးအပြစ်ရှာ၍ နစ်နာစေလိုသော သဘောမဟုတ်ပါ။ လေ့လာမှတ်သားမိသမျှအပေါ်တွင် အခြေခံပြီး ဥပဒေရေးချိန်နှင့် တိုင်းတာပြခြင်းသာ ဖြစ်ပါတယ်။ ဘာဘကြီးများ မိမိအောက်ခြေက ပုဂ္ဂိုလ်များကို ထောက်ပြ၍ လမ်းညွှန်မှုပေးနိုင်ရန်သာ ရည်ရွယ်ပါတယ်။ ပြုပြင်ပေးကြပါ ဘာဘတို့။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဓ) နဲ့ ရာဇသတ်ကြီးပုဒ်မ ၁၃၀–က ဟာ လုံးဝဆက်စပ်မှု မရှိပါ။ သက်ဆိုင်မှုလည်း မရှိပါဘူးခင်ဗျ။

> **ရာဇသတ်ကြီးမှာတော့ ပုဒ်မ (၁၂၀) (က) နဲ့ ပုဒ်မ (၄၇၁) ကို ကွင်းစကွင်းပိတ်နဲ့ ဖော်ပြရေးသားထားတာ မတွေ့ရပါ၊ မရှိပါ။ စာသားများနှင့် ရောထွေးနေမှာဖြစ်တဲ့ အတွက်ကြောင့် ကွင်းစကွင်းပိတ်နဲ့ ထင်ရှားပေါ်လွင်အောင် ရေးရပါတယ်လို့ ဆိုလာပါက ဥပဒေပုဒ်မများနဲ့ပတ်သက်ပြီး ပေါ့ပေါ့ဆဆ ရေးချင်သလိုရေး၊ တွေးချင်သလိုတွေး၊ ထားချင်သလိုထား၊ ပွားချင်သလို ပွားလို့မရတာကို သတိပြုသင့်ပါတယ်။ တခြား ဂဏန်းအရေအတွက်များဆိုရင်တော့ မိမိဆန္ဒအတိုင်း ကြိုက်သလို ရေးသားလို့ ရပါလိမ့်မယ်။ အခုဟာက ပြဋ္ဌာန်းဥပဒေရဲ့ ပုဒ်မကိစ္စဖြစ်လို့ တိကျမှန်ကန်ရပါမယ်။**

**တိကျမှန်ကန်ရပါမယ်**

ထုတ်ပြန်ကြေညာချက်ထဲမှာ ရာဇသတ်ကြီးပုဒ်မ သုံးမျိုးကို ကျူးလွန်တယ်လို့ ဖော်ပြထားတယ်ဗျ။ အထက်က ပြောခဲ့တဲ့ ပုဒ်မ (၁၃၀) (က) (ကြေညာချက်မှာ ဖော်ပြတဲ့အတိုင်း) အပြင် ပုဒ်မ (၁၂၀) (က)နဲ့ ပုဒ်မ (၄၇၁) တို့ကိုပါ ကျူးလွန်ကြောင်း ရေးသားဖော်ပြထားပါတယ်။ ရာဇသတ်ကြီးမှာတော့ ပုဒ်မ (၁၂၀) (က) နဲ့ ပုဒ်မ (၄၇၁) ကို ကွင်းစကွင်းပိတ်နဲ့ဖော်ပြရေးသားထားတာ မတွေ့ရပါ၊ မရှိပါ။ စာသားများနှင့် ရောထွေးနေမှာဖြစ်တဲ့အတွက်ကြောင့် ကွင်းစကွင်းပိတ်နဲ့ ထင်ရှားပေါ်လွင်အောင် ရေးရပါတယ်လို့ ဆိုလာပါက ဥပဒေပုဒ်မများနဲ့ပတ်သက်ပြီး ပေါ့ပေါ့ဆဆ ရေးချင်သလိုရေး၊ တွေးချင်သလိုတွေး၊ ထားချင်သလိုထား၊ ပွားချင်သလို ပွားလို့မရတာကို သတိပြုသင့်ပါတယ်။ တခြား ဂဏန်းအရေအတွက်များဆိုရင်တော့ မိမိဆန္ဒအတိုင်း ကြိုက်သလိုရေးသားလို့ ရပါလိမ့်မယ်။ အခုဟာက ပြဋ္ဌာန်းဥပဒေရဲ့ ပုဒ်မကိစ္စဖြစ်လို့ တိကျမှန်ကန်ရပါမယ်။

ရာဇသတ်ကြီးပုဒ်မ (၁၂၀) (က) ဆိုတာ မရှိပါ၊ မတွေ့ပါ၊ အမှန်က ၁၂၀–က ဖြစ်ပါတယ်။ ဒီပုဒ်မမှာက လူနှစ်ယောက် သို့မဟုတ် လူနှစ်ယောက်ထက်ပိုသောသူများက ဥပဒေနှင့် မညီသော ပြုလုပ်မှုနဲ့ ဥပဒေနှင့်မညီသော နည်းနဲ့ပြုလုပ်ရင် ရာဇဝတ်မကင်းတဲ့ ပူးပေါင်းကြံစည်မှုလို့ ရေးသားဖော်ပြထားပါတယ်။ ကြေညာချက်အပိုဒ် ၉ မှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတာဝန်ရှိသူများသည်လို့ ဖော်ပြထားတော့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ တာဝန်ယူကြသူအားလုံးကို ရည်ရွယ်တယ်လို့ သဘောပေါက်ပါတယ်။ သူတို့အားလုံးက ဥပဒေနဲ့မညီတဲ့ ပြုလုပ်မှုကို ပြုလုပ်တယ်လို့ ဖော်ပြထားပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ အထွေထွေရွေးကောက်ပွဲကြီးနဲ့ ပတ်သက်သမျှ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဆောင်ရွက်ခဲ့ကြတာလို့ သိရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးနဲ့ ကမ္ဘာ့နိုင်ငံကြီးများ၊ အိမ်နီးချင်းနိုင်ငံအများအပြား၊ ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များက ဂုဏ်ပြုပြီး အသိအမှတ်ပြုကြတာ တွေ့ရပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲ ကျင်းပပေးခဲ့ကြတာဟာ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခဲ့ကြတာလို့ ပြောရမှာပါ။

**တော်တော်အလှမ်းဝေးတဲ့ ကိစ္စ**

နောက်ပုဒ်မတစ်ခုကတော့ ထုတ်ပြန်ကြေညာချက်မှာ ရေးသားဖော်ပြတဲ့ (၄၇၁) ပါ။ ဒီပုဒ်မကိုလည်း ကွင်းစကွင်းပိတ်နဲ့ရေးသားထားတာ တွေ့ရပြန်ပါတယ်။ အမှန် ပုဒ်မကွင်းမခတ်ဘဲ ရေးသားဖော်ပြထားတာက ၄၇၁ ပါ။ လိမ်လည် အတုပြုလုပ်ထားတဲ့ စာတမ်းအမှတ်အသားကို အစစ်အမှန်အနေနဲ့ အသုံးပြုတဲ့ကိစ္စပါ၊ သူတို့က ဆန္ဒမဲလက်မှတ်တွေကို လိမ်လည်ပြီး အတုပြုလုပ်ထားတယ်လို့ ပြောချင်တာပေါ့။ သူတို့ ကြေညာချက်အမှတ် (၆/၂၀၂၀) မှာ အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်များကို မဲပုံးထဲသို့ ထည့်သွင်းခြင်းလို့ ရေးသားထားတာတွေ့ရပါတယ်။ ကော်မရှင်နဲ့ ကော်မရှင်အဖွဲ့ခွဲအသီးသီးက တာဝန်ရှိသူများကတော့ ရွာတွေမှာရှိတဲ့ မဲပုံးတွေထဲကို ဆန္ဒမဲလက်မှတ်အတုတွေ ယူသွားပြီး ထည့်တယ်ဆိုတာတော့ ဖြစ်နိုင်မယ်မထင်ပါ။ မဲစာရင်းမှာ အမည်မပါရင်တော့ ဘယ်လိုမှ မဲပေးလို့ မရနိုင်ပါ။ ဒါကလည်း တော်တော် အလှမ်းဝေးတဲ့ ကိစ္စလို့ ထင်ပါတယ်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများရဲ့ အခန်း (၁၃)၊ ပုဒ်မ ၅၉ (ည) မှာ အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊ အားပေးကူညီခြင်း ထင်ရှားပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ရဲအရေးပိုင်တဲ့အမှုပါ၊ သက်ဆိုင်ရာ ရဲစခန်းကို တိုင်လို့ရပါတယ်၊ ရွေးကောက်ပွဲကျင်းပတဲ့နေ့ကစပြီး ၁၅ ရက်အတွင်း တိုင်နိုင်ပါတယ်လို့ ဥပဒေက ဖော်ပြပြီးသားပါ။ ကြေညာချက်ထုတ်ပြန်တဲ့ နိုဝင်ဘာ ၆ ရက်၊ ၉ ရက်နေ့ ဆိုတော့ ရွေးကောက်ပွဲမကျင်းပမီနဲ့ ကျင်းပပြီး ကျင်းပတဲ့နေ့ကနေ ၁၅ ရက်အတွင်း တိုင်လို့ရပါတယ်။ ဥပဒေက အခွင့်အရေး ပေးထားတာပါ။ လိမ်တိုင်ရင်တော့ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၄ အရ ထောင် သုံးနှစ်၊ ဒါမှမဟုတ် ငွေဒဏ် သုံးသိန်းနဲ့ ဒဏ်နှစ်ရပ်စလုံး ချမှတ်ခံရနိုင်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အသိပေးကြေညာခြင်းခံရတဲ့ ပါတီအပါအဝင် စုစုပေါင်း ၆ ပါတီက သက်ဆိုင်ရာ မဲဆန္ဒနယ်မြေမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နေရာမှာ အသီးသီးယှဉ်ပြိုင်ခဲ့ကြရာမှာ ကြေညာချက်ထုတ်ပြန်တဲ့ပါတီကလွဲပြီး ကျန်ပါတီများက သူတို့ပြောသလို အတုပြုလုပ်ထားတဲ့ ဆန္ဒမဲလက်မှတ်တွေကို မဲပုံးထဲ ထည့်သွင်းတယ်လို့ စွပ်စွဲပြောဆို ကန့်ကွက်ကြတာမရှိတာကို စုံစမ်းသိရပြန်ပါတယ်။ ကြေညာချက်ထုတ်ပြန်တဲ့ ပါတီရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းက ခိုင်လုံမဲ တစ်ထောင့်သုံးရာကျော်ရပြီး ထိပ်ဆုံးက အနိုင်ရသူကတော့ ခိုင်လုံမဲ တစ်သိန်းခြောက်ထောင်ကျော် ရရှိခဲ့ကြတယ်လို့ စုံစမ်းသိရပါတယ်။ ခိုင်လုံမဲ အသီးသီးဟာ ဆန္ဒမဲလက်မှတ်အတု မဟုတ်တာတော့ သေချာပါတယ်။

နောက်တစ်ချက်က ဥပဒေကြောင်းအရ မျှဝေစရာလေးတစ်ခု ကျန်ပါသေးတယ်၊ အားလုံးသိရှိ လေ့လာနိုင်အောင်ပေါ့နော်။ သူတို့ ရေးသားဖော်ပြ ကိုးကားတဲ့ ရာဇသတ်ကြီးဆိုတာက ၁၈၆၀ ခုနှစ်၊ မေလ (၁) ရက်နေ့မှာ အိန္ဒိယနိုင်ငံတစ်ဝန်းလုံးမှာ စတင်အာဏာတည်ခဲ့ပြီး မြန်မာနိုင်ငံဟာ အင်္ဂလိပ်လက်အောက် ကျရောက်တော့ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ကာ ၁၈၈၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ ရှမ်းပြည်နယ်မှအပ မြန်မာနိုင်ငံတစ်ဝန်းမှာ အာဏာတည်ခဲ့ပါတယ်။ ကိုလိုနီခေတ်မှာ အတည်ဖြစ်ခဲ့တဲ့ ရာဇသတ်ကြီးဟာ ယေဘုယျဥပဒေပါ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနဲ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေများဟာ အထူးဥပဒေများလို့ ခေါ်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိ အာဏာတည်နေတဲ့ **စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) မှာက အထူး ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်သည် ယေဘုယျဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်ကို လွှမ်းမိုးသည်**ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့ **ပုဒ်မခွဲ (ဆ)မှာ ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ် ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်**လို့ ပြဋ္ဌာန်းထားတာတွေကို သိဖို့လိုပါလိမ့်မယ်။ ဒါဆိုရင် အင်္ဂလိပ်လက်အောက်ကျရောက်စဉ်က ပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးနဲ့ ၂၀၁၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းတဲ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို နှိုင်းယှဉ်ကြည့်ရင် ယေဘုယျစကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေအရ ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်ကို အထူးဥပဒေပြဋ္ဌာန်းချက်က လွှမ်းမိုးတယ်၊ အထူးဥပဒေဖြစ်တဲ့ ရွေးကောက်ပွဲဥပဒေများရဲ့ ပြဋ္ဌာန်းချက်များဟာ ရာဇသတ်ကြီး ပြဋ္ဌာန်းချက်ကို လွှမ်းမိုးကြောင်း ထင်ရှားနေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေများရဲ့ ပုဒ်မ ၈၆ ကို အမှန်အကန်၊ အတိအကျ၊ အမိအရ၊ အဓိကလိုက်နာရမှာကတော့ မလွဲကေန် အမှန်ပါပဲဗျာ။

**ခြိမ်းခြောက်တယ်လို့ ဖော်ပြကြေညာခဲ့တာဖြစ်**

သက်ဆိုင်ရာ **လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၆ မှာက ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲနဲ့ ရွေးကောက်ပွဲခုံအဖွဲ့တို့ရဲ့ ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မှ စစ်ဆေးပိုင်ခွင့် မရှိစေရ**လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်ဟာ ဥပဒေသဘောအရ တရားရုံးများရဲ့ စီရင်ပိုင်ခွင့်ကို ကန့်သတ်ထားတာဖြစ်ပါတယ်။ တရားရုံးများအနေနဲ့ စစ်ဆေး၊ ဆုံးဖြတ်ပိုင်ခွင့်မရှိတဲ့ သဘောသက်ရောက်စေပါတယ်။ သူတို့ကြေညာချက်မှာက ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများနဲ့ သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို အမှုဖွင့် တရားစွဲဆို သွားမယ်လို့ ခြိမ်းခြောက်တဲ့သဘော ဖော်ပြထားတာ တွေ့ရပါတယ်။ အမှုဖွင့်တရားစွဲဆိုသွားမယ်လို့ ဖော်ပြထားတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခြိမ်းခြောက်တယ်လို့ ဖော်ပြကြေညာခဲ့တာ ဖြစ်ပါတယ်။

စာရေးသူအနေနဲ့ကတော့ သက်ဆိုင်ရာပါတီရဲ့ ထုတ်ပြန်ကြေညာချက်အမှတ် (၅/၂၀၂၀) နဲ့ (၆/၂၀၂၀) မှာ ရေးသားဖော်ပြထားတဲ့ ဥပဒေပုဒ်မများအပေါ်မှာပဲ တည်ဆဲဥပဒေရေးချိန်များနှင့် တိုင်းတာချိန်ထိုး ရေးသားရခြင်းဖြစ်ပါတယ်။ ကြေညာချက်မှာ ရေးသားဖော်ပြထားတဲ့ ဥပဒေပုဒ်မများအပေါ် မိမိလေ့လာ သိရှိရသလောက်သာ မျှဝေခြင်းဖြစ်ပါတယ်။ မသိသူတို့ သတိမူဖို့ သက်သက်ပါ။ ဥပဒေပုဒ်မများနဲ့ ပတ်သက်ပြီး မှားယွင်းတိမ်းစောင်းတာရှိပါက ပြန်လည်မျှဝေရေးသားချက်များအပေါ် လက်ကမ်းကြိုဆိုကာ ဆုတောင်းပေးလိုက်ပါတယ်။ ။

- ❖ လူ့ပြည်တစ်ခွင် ဥပဒေအမြင် ကြည်လင်ပါစေ။
- ❖ ဥပဒေကို လက်တစ်လုံးကြား ပျက်သုဉ်းသွားအောင် မပြုမိကြပါစေနဲ့။
- ❖ ဥပဒေရေချိန် မြင့်မားကြပါစေ။
- ❖ ဥပဒေရေတိမ် နစ်မသွားကြပါစေနဲ့။
- ❖ ဥပဒေရေချိန် တိုးတက်မြင့်မား၍ မျိုးဆက်ဆင့်ပွားပေးနိုင်ကြပါစေ။
- ❖ ဥပဒေရေးရာအဖြာဖြာ၊ အသေအချာ လေ့လာနိုင်ပါစေ။
- ❖ ပြည်သူ့မနော၊ ပြည်သူ့သဘော စောကြောသိပါစေ။

❍ ကျောဖုံးမှ

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | ၉-၁၂-၂၀ | ၁၀-၁၂-၂၀ | ၁၁-၁၂-၂၀ | ၁၂-၁၂-၂၀ | ၁၃-၁၂-၂၀ | ၁၄-၁၂-၂၀ | ၁၅-၁၂-၂၀ | ၁၆-၁၂-၂၀ | ၁၇-၁၂-၂၀ | ၁၈-၁၂-၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၆.၉ | ၅.၉ | ၆.၆ | ၅.၆ | ၆.၁ | ၆.၁ | ၄.၈ | ၅.၃ | ၅.၁ | ၄.၆ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၉-၁၂-၂၀၂၀) ရက်နေ့မှ (၁၈-၁၂-၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၈,၅၆၄)ခုမှ အများဆုံး(၂၄,၅၀၁) ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၂,၀၄၅) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

### မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
### (၁၈-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၄,၅၀၁) ဦး | (၁,၅၅၁,၅၃၈) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၀၆) ဦး | (၁၁၄,၁၉၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၃၇၉) ဦး | (၉၂,၉၁၆) ဦး |
| သေဆုံးလူနာ | (၂၁) ဦး | (၂,၃၉၈) ဦး |

- ယနေ့ သေဆုံးသူ (၂၁) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှ ဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၆) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၃၇၉) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၅၉၂) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၇၈၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၉၃၅) ဦးတွင်-
  - Hotel Quarantine - (၁၈၅) ဦး
  - Facility Quarantine - (၁၇၀) ဦး
  - Community Based Facility Quarantine - (၅၄၁) ဦး
  - Anosmia Center - (၃၉) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## သတိကြီးကြီးထားရမည့်အချိန်

✻ ကမ္ဘာ့ကပ်ရောဂါ၊ ကမ္ဘာကိုရန်မူ
ဘုံရန်သူမို့၊ အတူတိုက်ဖျက်
ကိုယ့်ဘက်ကတာဝန်၊ ကျေပွန်ဖို့လိုအပ်
ချမှတ်စည်းကမ်း၊ နည်းလမ်းတကျ
လိုက်နာကြမှ၊ ကမ္ဘာ့ကပ်ဘေး
ကိုဗစ်အရေးက၊ ကင်းဝေးနိုင်မည်
သင်ယုံကြည်လော့……,

✻ ပေါ့ပေါ့ဆဆ၊ နေကြမည်ဆို
ရောဂါကိုသယ်၊ အသက်ကိုကယ်ခွင့်
ဝန်နှင့်အားက၊ မမျှတမို့
ပြည်သူတို့ထံ၊ တန်ပြန်အကျိုးဆက်
သက်ရောက်နိုင်သည်
သင်ယုံကြည်လော့……,

✻ သင်၏အတွက်၊ သင့်အသက်ကို
သင်ကိုယ်တိုင်က၊ ကာကွယ်ရမည်
လူစည်ကားရာ၊ မသွားပါနှင့်
အဆင့်ဆင့်ကူးစက်၊ သင့်အသက်ဘေး
လူစုလူဝေးက၊ ဒုက္ခပေးမည်
သင်ယုံကြည်လော့……,

✻ နှာခေါင်းနှင့်ပါးစပ်၊ မတ်စ်ကိုတပ်၍
ဆပ်ပြာနှင့်လက်ဆေး၊ ခြောက်ပေအဝေးထက်
ရှေ့မတက်နှင့်၊ ကူးစက်ပိုးမွှား
သင့်အသွေးသားကို၊ ဝါးမျိုဖျက်ဆီး
ပျက်စီးသည်အထိ၊ အစွမ်းရှိမို့
သတိကြီးကြီးထားရမည့်အချိန်။ ။

ဟသ်ာတမြင့်ဌေ

## ကြို့ပင်ကောက်မြို့နယ်၌ ကျေးလက်မီးလင်းရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ကြို့ပင်ကောက် ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဖလံကုန်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သော ကျေးလက်မီးလင်းရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဒီဇင်ဘာ ၁၅ ရက်တွင် မီးလင်းရေးဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

ဖလံကုန်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ငါးနှစ်ပြည့်ပြီဖြစ်၍ အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်း(ငွေကျပ် ၇၇ သိန်း) နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၂ သိန်းတို့ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း၏ ကျေးရွာတွင်း ၄၀၀ ဗို့လိုင်းပေ ၂၂၀၀ နှင့် လမ်းမီးတိုင် ၂၂ တိုင်တို့အား ကျခံသုံးစွဲခဲ့ခြင်းကြောင့် ကျေးရွာအတွင်းရှိ အိမ်ခြေ ၃၄ အိမ်တွင် လျှပ်စစ်မီး အသုံးပြုနိုင်ပြီဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။

ကြို့ပင်ကောက်မြို့တွင် ရှားပင်ထကျေးရွာ၊ ဖလံကုန်းကျေးရွာ၊ တောရကျေးရွာ၊ ကျွဲဘိကျေးရွာနှင့် ကျွန်းကုန်းလေးကျေးရွာတို့တွင် မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အတိုးရငွေဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်ကြောင်း လယ်ဦးစုကျေးရွာနှင့် ကျွဲသေကျေးရွာတို့တွင်လည်း ဒီဇင်ဘာလကုန်တွင် မီးလင်းရေးလုပ်ငန်းများပြီးစီးတော့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၇၆၂၈၅၆၈ | ၁၀၂၉၄၉၄၁ | ၃၁၇၉၂၉ |
| ၂။ | အိန္ဒိယ | ၉၉၇၉၄၄၇ | ၉၅၂၀၈၂၇ | ၁၄၄၈၂၉ |
| ၃။ | ဘရာဇီး | ၇၁၁၁၅၂၇ | ၆၁၇၇၇၀၂ | ၁၈၄၈၇၆ |
| ၄။ | ရုရှား | ၂၇၉၁၂၂၀ | ၂၂၂၈၆၃၃ | ၄၉၇၆၂ |
| ၅။ | ပြင်သစ် | ၂၄၂၇၃၁၆ | ၁၈၁၅၀၆ | ၅၉၆၁၉ |
| ၆။ | တူရကီ | ၁၉၅၅၆၈၀ | ၁၇၂၁၆၀၇ | ၁၇၃၆၄ |
| ၇။ | ဗြိတိန် | ၁၉၄၈၆၆၀ | စိစစ်ဆဲ | ၆၆၀၅၂ |
| ၈။ | အီတလီ | ၁၉၀၆၃၇၇ | ၁၂၀၃၈၁၄ | ၆၇၂၂၀ |
| ၉။ | စပိန် | ၁၈၀၅၆၃၃ | စိစစ်ဆဲ | ၄၈၇၇၇ |
| ၁၀။ | အာဂျင်တီးနား | ၁၅၂၄၃၇၂ | ၁၃၅၂၅၅၆ | ၄၁၅၃၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၆၅၀၁၉၇ | ၅၃၁၉၉၅ | ၁၉၅၁၄ |
| ၂။ | ဖိလစ်ပိုင် | ၄၅၆၅၆၂ | ၄၂၀၆၆၆ | ၈၈၇၅ |
| ၃။ | မြန်မာ | ၁၁၄၁၉၈ | ၉၂၉၁၆ | ၂၃၉၈ |
| ၄။ | မလေးရှား | ၉၀၈၁၆ | ၇၅၂၄၄ | ၄၃၂ |
| ၅။ | စင်ကာပူ | ၅၈၃၈၆ | ၅၈၂၅၂ | ၂၉ |
| ၆။ | ထိုင်း | ၄၂၉၇ | ၄၀၀၅ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၄၀၇ | ၁၂၆၃ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၆၂ | ၃၄၁ | ၀ |
| ၉။ | ဘရူနိုင်း | ၁၅၂ | ၁၄၈ | ၃ |
| ၁၀။ | လာအို | ၄၁ | ၃၆ | ၀ |

## အင်္ဂပူမြို့နယ် ကျွဲသောင်မြစ်ဘေးမဲ့အင်းအတွင်း တရားမဝင်ငါးဖမ်းဆီးမှုများမရှိစေရေး ဟောပြော

**အင်္ဂပူ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ ကျွဲသောင်မြစ်ကျိုးအင်းသည် ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ယခုချိန်အထိ ဘေးမဲ့အင်းအဖြစ် တိုင်းဒေသကြီးအစိုးရက သတ်မှတ်ခဲ့သောအင်းဖြစ်သဖြင့် မည်သူမျှငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရန်နှင့် တရားမဝင်ငါးဖမ်းဆီးမှု မရှိစေရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အင်းချောင်းအတွင်းပါဝင်သော စိန်ဘုရားရိုးအား ရေစီးရေလာကောင်းမွန်စေရန်တူးဖော်ထားသော ရိုးမြောင်းအတွင်း တရားမဝင် အခိုင်အမာတမံတုပ်ငါးဖမ်းဆီးမှုမရှိစေရေးအတွက် ငါးသယံဇာတထိန်းသိမ်းရေးဟောပြောပွဲကို ယမန်နေ့က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့ပြီး အသိပေးကြေညာချက်ဆိုင်းဘုတ်များ စိုက်ထူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်** ■

## သာပေါင်းမြို့နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

**သာပေါင်း ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းနှင့်ဝန်ထမ်းများသည် သရက်အုပ်ကျေးရွာနှင့် နံ့နံ့ပင်ကုန်းကျေးရွာရှိ ရေလုပ်သားများနှင့် ငဝန်မြစ်အတွင်း ပိုက်ချက်နေရာများတွင် တွေ့ဆုံကာ တရားမဝင်ငါးဖမ်းဆီးမှု မရှိစေရေး၊ သတ်မှတ်ငါးဖမ်းကိရိယာ၊ သတ်မှတ်ပိုက်ကွက်ဖြင့် ငါးဖမ်းဆီးရေး၊ ရေသယံဇာတ ငါးသယံဇာတ ထိန်းသိမ်းကာကွယ်ရေး၊ တိုင်းဒေသကြီးအစိုးရ၏ ရသင့်ရထိုက်သော အခွန်အခများရရှိရေး၊ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ထားသည့် ငါးများကြီးထွားမှုနှုန်းနှင့် ပြန်လည်ဖမ်းဆီးရရှိမှုနှုန်း အခြေအနေများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ဝန်ထမ်းများအဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စည်းမျဉ်းစည်းကမ်းကို လိုက်နာဖို့အရေးကြီး



ပြည်ပလေကြောင်းများပျံသန်းဖို့ အဝင်အထွက် သာမန်ပုံစံဘက်ကို ဦးတည်ဖို့ဆိုတာလည်း ကျွန်မတို့စပြီးတော့ စီစဉ်နေပါပြီ။ အစောဆုံးဖြစ်အောင်လို့ လုပ်ပါမယ်။ ဒီလိုပြည်တွင်းရော၊ ပြည်ပရောပေါ့။ လေယာဉ်ပျံသန်းမှုရှိနိုင်ရေး၊ ဆက်သွယ်ရေးကောင်းရေး၊ ပြန်ပြီးတော့ ကူးလူးဆက်ဆံမှု မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရေးဆိုတာလည်း ပြန်ပြီးတော့ ကျွန်မတို့ရဲ့ တိုးတက်ရေးမြန်အောင်လို့ လုပ်တဲ့ဟာပဲ ဖြစ်ပါတယ်။ ဒါကြောင့် စက်ရုံတွေဆိုလည်း စက်ရုံတွေ၊ အလုပ်ရုံတွေလည်း အမြန်ဆုံး ကျွန်မတို့ ပြန်ဖွင့်ပေးမယ်။ Stay at Home မဟုတ်တဲ့ နေရာတွေမှာလည်း ကျန်းမာရေးစည်းမျဉ်းစည်းကမ်းနဲ့ကိုက်ညီတဲ့ စားသောက်ဆိုင်တွေကို ကျွန်မတို့ဖွင့်ဖို့ ပြန်ပြီးတော့ခွင့်ပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအကန့်အသတ်တွေကနေပြီးတော့ မြန်မြန်ဆန်ဆန် လွတ်မြောက်စေချင်တယ်ဆိုရင်တော့ စည်းမျဉ်းစည်းကမ်းကို လိုက်နာဖို့ကတော့ အင်မတန်မှအရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေ၊ အထူးသဖြင့် ရန်ကုန်ကပြည်သူတွေ သတိထားပြီးတော့ ကိုဗစ်ရောဂါ မပြန့်ပွားရေးအတွက် နိုင်ငံတော်ကို ကူညီကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၁–၁၂–၂၀၂၀ ရက်နေ့တွင်ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၈–၁၂–၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၁၇–၁၂–၂၀၂၀)ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ(၁၁၈၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | အင်းစိန် | ၅၈ |
| | | မင်္ဂလာဒုံ | ၅၆ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၅၃ |
| | | မြောက်ဥက္ကလာပ | ၄၇ |
| | | မရမ်းကုန်း | ၃၆ |
| | | လှိုင်သာယာ | ၃၀ |
| | | ရွှေပြည်သာ | ၂၅ |
| | | တိုက်ကြီး | ၂၄ |
| | | သာကေတ | ၂၂ |
| | | တာမွေ | ၂၂ |
| | | စမ်းချောင်း | ၂၂ |
| | | ဗိုလ်တထောင် | ၂၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၀ |
| | | တောင်ဥက္ကလာပ | ၁၉ |
| | | ကြည့်မြင်တိုင် | ၁၇ |
| | | ဒဂုံဆိပ်ကမ်း | ၁၆ |
| | | လှည်းကူး | ၁၆ |
| | | ကျောက်တန်း | ၁၅ |
| | | လှိုင် | ၁၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၂ |
| | | ဗဟန်း | ၁၁ |
| | | သဃ်န်းကျွန်း | ၁၀ |
| | | ရန်ကင်း | ၁၀ |
| | | ပုဇွန်တောင် | ၈ |
| | | လမ်းမတော် | ၈ |
| | | ဒေါပုံ | ၇ |
| | | ကမာရွတ် | ၆ |
| | | ကျောက်တံတား | ၅ |
| | | သုံးခွ | ၅ |
| | | အလုံ | ၅ |
| | | ပန်းဘဲတန်း | ၅ |
| | | ကော့မှူး | ၅ |
| | | ဒဂုံ | ၄ |
| | | ဒလ | ၄ |
| | | ထန်းတပင် | ၃ |
| | | သန်လျင် | ၂ |
| | | မင်္ဂလာတောင်ညွန့် | ၂ |
| | | ခရမ်း | ၂ |
| | | ဗိုလ်တထောင် | ၂ |
| | | လသာ | ၁ |
| | | တွံတေး | ၁ |
| | | စုစုပေါင်း | ၆၅၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းမြသာစည် | ၆၆ |
| | | အောင်မြေသာစံ | ၃၈ |
| | | မဟာအောင်မြေ | ၃၆ |
| | | ချမ်းအေးသာစံ | ၃၂ |
| | | အမရပူရ | ၂၃ |
| | | ပုသိမ်ကြီး | ၁၆ |
| | | ပြည်ကြီးတံခွန် | ၉ |
| | | မြင်းခြံ | ၇ |
| | | မျောက်တွင်း | ၇ |
| | | ကျောက်ဆည် | ၆ |
| | | ညောင်ဦး | ၃ |
| | | ကျောက်ပန်းတောင်း | ၂ |
| | | ငါန်းဇွန် | ၂ |
| | | တံတားဦး | ၂ |
| | | မိတ္ထီလာ | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | မလှိုင် | ၁ |
| | | တောင်သာ | ၁ |
| | | တံတားဦး | ၁ |
| | | စုစုပေါင်း | ၂၅၄ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၄၉ |
| | | ဒိုက်ဦး | ၁၀ |
| | | ရေတာရှည် | ၉ |
| | | သနပ်ပင် | ၈ |
| | | လက်ပံတန်း | ၅ |
| | | ဖြူး | ၅ |
| | | တောင်ငူ | ၂ |
| | | ဒေါ | ၂ |
| | | ကျောက်ကြီး | ၂ |
| | | စုစုပေါင်း | ၉၂ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၂၀ |
| | | ဘိုကလေး | ၄ |
| | | မော်လမြိုင်ကျွန်း | ၇ |
| | | လပွတ္တာ | ၅ |
| | | ဓနုဖြူ | ၂ |
| | | ဟင်္သာတ | ၂ |
| | | ကျုံပျော် | ၂ |
| | | မြောင်းမြ | ၂ |
| | | အင်္ဂပူ | ၁ |
| | | မြန်အောင် | ၁ |
| | | ဖျာပုံ | ၁ |
| | | သာပေါင်း | ၁ |
| | | ဝါးခယ်မ | ၁ |
| | | စုစုပေါင်း | ၄၉ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၁၃ |
| | | ကလေး | ၇ |
| | | တမူး | ၄ |
| | | တန့်ဆည် | ၂ |
| | | ဟုမ္မလင်း | ၂ |
| | | ဆားလင်းကြီး | ၂ |
| | | လေရှီး | ၁ |
| | | မင်းကင်း | ၁ |
| | | မုံရွာ | ၁ |
| | | ရေဦး | ၁ |
| | | စုစုပေါင်း | ၃၄ |
| ၆။ | မွန်ပြည်နယ် | မော်လမြိုင် | ၂၆ |
| | | ကျိုက်မရော | ၃ |
| | | သထုံ | ၂ |
| | | မုဒုံ | ၁ |
| | | သံဖြူဇရပ် | ၁ |
| | | စုစုပေါင်း | ၃၃ |
| ၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၆ |
| | | တောင်တွင်းကြီး | ၅ |
| | | မကွေး | ၄ |
| | | စလင်း | ၄ |
| | | မင်းဘူး | ၂ |
| | | ပခုက္ကူ | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၈။ | ကရင်ပြည်နယ် | မြဝတီ | ၁၂ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၁၃ |
| ၉။ | ကချင်ပြည်နယ် | ဗန်းမော် | ၉ |
| | | ရွှေကူ | ၁ |
| | | မြစ်ကြီးနား | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံ | ၅ |
| | | ထားဝယ် | ၁ |
| | | ကျွန်းစု | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၁။ | ရှမ်းပြည်နယ် | မိုင်းဆတ် | ၁ |
| | | တာချီလိတ် | ၁ |
| | | မူဆယ် | ၁ |
| | | ဟိုပုံး | ၁ |
| | | ရပ်စောက် | ၁ |
| | | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | နေပြည်တော် | ဇမ္ဗူသီရိ | ၃ |
| | | လယ်ဝေး | ၁ |
| | | ပုဗ္ဗသီရိ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၃။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ | ၁ |
| | | မြေပုံ | ၁ |
| | | စစ်တွေ | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၄ |
| | (၁၇–၁၂–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၁၈၂) ဦး |

* ရန်ကင်းမြို့နယ်မှ (၁)ဦးနှင့် လောင်းလုံမြို့နယ်မှ (၁)ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

**မှတ်ချက်။** (၁၇–၁၂–၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၈၂) ဦးတွင် အနံ့မရရှိသူ (၁၆၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



# တိုင်းကျန်းမာရေးဦးစီးဌာနသို့ ကိုဗစ်ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၈**

Golden Forest ကုမ္ပဏီ၏ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုင်းကျန်းမာရေးဦးစီးဌာန၌ ပြုလုပ်သည်။

အဆိုပါ ကုမ္ပဏီ၏တာဝန်ရှိသူ Mr. Linn Hui Chun က အောက်ဆီဂျင်အိုး ၁၀ လုံး၊ မျက်နှာအကာ ၂၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၊ 95% အရက်ပြန်ပုံး ၂၀၊ လက်အိတ်ဘူး ၁၀၀၊ N95 နှာခေါင်းစည်း အခု ၅၀၀၀၊ တစ်ခါသုံး နှာခေါင်းစည်း အခု ၄၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၇၂ သိန်းတန်ဖိုးရှိ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။

မြင့်မောင်

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဒီဇင်ဘာ ၁၉ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အဆောင်ယတြာများကို ယုံကြည်လွန်းသော မောင်ရိုး၏ အဒေါ်အကြောင်းကို ရေးဖွဲ့ထားသည့် "မောင်ရိုးနှင့် သူ့အဒေါ်" မျက်နှာဖုံးကာတွန်း၊ ကလေးတို့ဗဟုသုတရစေရန် တင်ဆက်ထားသည့် "ပုံပြအဘိဓာန်"ကဏ္ဍ၊ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို အချိန်မီလုံ့လစိုက်ထုတ်၍ လုပ်ဆောင်သင့်ပုံကို ကလေးတို့ အတုယူနိုင်စေရန် "လသာတုန်းဗိုင်းငင်" စကားပုံလေးကို ရေးသားတင်ဆက်ထားသည့် "ရွှေသွေးတို့အတွက် မြန်မာစကားပုံများ" စကားပုံကဏ္ဍ၊ စေတနာ၏ ရောင်ပြန်ဟပ်ပုံကို ရေးဖွဲ့ထားသည့် "တုံ့ပြန်စေတနာ" နှစ်မျက်နှာကာတွန်း၊ သုတကဏ္ဍတွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်ကြောင်း ဖော်ပြထားသည့် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနီတိများ"၊ အင်အားကြီးမားမှုကို အသုံးချပြီး မိမိထက် အင်အားနည်းသူများအား နှိပ်စက်အနိုင်ကျင့်တတ်သူတို့၏ နိဂုံးမလှမပဖြစ်ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ရိုးသားမှုသည် ဘဝတန်ဖိုး" ကလေးဝတ္ထု၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍတို့ ပါရှိကြောင်း သိရသည်။




သတင်းစဉ်



# ညောင်လေးပင်မြို့၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ညောင်လေးပင် ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်က ညောင်လေးပင်မြို့ စမ်းကလေးအနောက်ကျေးရွာ၌ ပြုလုပ်သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား မိတ်ဆက်ရှင်းလင်းကြပြီး ကော်မတီဖွဲ့စည်းခြင်းကို ဆောင်ရွက်ကြသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးစီမံကိန်းကျေးရွာ ၁၅ ရွာ ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၁၀၀ စီဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေးကို များစွာအကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၀ ပါ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၅၁) ရွေးကောက်ပွဲအပေါ် ရှုမြင်သုံးသပ်ချက်ဆောင်းပါး၏ ပထမကော်လံ တတိယစာပိုဒ် စာကြောင်းရေ ၁၀ ကြောင်းမြောက်တွင် **ဒုတိယအကြိမ် လွှတ်တော်သက်တမ်းသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကုန်ဆုံးပါမည်** အစား **ဒုတိယအကြိမ် လွှတ်တော်သက်တမ်းသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကုန်ဆုံးပါမည်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်း

# သိန္နီမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပေးလျက်ရှိ

**သိန္နီ ဒီဇင်ဘာ ၁၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်အတွင်း နယ်စပ်ဒေသအစွန်များရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် သိန္နီမြို့နယ် နမ့်စလပ်-ဟိုနား-မန်ဆာ ကျေးရွာချင်းဆက်လမ်းပိုင်း ၂ မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်ကာ မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခဲ့သည်။

ယခုအခါ အဆိုပါကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် လားရှိုး၊ သိန္နီ၊ ဟိုပန်၊ ကွမ်းလုံ၊ ချင်းရွှေဟော်၊ လောက်ကိုင်မြို့များသို့ ရာသီမရွေးသွားလာနိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၇၅ ဒသမ ၅၀၄ သန်းဖြင့် မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ကျောက်ချောလမ်းခင်းလုပ်ငန်းခွင်သို့ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

နိုင်လင်းကြည်



# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဝင်များရွေးချယ်



**ရေတာရှည် ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးရွာပေါင်း ၁၅ ရွာကို ရွေးချယ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများက ရွေးချယ်ထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာများအနက် နှောပင်ကျေးရွာ၊ ဇလုပ်ကြီးကျေးရွာနှင့် ကူးတို့ကုန်းကျေးရွာသုံးရွာအား ယနေ့တွင် စီမံကိန်းအကြောင်းမိတ်ဆက်ခြင်း၊ ကျေးရွာအလိုက် ကော်မတီဝင်များရွေးချယ်ခဲ့ရာ စုစုပေါင်းကျေးရွာ ခြောက်ရွာအထိ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ကျန်ရှိသော ကျေးရွာကိုးရွာအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်က ပြောသည်။

ကိုလွင်(ဆွာ)

ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရုံးကွပ်ကဲရေးမှူး ယာယီရဲမှူးချုပ် ဝင်းမင်းသိန်း၏ ကွပ်ကဲမှုဖြင့် အမှတ်(၃)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး မျိုးအောင်မြင့် ဦးစီး၍ အရာရှိ/တပ်ဖွဲ့ဝင် ၅၂ ဦးနှင့် မိသားစုဝင် တစ်ဦး စုစုပေါင်း ၅၃ ဦးတို့က ရန်ကုန်အမျိုးသားသွေးဌာန၌ သွေးလှူဒါန်းကြစဉ်။

တင်ဝင်းတင်



# ရှေ့နေနှင့် မူးယစ်ဆေးဝါး

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် မူးယစ်ဆေးဝါးပါတဲ့"

"ဘာအဓိပ္ပာယ်လဲဆရာ"

"တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဦးကျော်စိန် ရေးသားပြုစုတဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ အသုံးချဋီကာ (ပဉ္စမအကြိမ်) ထုတ်စာအုပ်အကြောင်း မိတ်ဆက်ရေးသားတင်ပြချင်တာပါ "

"ဘာတွေများရေးထားပါသလဲဆရာ"

"ကိုင်း....ဖတ်ကြည့်ကြစို့"

**စာအုပ်အကြောင်း**

စာအုပ်အမည်အပြည့်အစုံမှာ "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ဋီကာ"ဖြစ်သည်။ ပြုစုသူများမှာ ဦးကျော်စိန်၊ ဒေါ်ခင်မာမာလတ်နှင့် ဒေါ်ဖြိုးသန္တာကျော်တို့ဖြစ်သည်။ ပထမအကြိမ် ၁၉၉၅ ခုနှစ်က စတင်ထုတ်ဝေခဲ့ပြီး ယခုပဉ္စမအကြိမ် ၂၀၂၀ ပြည့်နှစ်တွင် ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူ ရန်ကုန်မြို့ ထက်စာပေက ထုတ်ဝေခြင်းဖြစ်သည်။

**အမှာစာ**

ယခုအခါ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (အမှတ် ၆/၂၀၁၈) ဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူအား ယခင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသည့် ပုဒ်မ ၁၅ ကို ပယ်ဖျက်ထားသည်။ ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမဆေးစစ်ချက်ခံယူစေခြင်း၊ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသမှုခံယူနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆေးကုသရေးဌာန၊ ဂေဟာသို့ ပို့အပ်စေခြင်း၊ ဆေးကုသမှုခံယူရန်ပျက်ကွက်ပါက သက်ဆိုင်ရာတရားရုံးက ခံဝန်ချုပ်ချုပ်ဆိုသည့် အမိန့်ချမှတ်ခြင်း၊ ခံဝန်ချုပ် ဖောက်ဖျက်ပါက သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ခြောက်လအထိ ပို့အပ်သည့် အမိန့်ချမှတ်ခြင်းနှင့် ထိုစခန်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ယူကုသပေးခြင်း စသည်တို့ကို ပြင်ဆင်ဖြည့်စွက်ထားသည်။ ထို့ပြင် ဖြည့်စွက်ထားသည့် အခန်း(၇-က) လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်စေခြင်းအခန်းတွင် ပုဒ်မ ၁၅ အဖြစ် ပြုစုပျိုးထောင်ရေးစခန်း၌ ညွှန်ကြားချက်မလိုက်နာသည့် မူးယစ်ဆေးဝါးသုံးစွဲသူအား လူမှုအကျိုးပြုလုပ်ငန်းများကို တစ်ရက် ၂ နာရီဖြင့် နာရီ ၂၄၀ မှ ၃၆၀ အထိ ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့လုပ်ကိုင်ဆောင်ရွက်စေခြင်းဆိုသည့် ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ထားခြင်းအပါအဝင် အခြားအရေးကြီးသော ပြင်ဆင်ချက်များကို ပြုလုပ်ထားသည့်အတွက် စတုတ္ထအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်မှာ လက်ရှိအခြေအနေနှင့် မကိုက်ညီတော့သဖြင့် ဤပဉ္စမအကြိမ်စာအုပ်ကို ပြန်လည်ပြုစုထုတ်ဝေရခြင်း ဖြစ်သည်။

ဤပဉ္စမအကြိမ်စာအုပ်တွင် မြန်မာဘာသာအပြင် အင်္ဂလိပ်ဘာသာဖြင့်ပါ ပြန်ဆိုဖော်ပြထားပါသည်။ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် မူးယစ်ဗဟိုအဖွဲ့တို့၏ နောက်ဆုံးထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများကိုပါ ဖြည့်စွက်ထားသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ပြုစုထုတ်ဝေသည့် ၂၀၁၈ ခုနှစ်ထုတ် တရားစီရင်ထုံးအထိ မှီငြမ်းကိုးကားပြီး လိုအပ်သည့် ယခင် စီရင်ထုံးကိုးကားချက်များကိုလည်း ပြင်ဆင်ဖြည့်စွက်သည်။ အဆိုပါ ဥပဒေပြင်ဆင်ချက်အရ မလိုအပ်သော စီရင်ထုံးများကို ချန်လှပ်ထားသည်ကို တွေ့ရသည်။

**အပိုင်းငါးပိုင်း**

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဆိုင်ရာဥပဒေများနှင့် မြန်မာနိုင်ငံကပါဝင်သည့် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပြည်ထောင်စုလွှတ်တော်ကပြင်ဆင်သည့် ဥပဒေအမှတ် (၆/၂၀၁၈) ဖြင့် ပြင်ဆင်ထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ (အမှတ်၁/၉၃) (မြန်မာဘာသာနှင့်အင်္ဂလိပ်ဘာသာယှဉ်တွဲလျက်)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများမှ သိမှတ်ဖွယ်ရာများ (မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာယှဉ်တွဲလျက်)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ (မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာယှဉ်တွဲလျက်)၊ ထိန်းချုပ်ဓာတုပစ္စည်းပရိကာဆာများ သတ်မှတ်ခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့်များ၊ ရောင်းချရန်အလို့ငှာဟု မှတ်ယူရန်သတ်မှတ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးခြောက်မျိုး၏ အလေးချိန်ပမာဏများ သတ်မှတ်ခြင်း၊ မူးယစ်ဆေးစွဲ ရောဂါကုဌာနများသတ်မှတ်ခြင်း၊ ကျန်းမာရေးဦးစီးဌာန၏ မူးယစ်ဆေးဝါးသုံးစွဲသူများအား မှတ်ပုံတင်ခြင်း၊ ကုသပေးခြင်းနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ခြင်းခံရသော ဆရာဝန်များလိုက်နာရန် ညွှန်ကြားချက်၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ မူးယစ်ဆေးဝါးချိန်တွယ်ခြင်း၊ စမ်းသပ်စစ်ဆေးရန် ပေးပို့ခြင်းနှင့် အပ်နှံခြင်းဆိုင်ရာညွှန်ကြားချက်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့် ထိန်းချုပ်ဆေးဝါးများဆိုင်ရာ သိမှတ်ဖွယ်မှတ်စုများနှင့် လမ်းညွှန်စီရင်ထုံးများ၊ နောက်ဆက်တွဲ(က) တစ်ကိုယ်ရေသုံး မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုများအား ပြစ်ဒဏ်ချမှတ်ခြင်းမပြုဘဲ (Decriminalization) ဆေးဝါးကုသပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်သင့်-မသင့်နှင့် ဆေးခြောက်မှုများ သုတေသနစာတမ်း၊ နောက်ဆက်တွဲ(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (အမှတ် ၆/၂၀၁၈)တို့ ပါဝင်သည်။

**နှစ်အကန့်အသတ်မရှိထောင်ဒဏ်**

နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ဆိုသောစကားရပ်ကို မည်သို့ အဓိပ္ပာယ်ကောက်ယူမည်လဲ။ ဝမ်ဆိုက်ပါ (၂) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု၊ ၁၉၉၈၊ မတစ၊ ၁၂၂ စီရင်ထုံးကို ကိုးကား၍ အောက်ပါအတိုင်း ညွှန်ပြထားကြောင်း (စာ-၃၈၅) တွင် ကျွန်တော်ဖတ်ရသည်။

"နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်" ဆိုသော စကားရပ်အား "အထိ" ဆိုသောစကားရပ်နှင့် ပူးတွဲ သုံးနှုန်းထားခြင်းကို တွေ့ရသဖြင့် "နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်" ဆိုသော စကားရပ်မှာ သီးခြားပြစ်ဒဏ်တစ်မျိုးတစ်စားဟူ၍ မှတ်ယူခြင်းမပြုနိုင်ကြောင်း ရှေ့နေချုပ်ရုံးကိုယ်စား ဥပဒေအရာရှိ၏ လျှောက်လဲချက်ကို လက်ခံရပေမည်။

**နှစ်အကန့်အသတ်မရှိ**


ထောင်ဒဏ်ဆိုသောစကားရပ်ကိုကွက်၍ တိတိကျကျ အဓိပ္ပာယ်ကောက်ယူမည်ဆိုလျှင် အများဆုံး ထောင်ဒဏ်ကို မကန့်သတ်သကဲ့သို့ အနည်းဆုံးထောင်ဒဏ်ကိုလည်း မသတ်မှတ်သည့်သဘော သက်ရောက်သွားမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ၁၉၉၃ ခုနှစ် မူးယစ်ဥပဒေပုဒ်မ ၁၉ နှင့် ၂၀ ပါ ပြဋ္ဌာန်းပြစ်မှုများအတွက် ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်နှင့် ၁၅ နှစ်ဟူ၍ သတ်မှတ်ထားခြင်းကို အဓိပ္ပာယ်မဲ့စေရာ ရောက်ပေမည်။ ထို့ကြောင့် ပုဒ်မ ၁၉ နှင့် ၂၀ တို့ပါ "နှစ်အကန့်အသတ်မရှိထောင်ဒဏ်" ဟူသော စကားရပ်ကို ၎င်း၏နောက်တွင်ရှိနေသော "အများဆုံး" ဆိုသော စကားရပ်၊ ရှေ့ဖက်တွင်ရှိသော "အထိ" ဆိုသော စကားရပ်တို့နှင့် ယှဉ်တွဲကောက်ယူပါမှသာ အဓိပ္ပာယ်ရှိပါမည်။ ဆိုလိုသည်မှာ အချို့သောပြစ်မှုများတွင် တွေ့ရှိရသကဲ့သို့ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ၊ ၇ နှစ်အထိ၊ ၁၀ နှစ်အထိ၊ ၁၄ နှစ်အထိ စသည်ဖြင့် ကန့်သတ်မထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တရားသူကြီးသည် တရားခံ၏ အသက်အရွယ်ကိုထောက်ထားပြီး ထောင်ဒဏ်သည် မည်ရွေ့မည်မျှ ကျခံစေရမည်ဟု ပြစ်ဒဏ်သတ်မှတ်စီရင်ရာတွင် အများဆုံးထောင်ဒဏ်ကို ကန့်သတ်ချုပ်ချယ်မထားခြင်းပင်ဖြစ်ကြောင်း စသည်ဖြင့် လေ့လာမှတ်သားရသည်။

> **ပြစ်ဒဏ်ချမှတ်ခြင်းထက်**
> **ဆေးဝါးကုသပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ**
> **ဆောင်ရွက်စေခြင်း အမြင်သစ်ဖြင့်ပြုစုထားသော**
> **တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဦးကျော်စိန်၏**
> **မူးယစ်ဆေးဝါးဆိုင်ရာဥပဒေအသုံးချဋီကာစာအုပ်ကို**
> **ကိုးကားလေ့လာ ဖတ်ရှုသင့် . . .**

**တစ်ကိုယ်ရေသုံးမူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှု**

မရေးမဖြစ်သည့် မှတ်သားစရာစာတမ်းအကြောင်း ရေးပါရစေဦး။

ပြစ်ဒဏ်ချမှတ်ခြင်းမပြုဘဲ (Decriminalization) ဆေးဝါးကုသပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်သင့်-မသင့်နှင့် ဆေးခြောက်မှုများ သုတေသနစာတမ်းကို ဦးကျော်စိန်က စာအုပ်၏ နောက်ဆက်တွဲ(က)အဖြစ် တင်ပြထားသည့်အကြောင်းပါ။ ၂၀၁၈ ခုနှစ် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒများကို ဖော်ပြထားပြီး တစ်ကိုယ်ရေသုံး မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုကို ရာဇဝတ်မှုအဖြစ် မလွဲမသွေ သတ်မှတ်၍ ပြစ်ဒဏ်ချမှတ်ရမည်ဟု မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပြဋ္ဌာန်းမထားကြောင်းကို ဦးကျော်စိန်က သုံးသပ်ဖော်ပြထားသည်။ ကုသရေး၊ ပြန်လည်ထူထောင်ရေးပြုလုပ်ရန်လိုအပ်သော ပြစ်မှုကျူးလွန်သူများအား အကျဉ်းထောင်သို့ မပို့ရေး၊ ပြစ်ဒဏ်ကျ မိခင်များအား အကျဉ်းထောင်သို့ မပို့ရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူနှင့် တစ်ကိုယ်ရေသုံး မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူများအား ထောင်ဒဏ်မချမှတ်ဘဲ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူနှင့် တစ်ကိုယ်ရေသုံးမူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူ၊ သယ်ဆောင်သူများအား ကြီးလေးသောပြစ်ဒဏ်များ တိုးမြှင့်ချမှတ်သော်လည်း ထိုပြစ်မှုကျူးလွန်သူများ လျော့နည်းမသွားကြောင်း၊ မူးယစ်ဆေးဝါးအကျဉ်းသားများအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ သုံးစွဲရသည့်ပမာဏများပြားသည့်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိခြင်း အကြောင်းများကို သုံးသပ်ဖော်ပြထားသည်။




**ရာဇဝတ်မှုအဖြစ် မသတ်မှတ်ခြင်း**

မူးယစ်ဆေးဝါးသုံးစွဲမှု၊ တစ်ကိုယ်ရေသုံးမူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုနှင့် သုံးစွဲသည့်ပစ္စည်းကိရိယာ လက်ဝယ်ထားရှိမှုတို့အတွက် ရာဇဝတ်မှုအဖြစ် မသတ်မှတ်ခြင်း၏ရည်ရွယ်ချက် ခြောက်ချက်ကိုလည်း ဦးကျော်စိန်က တင်ပြထားသေးသည်။ ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ၏ ရာဇဝတ်မှုအဖြစ် မသတ်မှတ်သောအတွေ့အကြုံများကိုပါ ကိုးကားဖော်ပြထားသည်။ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

**ဥပဒေများသမိုင်းစဉ်**

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးနှင့် ဥပဒေများ သမိုင်းစဉ်တွင် မြန်မာမင်းများလက်ထက်နှင့် အင်္ဂလိပ်ကိုလိုနီကာလကို ပြန်လည်သတိရကြမည်ဖြစ်သည်။ ဘိုးတော်ဘုရား(ပဒုံမင်း) လက်ထက်၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးကာလ၊ လွတ်လပ်ရေးမရမီကိုလိုနီကာလ၊ လွတ်လပ်ရေးရပြီး ပါလီမန်ကာလ၊ တော်လှန်ရေးကောင်စီကာလ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလမှစ၍ ယနေ့ကာလတိုင်အောင် မူးယစ်ဆေးဝါးနှင့် ဥပဒေများသမိုင်းစဉ်ကို လေ့လာသုံးသပ်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် မူးယစ်ဆေးဝါးဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းများအကြောင်းနှင့် မြန်မာနိုင်ငံကထုတ်ပြန်ခဲ့သော ဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်းကိုလည်း ကျွန်တော်တို့ သိရှိမှတ်သား လေ့လာကြရမည် ဖြစ်သည်။

**နိဂုံး**

ပြစ်ဒဏ်ချမှတ်ခြင်းထက် ဆေးဝါးကုသပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်စေခြင်း အမြင်သစ်ဖြင့် ပြုစုထားသော တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဦးကျော်စိန်၏ မူးယစ်ဆေးဝါးဆိုင်ရာဥပဒေ အသုံးချဋီကာစာအုပ်ကို ကိုးကားလေ့လာ ဖတ်ရှုသင့်ပါကြောင်း.....။

# အသည်းရောင်ရောဂါပိုးများနှင့် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုရှင်များ


ဒေါက်တာဝင်းအောင်(သုတေသီ)၊ မြန်မာအသည်းဖောင်ဒေးရှင်း


နှစ်စဉ် ကမ္ဘာ့လူသားများအတွက် အကြီးမားဆုံး အကျိုးရှိအောင် စွမ်းစွမ်းတမံ ဆောင်ရွက်သူများ (Greatest Benefit to Mankind) ကို ဂုဏ်ပြုချီးမြှင့်သည့် နိုဘယ်လ်ဆု ရရှိသူများစာရင်းကို ဆွီဒင်နိုင်ငံ နိုဘယ်လ်ဆု ချီးမြှင့်ရေးကော်မတီမှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်းက ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယခု ၂၀၂၀ ပြည့်နှစ်အတွက် ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ၊ စာပေပညာ၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးပညာဆိုင်ရာ နိုဘယ်လ်ဆု ခြောက်ဆုအား စွမ်းဆောင်ရှင် လူပုဂ္ဂိုလ် ၁၁ ဦးနှင့် အဖွဲ့အစည်းတစ်ခုတို့အား ချီးမြှင့်ခဲ့ပါသည်။

## နိုဘယ်လ်ဆုအကြောင်း


ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ၁၈၃၃ ခုနှစ်တွင် မွေးဖွားခဲ့ပြီး နောင်တစ်ချိန်တွင် ဆန်းသစ်စွန့်ဦးတီထွင်သူနှင့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားလာခဲ့သည့် သိပ္ပံပညာရှင် အယ်လ်ဖရက်နိုဘယ်လ်သည် မသေဆုံးမီ သူပိုင်ဆိုင်သော ပစ္စည်းဥစ္စာငွေကြေးများကို တရားဝင်အမွေ သေတမ်းစာဖြင့် နိုဘယ်လ်ဆုအတွက် အသုံးပြုနိုင်ရန် ၁၈၉၅ ခုနှစ်တွင် မတည်ပေးခဲ့ပါသည်။ ၁၉၀၁ ခုနှစ် ဒီဇင်ဘာလ (သေဆုံးပြီး ငါးနှစ်ကြာ)မှစတင်၍ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝကမ္မဗေဒ/ဆေးပညာ၊ စာပေပညာနှင့် ငြိမ်းချမ်းရေးဆုများ စုစုပေါင်းဆုငါးဆု ချီးမြှင့်ခဲ့ပြီး ၁၉၆၉ ခုနှစ်မှစတင်၍ စီးပွားရေးပညာဆိုင်ရာဆုကို ဆွီဒင် ဗဟိုဘဏ်ကြီးက ထပ်မံထည့်သွင်းချီးမြှင့်ခဲ့သဖြင့် စုစုပေါင်းနိုဘယ်လ်ဆု ခြောက်ဆုကို နှစ်စဉ် ယနေ့ထက်ထိ ဆက်လက်ချီးမြှင့်ပေးလျက်ရှိပါသည်။ နှစ်စဉ် အထက်ပါဘာသာရပ်နယ်ပယ်များတွင် စွမ်းစွမ်းတမံ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော ကမ္ဘာတစ်ဝန်းမှ သင့်တော်သည့် စွမ်းဆောင်ပညာရှင် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ရှိ ဆွီဒင်တော်ဝင်အကယ်ဒမီသိပ္ပံအပါအဝင် အထင်ကရ တက္ကသိုလ်ကြီး သုံးခုနှင့် နော်ဝေးနိုင်ငံရှိ တက္ကသိုလ်ကြီး တစ်ခုတို့မှ ကျွမ်းကျင်ပညာရှင်ကြီးများပါဝင်သော ဆွီဒင်နိုင်ငံ နိုဘယ်လ်ဆု ချီးမြှင့်ရေးကော်မတီက စုပေါင်းတိုင်ပင်ဆုံးဖြတ်ရွေးချယ်ကာ ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့ပါသည်။ ကမ္ဘာ့လူသားများအတွက် အကြီးမားဆုံး အကျိုးကျေးဇူးရရှိအောင် အောင်မြင်စွာ စွမ်းဆောင်ပေးနိုင်သူအား ချီးမြှင့်သည့် ဂုဏ်ယူဖွယ်ကောင်းသော (the most prestigious awards for intellectual achievement in the world) အထက်ဖော်ပြပါ နိုဘယ်လ်ဆုအတွက် ချီးမြှင့်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းခန့် ချက်လက်မှတ်၊ အသိအမှတ်ပြု ဒီပလိုမာလက်မှတ်နှင့်အတူ ၁၈ ကာရက် ရွှေတံဆိပ်တစ်ခု ဖြစ်ပါသည်။








၁၉၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်ပေါင်း ၁၂၀ ကာလအတွင်း နိုဘယ်လ်ဆု ၅၉၇ ဆု (ပုဂ္ဂိုလ် ၉၂၃ ဦးနှင့် အဖွဲ့အစည်း ၂၇ခု) စုစုပေါင်းဆုရှင် ၉၅၀ အား ချီးမြှင့်ဂုဏ်ပြုခဲ့ပြီး ဖြစ်ပါသည်။ အထက်ပါ ကာလအတွင်း ဆေးပညာနိုဘယ်လ်ဆု ၁၁၀ ကို စုစုပေါင်း ပညာရှင် ပုဂ္ဂိုလ်၂၁၉ ဦး (တစ်ဦးချင်း ၃၉ ဆု၊ နှစ်ဦးပူးတွဲ ၃၃ ဆုနှင့် သုံးဦးပူးတွဲ ၃၈ ဆု) တို့အား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ယခု ၂၀၂၀ ပြည့်နှစ်အတွက် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုကို ရောဂါပိုးအသစ်ဖြစ်သော အသည်းရောင်အသားဝါစီ ဗိုင်းရပ်စ်ပိုးကို ရှာဖွေတွေ့ရှိခဲ့သူ သိပ္ပံပညာရှင် သုံးဦးက ထိုက်တန်စွာ ပူးတွဲရရှိခဲ့ကြပါသည်။

## အသည်းရောင်အသားဝါ စီ ဗိုင်းရပ်စ်ပိုး ရှာဖွေတွေ့ရှိခြင်း

အထက်ပါ စီ ဗိုင်းရပ်စ်ပိုးသည် လက်ရှိကမ္ဘာတစ်ဝန်း လူသားများတွင် ဖြစ်ပွားမှုနှုန်းများသည့် အသည်းရောင်အသားဝါရောဂါနှင့် ရောဂါ၏နောက်ဆက်တွဲ အသည်းခြောက်၊ အသည်းကင်ဆာ၊ သေဆုံးခြင်းတို့ကို ဖြစ်စေပါသည်။ ယခုနှစ်အတွက် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုကို ပူးတွဲရရှိခဲ့သူ သုံးဦးအနက်တစ်ဦးဖြစ်သူ အမေရိကန်နိုင်ငံ မာရီလင်း အမျိုးသားကျန်းမာရေးသိပ္ပံမှ အမေရိကန်နိုင်ငံသား ဆေးပညာသုတေသီ ဒေါက်တာဟာဗေးဂျေ အော်လ်တာ (၈၅ နှစ်) သည် သွေးသွင်းကုသမှုဌာန၌ သွေးသွင်းကုသမှုခံယူခဲ့ကြသည့် လူနာများတွင်ဖြစ်ပွားသည့် အသည်းရောင်ရောဂါသည် ဗိုင်းရပ်စ်အမျိုးအစား အေ မဟုတ်၊ ဘီ မဟုတ်သော ဗိုင်းရပ်စ်စီပိုးကြောင့် ဖြစ်ကြောင်းကို ၁၉၇၀-၁၉၇၃ ခုနှစ်များတွင် လည်းကောင်း၊ ပူးတွဲဆုရှင် ကနေဒါနိုင်ငံ အယ်လ်ဘာတာတက္ကသိုလ်မှ အင်္ဂလန်နိုင်ငံသား ပါမောက္ခ ဒေါက်တာမိုက်ကယ်ဟောင်တန် (၇၁ နှစ်) သည် အထက်ပါ စီဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇဖွဲ့စည်းတည်ဆောက်ထားပုံကို ၁၉၈၀-၈၂ ခုနှစ်များတွင် လည်းကောင်း၊ တတိယပူးတွဲဆုရှင်ဖြစ်သူ အမေရိကန်နိုင်ငံ နယူးယောက် ရော့ခ်ဖဲလားတက္ကသိုလ်မှ အမေရိကန် ဗိုင်းရပ်စ်ဗေဒပညာရှင် ဒေါက်တာချားလ်အမ်ရိုက်စ် (၆၈ နှစ်) သည် အထက်ပါဗိုင်းရပ်စ်ပိုးသည် လူသားများအား အသည်းရောင်ရောဂါကို ဖြစ်စေနိုင်သော စီ ဗိုင်းရပ်စ်ပိုးဖြစ်ကြောင်းကို ၁၉၈၉ ခုနှစ်တွင် လည်းကောင်း အသီးသီးရှာဖွေ ထုတ်ဖော်တင်ပြနိုင်ခဲ့ကြသဖြင့် ယခုနှစ်၏ ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုကို ထိုက်တန်စွာ ပူးတွဲ ချီးမြှင့်ခံကြရခြင်း ဖြစ်ပါသည်။

## အသည်းရောင်အသားဝါ ဘီ ဗိုင်းရပ်စ်ပိုး ရှာဖွေတွေ့ရှိခြင်း

အမေရိကန်နိုင်ငံသား ဇီဝဓာတုဗေဒနှင့် ဆေးဘက်ဆိုင်ရာ မနုဿဗေဒပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာဘာရုပ်ဆင်မြူရယ် ဘလမ်းဘတ် (၁၉၂၅ -၂၀၁၁) သည် အမေရိကန်နိုင်ငံ မာရီလင်း အမျိုးသားကျန်းမာရေးသိပ္ပံတွင် ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ မျိုးရိုးဗီဇပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါက်တာဘလမ်းဘတ်သည် ဩစတြေးလျတိုက်ရှိ နယ်မြေများတွင် နေထိုင်ကြသော အာဘိုရီးဂျင်း ဒေသခံလူများ၌ တွေ့ရှိခဲ့သော ဩစတြေးလျ ပဋိလုံပစ္စည်းသည် ဗိုင်းရပ်စ်ပိုးတစ်မျိုး၏ အပေါ်ယံအခွံ ပဋိလုံပစ္စည်းဖြစ်ကြောင်းကို ၁၉၆၃ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး အဆိုပါပိုးသည် အသည်းရောင်အသားဝါ ဘီ ဗိုင်းရပ်စ်ပိုးဖြစ်ကြောင်းကို ၁၉၆၅ ခုနှစ်တွင် ဖော်ထုတ်သတ်မှတ် တင်ပြနိုင်ခဲ့ပါသည်။ အထက်ပါ ဘီ ဗိုင်းရပ်စ်ပိုးသည် ကမ္ဘာပေါ်တွင် ဖြစ်ပွားမှုနှုန်းများသည့် အသည်းရောင်အသားဝါရောဂါနှင့် ရောဂါ၏နောက်ဆက်တွဲ အသည်းခြောက်၊ အသည်းကင်ဆာ၊ သေဆုံးခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ ဆက်လက်၍ ဒေါက်တာဘလမ်းဘတ်သည် ၁၉၆၇ ခုနှစ်တွင် သွေးတွင်းမှ ဘီပိုးကို ပထမဆုံး စစ်ဆေးနိုင်သည့် စမ်းသပ်နည်းပညာဖြင့် ပစ္စည်းများထုတ်လုပ်နိုင်ခဲ့၍လည်းကောင်း၊ သွေးသွင်းကုသမှု ခံယူမည့်လူနာများအတွက်လည်း သွေးသွင်းခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပွားရသည့် အသည်းရောင်အသားဝါရောဂါ မဖြစ်ရလေအောင် ကြိုတင်စစ်ဆေးနိုင်ခြင်းနှင့် ကာကွယ်မှုပေးနိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် ဘီပိုးရောဂါကို ကာကွယ်နိုင်သည့် ပထမဆုံး ဘီပိုးကာကွယ်ဆေးကို သွေးရည်ကြည်မှ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့်လည်းကောင်း ဆေးပညာရပ်ဆိုင်ရာ နိုဘယ်လ်ဆုကို ၁၉၇၆ ခုနှစ်တွင် ထိုက်တန်စွာချီးမြှင့်ခြင်းခံရပါသည်။

## ဘီနှင့်စီ ဗိုင်းရပ်စ်ရောဂါပိုးများကို ရှာဖွေတွေ့ရှိခြင်း၏ အကျိုးကျေးဇူးများ

ယခုကဲ့သို့အသည်းရောင်အသားဝါ ဘီနှင့် စီဗိုင်းရပ်စ်ရောဂါပိုးများကို ရှာဖွေဖော်ထုတ်တွေ့ရှိခဲ့ကြသဖြင့် ယနေ့အချိန်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရောဂါပိုးများကို စမ်းသပ်စစ်ဆေး ဖော်ထုတ်နိုင်သည့် စမ်းသပ်နည်းပညာ၊ ပစ္စည်းနှင့် စက်ကိရိယာအမျိုးမျိုးတို့တီထွင်အသုံးပြုလာနိုင်ပါသည်။ အထက်ပါစမ်းသပ်ပစ္စည်းများကိုအသုံးပြု၍ ရောဂါပိုးများကို ကြိုတင်စစ်ဆေးစမ်းသပ်မှုများပြုလုပ်လာနိုင်သဖြင့် လိုအပ်၍ သွေးသွင်းကုသမှုခံယူမည့် လူနာများအတွက်လည်း ရောဂါပိုးကူးစက်မှု လုံးဝမရှိရလေအောင်နှင့် ပိုးရှိကိုယ်ဝန်ဆောင်မိခင်မှ ရင်သွေးငယ်သို့ ဗိုင်းရပ်စ်ရောဂါပိုးများ ကူးစက်ခြင်း လျော့ပါးရလေအောင် ကာကွယ်လာနိုင်ပါသည်။ မိမိကိုယ်မိမိ ဘီနှင့်စီ ရောဂါပိုးများ ကူးစက်ခံ/သယ်ဆောင်ထားသည်ကို မသိရှိကြသေးသော ရောဂါပိုး ရှိနေကြသည့် လူများကိုလည်း စစ်ဆေးစမ်းသပ် ရှာဖွေဖော်ထုတ်လာနိုင်ပါသည်။ ထို့အပြင် ဘီပိုးရောဂါ ကူးစက်ခြင်းကို ရာနှုန်းပြည့်နီးပါး ကာကွယ်မှုပြုနိုင်သည့် အစွမ်းထက်သော အဆင့်မြင့်မျိုးရိုးဗီဇမှထုတ်လုပ်သည့် ဘီပိုး ကာကွယ်ဆေးနှင့် ဘီပိုးဖြေဆေးများကို စမ်းသပ်ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ခြင်းကြောင့် မွေးကင်းစကလေးငယ်များကို မွေးပြီး ၂၄ နာရီအတွင်း ဘီပိုးကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ တစ်နှစ်အောက်ကလေးများတွင် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းအစီအစဉ်တွင် ဘီပိုးကာကွယ်ဆေး သုံးကြိမ်ထိုးနှံမှုခံယူရန် ထည့်သွင်းထားခြင်းနှင့် ဘီပိုးကူးစက်နိုင်ခြေများသည့် လူတိုင်းကိုလည်း ဘီပိုးကာကွယ်ဆေး ကြိုတင်ထိုးနှံမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလာနိုင်ပါသည်။ ထို့အတူ ရောဂါပိုးများ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်မှုပြုနိုင်သည့် နည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို ပြည်သူများသို့ ကျန်းမာရေးအသိပညာပေးခြင်းဖြင့် ပြည်သူများကလည်း လိုက်နာဆောင်ရွက်ခြင်းတို့ ပြုလုပ်လာနိုင်ပါသည်။ ထို့အပြင် ရောဂါပိုးရှိနေသူများကို ကုသပေးရန်အတွက် အန္တရာယ်ကင်း၍ အစွမ်းထက် တိကျထိရောက်သောဆေးဝါးများကိုလည်း ထုတ်လုပ်ပေးလာနိုင်ပါသည်။

## ဘီပိုး၊ စီပိုးနှင့် လက်ရှိရောဂါကုသမှုအခြေအနေ

လက်ရှိကာလတွင် အဆင့်မြင့်နောက်ဆုံးပေါ် နည်းပညာများကို အသုံးပြု၍ ပိုးကောင်ပမာဏ အတိအကျကိုလည်းကောင်း၊ ဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇကွဲအမျိုးမျိုးကိုလည်းကောင်း၊ ရောဂါကုသဆေးဝါးများကို ခံနိုင်ရည်ရှိနိုင်သော ပိုး၏ မျိုးရိုးဗီဇများကိုလည်းကောင်း ရှာဖွေဖော်ထုတ်လာနိုင်ခဲ့ပါသည်။ ထို့အတူ ရောဂါပိုးများ၏ မော်လီကျူးဖွဲ့စည်းမှုနှင့် လုပ်ဆောင်ချက်များကိုလည်း တိကျစွာ စမ်းသပ်သုတေသနပြု ဖော်ထုတ်နိုင်ခဲ့သဖြင့် ဘီပိုးနှင့် စီပိုးအတွက် ထိရောက်သော၊ အစွမ်းထက်၍ အန္တရာယ်ကင်းသော အဆင့်မြင့်ကုသဆေးများကို ထုတ်လုပ်ဖြန့်ဖြူးလာနိုင်ခဲ့ပါသည်။ ဘီပိုးကို လုံးဝပျောက်ကင်းအောင် ကုသမှု မပြုလုပ်နိုင်သေးသော်လည်း ဖော်ပြပါဆေးများကို ပုံမှန်သောက်သုံးခြင်းဖြင့် ရောဂါပိုးပွားများမှုကို လုံးဝထိန်းချုပ်ထားနိုင်ပြီး ရောဂါ၏ နောက်ဆက်တွဲ အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာဆက်လက်ဖြစ်ပွားခြင်းတို့ကို ရာနှုန်းပြည့်နီးပါး ကာကွယ်နိုင်ပြီဖြစ်ပါသည်။ အသည်းရောင်အသားဝါ စီပိုးအတွက်မူ ယနေ့အထိ ရောဂါကာကွယ်ဆေး ထုတ်လုပ်ပေးနိုင်မှု မရှိသေးသော်လည်း အချိန်တို (၃ လမှ ၆ လ) အတွင်း ရာနှုန်းပြည့်နီးပါး စီပိုးပျောက်ကင်းအောင် ကုသမှုပေးနိုင်သည့် စီပိုးသေဆေးများကို ထုတ်လုပ်ပေးနိုင်နေပြီဖြစ်ပါသည်။ အဆိုပါ ဘီပိုးနှင့် စီပိုး သေဆေးများသည် ထိုးဆေးများမဟုတ်ဘဲ သောက်ဆေးများဖြစ်၍ လွယ်လင့်တကူရရှိသောက်သုံးနိုင်ပါသည်။ တစ်နေ့လျှင်တစ်ကြိမ်သာ သောက်ရသည့်အပြင် ကုန်ကျစရိတ်မှာလည်း လွန်စွာကြီးမြင့်မှုမရှိသဖြင့် လူနာများအတွက် လွန်စွာသင့်တော်အကျိုးရှိသည့်ဆေးများ ဖြစ်လာပါသည်။

စာမျက်နှာ ၂၁ သို့ ■

**၁၉၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်ပေါင်း ၁၂၀ ကာလအတွင်း နိုဘယ်လ်ဆု ၅၉၇ ဆု (ပုဂ္ဂိုလ် ၉၂၃ ဦးနှင့် အဖွဲ့အစည်း ၂၇ ခု) စုစုပေါင်းဆုရှင် ၉၅၀ အား ချီးမြှင့်ဂုဏ်ပြုခဲ့ပြီး ဖြစ်ပါသည်။ အထက်ပါကာလအတွင်း ဆေးပညာနိုဘယ်လ်ဆု ၁၁၀ ကို စုစုပေါင်း ပညာရှင်ပုဂ္ဂိုလ်၂၁၉ ဦး (တစ်ဦးချင်း ၃၉ ဆု၊ နှစ်ဦးပူးတွဲ ၃၃ ဆုနှင့် သုံးဦးပူးတွဲ ၃၈ ဆု) တို့အား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ယခု ၂၀၂၀ ပြည့်နှစ်အတွက် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုကို ရောဂါပိုးအသစ်ဖြစ်သော အသည်းရောင်အသားဝါစီ ဗိုင်းရပ်စ်ပိုးကို ရှာဖွေတွေ့ရှိခဲ့သူ သိပ္ပံပညာရှင် သုံးဦးက ထိုက်တန်စွာ ပူးတွဲရရှိ။**

# ကော့သောင်းမြို့သို့ ပြည်တွင်းလေကြောင်းလိုင်း ပြန်လည်ပြေးဆွဲ

**ကော့သောင်း ဒီဇင်ဘာ ၁၈**
ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ယာယီရပ်နားထားသည့် ပြည်တွင်းလေကြောင်းခရီးစဉ်များအား ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ပြေးဆွဲရာတွင် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့မှ ကော့သောင်းမြို့သို့ ပထမဆုံးခရီးစဉ်မြန်မာအမျိုးသားလေကြောင်းလိုင်းလေယာဉ် စတင်ဆိုက်ရောက်သည်။



မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ဒီဇင်ဘာလအတွင်း ရန်ကုန်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းသို့လည်းကောင်း၊ ကော့သောင်းမှ တစ်ဆင့် မြိတ်၊ ထားဝယ်၊ ရန်ကုန်သို့လည်းကောင်း အပတ်စဉ် အင်္ဂါ၊ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အလားတူ ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုဖြစ်သည့် AIR KBZ ကလည်း ရန်ကုန်၊ ထားဝယ်၊ ကော့သောင်းနှင့် ကော့သောင်း၊ ထားဝယ်၊ ရန်ကုန် ခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် ဒီဇင်ဘာ ၂၃ ရက်မှ စတင်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ကော့သောင်းခရိုင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လေကြောင်းလိုင်းဖြင့် ကော့သောင်းမြို့သို့ ဆိုက်ရောက်လာသည့် ခရီးသည်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်သည့် ပြည်နယ်၊ တိုင်းဒေသကြီး ခုနစ်ခု၏ မြို့နယ် ၇၃ မြို့နယ်မှ လာရောက်သူများဖြစ်ပါက မိမိအစီအစဉ်ဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်စခန်း သို့မဟုတ် ဟိုတယ်တွင် အသွားအလာ ခုနစ်ရက် ထားရှိကန့်သတ်စောင့်ကြည့်မှု ခံယူကာ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ဓာတ်ခွဲနမူနာတစ်ကြိမ် ရယူစစ်ဆေးမှုခံယူကြရမည်ဖြစ်ပြီး ပိုးမတွေ့အဖြေရရှိမှသာလျှင် နေရာအသီးသီးသို့ သွားရောက်ခွင့်ပြုမည်ဖြစ်သည်။

ကော့သောင်းမြို့မှ ရန်ကုန်၊ ထားဝယ်နှင့် မြိတ်မြို့တို့သို့ လိုက်ပါစီးနင်းမည့် ခရီးသည်များအားလုံး မိမိတို့လိုက်ပါစီးနင်းမည့် ခရီးစဉ်နေ့ရက်မတိုင်မီ တစ်ရက်ကြိုတင်၍ ကော့သောင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ဆက်သွယ်စာရင်းပေးသွင်းကာ ခရီးစဉ်မစတင်မီ ၃၆ နာရီအတွင်း RDT နည်းဖြင့် နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာအား (တစ်ဦးလျှင် ကျပ်တစ်သောင်းနှုန်း) မိမိစရိတ်ဖြင့် စစ်ဆေးခံကြရမည်ဖြစ်ကာ ပိုးမတွေ့အဖြေရရှိမှသာ လေယာဉ်စီးခွင့်ရရှိမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ ရက်က ကော့သောင်းခရိုင် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကော့ကရိတ်မြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကော့ကရိတ်မြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု)ခွင့်ပြုရန်ပုံငွေကျပ် ၁၉၆ ဒသမ ၀၉၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် သမိန်ဒွတ်-ခရင်း-ကညင်ကတိုက်ကျေးရွာချင်းဆက်လမ်း(၁/၆)မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ၂၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးကြောင်း ကော့ကရိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောထူးနှင့် တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါလမ်းမှာ ကျေးရွာ ၁၄ ရွာ၊ အိမ်ခြေ ၂၁၇၀၊ လူဦးရေ ၁၃၆၃၅ ဦးအား အကျိုးပြုသည့်လမ်းပိုင်းဖြစ်ပြီး ဖောက်လုပ်ပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေးဆက်သွယ်သွားလာနိုင်သည့် အကျိုးကျေးဇူးများ ရရှိမည့်အပြင် ဒေသအတွင်းရှိ ထွက်ကုန်ပစ္စည်းများအား ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်သည့်အပြင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ လူနေမှုအဆင့်အတန်းလည်း ယခင်ကထက် ပိုမိုမြင့်မားလာ၍ အလုပ်အကိုင်အခွင့်လမ်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**ခင်ချိုဆင့်(ကော့ကရိတ်)**



# သန်လျင်မြို့နယ် ကြက်ခြေနီအသင်းခွဲသို့ အောက်ဆီဂျင်အိုးနှင့် လူနာတင်ယာဉ်တစ်စီးလှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၁၈**
သန်လျင်မြို့နယ်မှ အလှူရှင် ဦးဇော်ဝင်း မိသားစုက မြို့နယ်ကြက်ခြေနီအသင်းခွဲအား အသက်ကယ်အောက်ဆီဂျင်အိုးနှင့် လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက် စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ ကျင်းပသည်။

သန်လျင်မြို့နယ် ကြက်ခြေနီအသင်းခွဲသို့ အသက်ကယ်အောက်ဆီဂျင်အိုး ခြောက်လုံး၊ လူနာတင်ယာဉ်နှင့်သက်ဆိုင်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ သန်လျင်မြို့နယ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးဆန်းလင်းနိုင်က လက်ခံရယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**သက်ခိုင် (သန်လျင်)**

# ယခုနှစ်ကုန်ပိုင်းတွင် သကြားအသစ်များ ဈေးကောင်းရရှိနိုင်

**မန္တလေး ဒီဇင်ဘာ ၁၈**
ပြည်တွင်းတွင် သကြားလက်ကျန်နှင့် ပြည်ပနိုင်ငံများက တင်သွင်းထားသော သကြားတန်ချိန်နည်းပါးနေခြင်းကြောင့် ယခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် ထွက်ရှိလာမည့် သကြားအသစ်များမှာ ဈေးကောင်းရရှိနိုင်ကြောင်း သကြားနှင့် သကာရည်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

"ပြည်တွင်းက သကြားစက်တွေက ဒီဇင်ဘာ ၅ ရက်ကနေ စတင်လည်ပတ်နေကြပြီ။ ဒီဇင်ဘာလကုန်ပိုင်းလောက်ဆိုရင် ထွက်ရှိလာတော့မှာဖြစ်ပါတယ်။ ပြည်တွင်းမှာလည်း သကြားလက်ကျန်ကနည်းနေပြီဖြစ်သလို ပြည်ပကတင်သွင်းတဲ့ သကြားတွေကလည်း မရှိသလောက်ဖြစ်နေပြီ။ ကမ္ဘာ့သကြားဈေးနှုန်းကလည်းတက်နေတော့ ဒီနှစ်သကြားဈေးကောင်းမယ့်အခြေအနေရှိနိုင်တယ်"ဟု သကြားနှင့် သကာရည်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသီဟထွန်းက ပြောသည်။

၂၀၂၀-၂၀၂၁ ကြံရာသီတွင် သကြားအချိန်မီထုတ်လုပ်နိုင်ရေးအတွက် ကြံများကို ဒီဇင်ဘာလလယ်ပိုင်းတွင် ဝယ်ယူကာ စက်ရုံများလည်ပတ်လျက်ရှိကြောင်း၊ လက်ရှိတွင် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ အနောက်ပိုင်းဒေသများရှိ သကြားစက်များ စတင်လည်ပတ်နေပြီဖြစ်သကဲ့သို့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ စက်ရုံများမှာလည်း မကြာမီတွင် လည်ပတ်တော့မည်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းက သကြားတွေကို တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံတွေကို တင်ပို့လို့ရတယ်။ သကြားပိုလျှံမှုကမရှိတော့တဲ့အတွက် ရောင်းလို့ရရင်ရသလောက် အဆင်ပြေမယ့်အနေအထားပါ။ အဲဒီအတွက် ဒီနှစ်က သကြားဈေးအခြေအနေကောင်းနိုင်တယ်လို့ ခန့်မှန်းနိုင်ပါတယ်"ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောသည်။

မြန်မာနိုင်ငံအတွင်းတွင် ယခုနှစ် ကြံစိုက်ရာသီတွင် စိုက်ဧက စုစုပေါင်း ၄၃၈ ၄၂၀ စိုက်ပျိုးပြီးဖြစ်ကာ သကြားစက်ရုံများအနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် ကြံကြိတ်ရန်အတွက် လျာထားချက်အဖြစ် တန်ချိန် ၄၂ သိန်းကျော် ခန့်မှန်းထားကြောင်း စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၈**
မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်း၊ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ အထက်မြန်မာပြည်တာဝန်ခံ ဒေါ်အေးနန္ဒာဌေးနှင့် မန္တလာရောင်စဉ်အဖွဲ့မှ စီမံကိန်းမန်နေဂျာ ဒေါ်နန်းစိုးမေတို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲကို IPRD Mandalay District Facebook Online Page မှတစ်ဆင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများ၊ ကိုဗစ်-၁၉ ရောဂါကာလ မသန်စွမ်းသူများ၏ အခက်အခဲများ၊ မသန်စွမ်းသူများအတွက် ကူညီဆောင်ရွက်ပေးမှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်းပြန်/ဆက်)**

■ စာမျက်နှာ ၂၀ မှ

### ဘီပိုး၊ စီပိုးနှင့် လက်ရှိ ရောဂါကာကွယ်၊ ထိန်းချုပ် ဆောင်ရွက်မှု

လက်ရှိအချိန်တွင် ကမ္ဘာပေါ်၌ အထက်ပါနိုဘယ်လ်ဆုရှင်ပုဂ္ဂိုလ် လေးဦး ရှာဖွေဖော်ထုတ်ပေးခဲ့သော ဘီ နှင့် စီ ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ခံထားရသူပေါင်း ၃၂၅ သန်းခန့်ရှိပြီး တစ်နှစ်လျှင် ၁ ဒသမ ၄ သန်းခန့် သေဆုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် နိုင်ငံတစ်ဝန်း သုတေသနပြု လေ့လာချက်အရ ဘီပိုးကူးစက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် စီပိုးကူးစက်မှုနှုန်း ၂ ဒသမ ၇ ရာခိုင်နှုန်း ရှိပါသည်။ လက်ရှိ ဖြစ်ပွားနေသော အသည်းရောင်အသားဝါ ဘီ နှင့် စီ ရောဂါများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) အပါအဝင် နိုင်ငံတကာ အစိုးရများက သတိမူအလေးထားလျက်ရှိလာကြပါသည်။ အသည်းရောင်အသားဝါရောဂါများသည် ကမ္ဘာပေါ်တွင် အလေးထား တိုက်ဖျက်ရသည့်ရောဂါအဖြစ် ၂၀၁၁ ခုနှစ်တွင် WHO က အသိအမှတ်ပြုခဲ့ပြီး အသည်းရောင်အသားဝါရောဂါ ဘီပိုးကို စတင်တွေ့ရှိခဲ့သည့် ၁၉၇၆ ခုနှစ် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုရှင် ဒေါက်တာဘလမ်းဘတ်ကို ဂုဏ်ပြုသောအားဖြင့် သူ၏မွေးနေ့ ဇူလိုင်လ ၂၈ ရက်နေ့ကို ကမ္ဘာ့အသည်းရောင် ရောဂါနေ့အဖြစ် ဆုံးဖြတ်သတ်မှတ်ခဲ့ကြပါသည်။ ကမ္ဘာတစ်ဝန်းရှိ လူသားများအားလုံးက အသည်းရောင်ရောဂါများကို သတိပြုအလေးထားလာကြစေရန်နှင့် အသည်းရောင်ရောဂါများကို ကမ္ဘာပေါ်တွင် လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အခမ်းအနားများကို WHO ကဦးဆောင်၍ ဆောင်ပုဒ်များ ချမှတ်ကာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ကျင်းပပြုလုပ်လာခဲ့ကြပါသည်။ ၂၀၁၆ ခုနှစ်တွင်ချမှတ်ခဲ့သည့် WHO ၏ ရည်မှန်းချက်ဖြစ်သော "အသည်းရောင်ရောဂါများကို ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူလူထု၏ ကျန်းမာရေးကို ခြိမ်းခြောက်ခံနေရမှုမှ ဖယ်ရှားပစ်နိုင်ရေး" (To Eliminate Viral Hepatitis as Public Health Threat by 2030) နှင့် ယခုနှစ် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့၏ ဆောင်ပုဒ်ဖြစ်သော အသည်းရောင်ရောဂါ ကင်းစင်ရာ အနာဂတ်ကမ္ဘာ (Hep Free Future) တို့အရ ၂၀၃၀ ပြည့်နှစ်တွင် အသည်းရောင်ရောဂါကင်းစင်သော အနာဂတ်ကမ္ဘာကြီး ပေါ်ထွန်းလာရေးအတွက် ယခုအချိန်တွင် WHO နှင့် ကမ္ဘာ့အသည်းရောင်ရောဂါ မဟာမိတ်အဖွဲ့ (World Hepatitis Alliance- WHA) တို့၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့နိုင်ငံတိုင်းသည် အသည်းရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ စစ်ဆေး၊ ကုသရေးလုပ်ငန်းများကို အရေးပေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် မကြာမီကာလများအတွင်း ဘီ နှင့် စီ ဗိုင်းရပ်စ်ပိုးတို့ကြောင့် ဖြစ်ပွားရသည့် အသည်းရောင် အသားဝါရောဂါများနှင့် နောက်ဆက်တွဲရောဂါများကြောင့် သေဆုံးမှုများသည် သိသာစွာ လျော့နည်းပပျောက်သွားတော့မည် ဖြစ်ပါသည်။

### ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

အထက်ဖော်ပြပါ WHO ၏ ရည်မှန်းချက်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ပြည်သူများနှင့်အတူ မြန်မာပြည်သူများကလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ သို့မှသာလျှင် WHO ၏ ရည်မှန်းချက်အတိုင်း ၂၀၃၀ ပြည့်နှစ်တွင် အသည်းရောင်အသားဝါရောဂါကင်းစင်သော အနာဂတ်ကမ္ဘာကြီး ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း တင်ပြရင်း ကမ္ဘာပေါ်တွင် အသည်းရောင်အသားဝါ ဘီ နှင့် စီ ဗိုင်းရပ်စ်ပိုးများကို ရှာဖွေဖော်ထုတ်ပေးခဲ့ကြခြင်းဖြင့် လူသားသန်းပေါင်းများစွာတို့၏ အသက်များကို ကယ်တင်ပေးနိုင်ခဲ့ကြသော အထက်ပါ ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုရှင် ပုဂ္ဂိုလ် လေးဦးအား လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်သန်းနွဲ့
**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နဝဒေးလမ်းသွယ်၊ အမှတ်(၁၈)နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး)၏ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းနွဲ့(အမေနွဲ့)သည် ၁၆–၁၂–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ဇေယျာအောင် (ငြိမ်း)–ဒေါ်သူဇာဝေ**
**ဦးရဲထွဋ်–ဒေါ်ခင်စန္ဒာထွန်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြင့်မြင့်အေး
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အမှတ်(၆၅၈)၊ (၉)လမ်းထိပ်နေ (ဦးစိန်ထွန်း)၏ ချစ်လှစွာသော ဇနီး၊ ဒေါက်တာဦးမောင်မောင်လွင်(USA)၊ လူရွှင်တော် ဦးဂေါ်ဇီလာ(ခ)ဦးမောင်မောင်ဇင်၊ ဒေါ်ခင်ခင်အိ(USA–RFA)၊ ဦးခင်မောင်ထွန်း(Singapore)၊ ဒေါ်နီလာအေး၊ ဒေါ်သီတာထွေး၊ ဦးနေလင်းထွန်း(USA)၊ ဗိုလ်ကြီးဦးအောင်မင်းထွေး(ငြိမ်း) တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၂ ယောက်တို့၏အဘွားသည် ၁၇–၁၂–၂၀၂၀ (ကြာသပတေးနေ့) ၂:၅၀ နာရီတွင် (၉၆) ပါးရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၁၂–၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တူး (ခ) ဒေါ်မြင့်မြင့်
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘလုတ်ညွန့်ရပ်ကွက်၊ အင်ကြင်းလမ်းနေ ဦးဘာဘာ–ဒေါ်ထွေး တို့၏သမီး၊ (ဦးချစ်ဆွေ)–ဒေါ်အေးအေးသန်းတို့၏ညီမ၊ ဦးရဲဆွေ–ဒေါ်အေးဟန်၊ ဦးတင်ဝင်း–(ဒေါ်လှလှဝင်း)၊ (ဦးသန်းအောင်)–ဒေါ်စန်းစန်းမြင့် တို့၏အစ်မ၊ မခိုင်မာဝင်း၏ မွေးစားမိခင်၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေးကိုးယောက်တို့၏ဘွားကြီးမေ ဒေါ်တူး (ခ) ဒေါ်မြင့်မြင့်သည် ၁၈–၁၂–၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် အမှတ် (၇၆)၊ သရက်တော (၅)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၀–၁၂–၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးအေးကြွယ်
**တရားလွှတ်တော်ရှေ့နေ**
**အသက် (၆၈) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလ ရပ်ကွက်၊ တိုက်(၆)၊ အခန်း(၁၁)နေ (ဦးသိန်းဖေ–ဒေါ်ခင်ရီ)တို့၏ သား၊ (ဦးကျော်ဇော–ဒေါ်မြင့်မြင့်)တို့၏သားသမက်၊ ဒေါ်ခင်မာမူ၏ ခင်ပွန်း၊ မအိမ္ဂန်ကြွယ်၊ မောင်မြတ်သူဝင်း–မလဲ့မွန်ကြွယ်တို့၏ဖခင်၊ မောင်သုတမြတ်၏အဘိုး ဦးအေးကြွယ်သည် ၁၄–၁၂–၂၀၂၀ ရက် နံနက် ၄ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၁၂–၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်ဝင့်ရီသိန်း (ခ) ဒါရိုက်တာသျှမ်းသျှမ်း
**အထက(၃)၊ မင်္ဂလာတောင်ညွန့်**
**ကန်တော်ကလေး/မြောက်ဒဂုံ**
**အသက် (၃၆) နှစ်**

[ဦးသံမဏိ (ခ) ဦးကျော်စွာဝင့်]–ဒေါ်ရီရီလွင်(ဦး/ရှိ–CSO၊ငြိမ်း) တို့၏သမီးကြီး၊(ဦးဇော်မဏိ)–ဒေါ်ခင်ငြိမ်းနွယ်၊ ဦးဝင်းမဏိ–ဒေါ်သန်းသန်းဦး၊ ဦးချစ်ကိုကို–ဒေါ်မိုးနွယ်၊ ဒေါ်ယဉ်ယဉ်ထွေး၊ ဦးမြင့်ဦး–သိန်း၊ ဦးရဲလွင်–ဒေါ်ဂျူးလီ၊ ဦးစောလှ–(ဒေါ်လှလှလွင်)၊ ဦးလေးလွင်၊ ဦးတင့်လွင်တို့၏ တူမ၊ မမီမီသိန်း၊ မမေဖြိုးမွန်တို့၏ အစ်မ၊ ဦးကျော်မင်းဦး၏ဇနီး၊ မောင်ဝင့်ကျော်သူဟန်၏ မိခင်သည် ၁၇–၁၂–၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အုံးစိန်
**အသက် (၉၈) နှစ်**

(စန္ဒယား ဦးအောင်ခင်)၏ဇနီး၊ (ဦးအုံးတင်–ဒေါ်စိန်းရင်)တို့၏ သမီးထွေး၊ (ဒေါ်အေးမြင့်)၊ (ဒေါ်အုံးရီ)တို့၏ညီမ၊ (ဦးညွန့်ဝင်း–ဒေါ်အေးအေးမြင့်)၊ (ဦးတင်ထွဋ်–ဒေါ်တင်တင်လှ)၊ (ဦးကျော်ခင်)–ဒေါ်အေးအေးကြည်တို့၏ အဒေါ်၊ အမှတ် (၅၇)၊ မြေညီ၊ ဓမ္မစိန္တာလမ်း၊ တာမွေမြို့နယ်နေ ဦးဝင်းလှိုင် (တေးရေး–မင်းချစ်သူ)–ဒေါ်သစ်သစ်ဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ရွှေရေးချယ်၊ မြသွန်းထယ်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၈–၁၂–၂၀၂၀ ရက် မွန်းလွဲ ၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးကျော်လှိုင်
**စိုက်ပျိုးရေး (ငြိမ်း)**
**တောင်ကုတ်မြို့နယ်၊ ရွာမမြို့**
**တောင်ကုတ်မြို့နယ်အသင်း (နာယကကြီး)**
**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၆၅)၊ ငါးလွှာ (B)နေ ဒေါ်ရွှေသန်း (စိုက်ပျိုးရေး–ငြိမ်း)၏ ခင်ပွန်း၊ ဦးအောင်ဇော်မိုး(Hyundai Manager)–ဒေါ်အေးအေးခိုင်တို့၏ဖခင်သည် ၁၄–၁၂–၂၀၂၀ ရက် နံနက် ၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စန်းတင့်
**ယာဉ်/စက် ကုန်သွယ်ရေး (ငြိမ်း)**
**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဌေးကြွယ် (က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ်(၃၃)နေ ဦးမြင့်သိန်း(ယာဉ်/စက် ကုန်သွယ်ရေး–ငြိမ်း)၏ဇနီး၊ ဒေါ်သော်တာဝင်းထိန်၊ ဦးဇေယျာဝင်းထိန်တို့၏ မိခင်ကြီး၊ ဒေါ်ညွန့်မွေး(အထက–၂၊ လသာ–ငြိမ်း)၊ (ဦးဝင်းကြည်)–ဒေါ်ညိုညို၊ ဦးသန်းနိုင်–ဒေါ်မွေးမွေး၊ (ဦးသိန်းထွန်း)–ဒေါ်နုနုခင်၊ ဦးဝင်းဟုတ်–ဒေါ်သန်းသန်းအေး(ဒဂုံတက္ကသိုလ်၊ ပထဝီဌာန–ငြိမ်း)တို့၏ အစ်မကြီးသည် ၃၀–၁၁–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်ညွန့်ရင် (မော်လမြိုင်)
**အသက် (၆၇) နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ် (၄၁၆)နေ (ဦးရှောင်–ဒေါ်ပု)တို့၏သမီး၊ (ဦးကီးယား–ဒေါ်ရှုဝါ)တို့၏သမီးချွေးမ၊ ဦးလှရိုန် (ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌဟောင်း)၏ ဇနီး၊ ဒေါ်အေးသန်း၊ ဦးမြတ်လွင်၊ ဒေါ်သန်းညွန့်၊ ဒေါ်သန်းစိန်၊ ဦးအောင်မြင့်၊ ဦးစိန်ဝမ်း၊ ဆရာလေး ဒေါ်အနော်ပမာတို့၏ညီမ၊ ဒေါ်အေးမြင့်၏အစ်မ၊ ဦးကြည်ကောင်း၊ (ဦးကြည်ဝင်း–ဒေါ်ဌေး)၊ ဦးကြည်စင်းတို့၏ ညီမ၊ ဦးကြည်ချွန်း၊ ဒေါ်အေးသစ်၊ ဒေါ်သန်းမြင့်၊ ဦးဌေးအောင်၊ ဒေါ်သန်းမော်တို့၏ အစ်မ၊ ကိုဝင်းလွင်ရှိန်–မသန်းသန်းမော်၊ မနီနီလွင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မရွှေရတီဦး၏အဘွား ဒေါ်ညွန့်ရင်သည် ၁၈–၁၂–၂၀၂၀ (သောကြာနေ့) နံနက် ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၁၂–၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကြန်တိတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂–၁၂–၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဟာဂျီယူစွဖ် (ခ) ဦးတင်ရွှေ
**အသက် (၆၀)**

"ရွှေဘရားသား" အိမ်ဆောက်ကုန်မာပစ္စည်းဆိုင်၊ အမှတ်(၁၈၄)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်နေ [ဟာဂျီဦးမူဆာ (ခ) ဦးခင်လတ်(ကျိုက်လတ်)–ဟာဂျီမဒေါ်ရှုပ်ရှုဘီ]တို့၏သား၊ အဗ္ဗဒွလ်ကာသရ်၊ ဟာဂျီဦးရွှေ မောင်(ဟာဂျီယာဆင်)တို့၏ညီ၊ (ဟာဂျီမွတ်စ်တဖာ)၏အစ်ကို၊ ဟာဂျီမ ဖာတမာဘီ၏ခင်ပွန်း၊ အနီစာဘီ၊ ဇူဗေဒါးဘီ၊ HF မိုဟာမွဒ်မူဆာ၊ မိုဟာမွဒ်ဖိုင်ဇဲလ်တို့၏ဖခင်၊ မိုဟာမွဒ်ဂျမားလွတ်ဒီးန်၊ ဟာဂျီဂဇာလီ၊ ဇူဘာနီဘီတို့၏ ယောက္ခထီးသည် ၅–၁၂–၂၀၂၀ (စနေနေ့) နံနက် ၈ နာရီတွင် အမှတ်(၁၁)၊ (A–2)၊ (၅၅)လမ်း၊ ပုဇွန်တောင်မြို့နယ်နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ဇိုဟိုနမာဇ်အပြီးရေဝေးကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖွနာပြီးစီးပါကြောင်း။

မဂ်ဖိရတ်သ် ဒိုအာပြုပေးပါရန်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း
### မတင်နီလာမိုး
**အသက် (၃၂) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သီရိနန္ဒာ(၂၇)လမ်း၊ အမှတ် (၂၁၈)နေ ဦးမိုးဇော်(ခ)ဦးမိုးဇက်–[ဒေါ်တင်တင်သန်း(ခ) ဒေါ်မေရီ]တို့၏ သမီးကြီး၊ မဖြိုးဝင်းဝင်းမိုး၏ အစ်မ၊ မောင်ဇမ္ဗူဟန်၏ ချစ်လှစွာသောဇနီးသည် ၁၈–၁၂–၂၀၂၀ (သောကြာနေ့) နံနက် ၂:၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀–၁၂–၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးစံထွန်း
**ခင်ဝင်းကြည်စတိုး (ဗိုလ်ချုပ်ဈေး)၊ ကျောက်ဖြူ–မာန်အောင်၊ ရမ်းဗြဲ (အသင်း)**
**အသက် (၉၉) နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၉၅)၊ (၂၈)လမ်း နေ (ဦးငွေသင်–ဒေါ်မြသင်)တို့၏ သား၊ (ဒေါ်ထွေး)၏ခင်ပွန်း၊ ဦးထွန်းဝင်း–ဒေါ်အေးအေးမြတ်၊ ဒေါ်ခင်ဝင်းကြည်၊ (ဦးမြင့်ဦး)–ဒေါ်ခင်ဝင်းရီ၊ ဒေါ်ခင်နှင်းရီ၊ ဦးဝင်းနိုင်–Dr.ခင်ခင်စိုး၊ ဦးတင်မောင်ဝင်း–ဒေါ်ခင်ထွေးရီတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈–၁၂–၂၀၂၀ ရက် နံနက် ၆:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ရဟန်းမယ်တော်ကြီး ဒေါ်ညို (ဒိတ်ကုန်း၊ ထန်းတပင်)
**အသက် (၉၁) နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၄) ရပ်ကွက်၊ ကျောက်စိမ်း (၈)လမ်း၊ အမှတ် (၈၇၉/က)နေ (ဦးစိန်မောင်)၏ ဇနီး၊ (ဦးဟံညိမ်း)–ဒေါ်မြဝင်း၊ (ဦးသောင်းညွန့်–ဒေါ်တင်ဝင်း)၊ (ဦးတင်လှ)–ဒေါ်တင်ရှိန်၊ ဦးအောင်ကျော်နိုင်–ဒေါ်မြင့်မြင့်၊ ကိုးဘွဲ့ရကျောင်းတိုက် ကိုးဘွဲ့ရဆရာတော်၊ ဒေါ်မြင့်မြင့်ညိမ်း၊ ဒေါ်စန်းစန်းချိုတို့၏ မွေးသမိခင်၊ စစ်ကိုင်းရွှေမြင့်မိုရ်ကျောင်းဆရာတော် ဦးဝေပုလ္လ၊ ထန်းတပင်၊ သရက်ခြံ ပညာပါရမီဓမ္မရိပ်သာကျောင်း၊ ပညာပါရမီဆရာတော် ဒေါက်တာအရှင်အဂ္ဂါစာရ၊ ဦးဣန္ဒာစာရ၊ ဦးအရိယဝံသနှင့် မြေး ၁၆ ယောက်တို့၏အဘွားသည် ၁၇–၁၂–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

---

### ဦးရွှေကြည် (တ) ပစ္စည်းအရာရှိ (ငြိမ်း) MOGE
**(ချောက်–ကြီးနီ)**
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၅၄၈၁–ခ)၊ ဆေး/ငြိမ်းရပ်ကွက်နေ (ဒေါ်အုန်းမြင့်)၏ ခင်ပွန်း၊ (ဦးဖိုးစီ–ဒေါ်စိန်ခြူး) တို့၏သား ဦးရွှေကြည်သည် ၁၆–၁၂–၂၀၂၀ ရက် ည ၁၁:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်သန်းနွဲ့
**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး၏ ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းနွဲ့(အငြိမ်းစား ကျောင်းအုပ် ဆရာမကြီး)ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးထင်အောင် ဇနီး ဒေါ်လှလှချို**
**သား ကိုမင်းဟန် ဇနီး မစုစုလှိုင်**
**မိသားစု**
**အမေရိကန်ပြည်ထောင်စု**

---

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်သန်းနွဲ့
**အသက် (၈၄) နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဇနီး (ဒေါ်ချိုလဲ့ဦး)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး)၏ ချစ်လှစွာသောဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်သန်းနွဲ့ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**ဝန်ထမ်းဟောင်းများအသင်း**

# ဒီဇင်ဘာ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁၁၆ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၈-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၇-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၅၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၁၁၆) ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁၈-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၃၉၂) ခု | (၁၄၀) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၈၀၁) ခု | (၅၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၅၇) ခု | (၇၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၄၄၀) ခု | (၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၆၉၂) ခု | (၁၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မွေးဆယ်) | (၃၄၂) ခု | (၂) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၅၂) ခု | (၃၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၆) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၀၆) ခု | (၃၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၂၃) ခု | (၂၂၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၆၄၁) ခု | (၅၂၃) ဦး |
| **စုစုပေါင်း** | (၂၄,၅၀၁) ခု | (၁,၁၁၆) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍

**ကြေးမုံ ယနေ့ ဖတ်စရာ**

**တောင်အာဖရိကရှိ ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းဆရာ ၁၅၀၀ နီးပါး သေဆုံး**

စာမျက်နှာ » ၁၂

**ဗီယက်နမ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လူသားများဖြင့် စတင်စမ်းသပ်**

စာမျက်နှာ » ၁၃

## ရန်ကုန်-ပုသိမ်ကားလမ်း ကျန်းမာရေးစစ်ဆေးဂိတ်နှစ်ခုတွင် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းမ မိုင်တိုင်အမှတ်(၈/၅) နှင့် မိုင်တိုင်အမှတ်(၁၄/၂) ကိုဗစ်-၁၉ ကျန်းမာရေးစစ်ဆေးဂိတ်နှစ်ခုတို့တွင် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးလျက်ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဒီဇင်ဘာ ၁၇ ရက်အထိ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၅၉၀၆ ဦး တို့ကို Rapid Test Kit ဖြင့် ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ရာ ၂၁၆ ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းထံမှ သိရသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ခြင်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့်

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❂



## ခင်ဦးမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**ခင်ဦး ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ဆူးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ရွှေဘို-မြစ်ကြီးနားကားလမ်း မြေနီရှိုလမ်းဆုံတွင် နှာခေါင်းစည်းနှင့် မျက်နှာအကာများ တပ်ဆင်ရေး လှုပ်ရှားမှုကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် နှာခေါင်းစည်း အခု ၁၀၀၀နှင့် မျက်နှာအကာ အခု ၁၀၀ ကို မြေနီရှိုလမ်းဆုံရှိ ဈေးဆိုင်များ၊ ခရီးသွားများကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုးဝေအောင်(ခင်ဦး)**



## မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး အောင်သူ ထိုင်းကလပ် ဘူရီရမ်အသင်းသို့ ပြောင်းရွှေ့

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး အောင်သူသည် ထိုင်းလိဂ်-၁ ကလပ် ဘူရီရမ်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း အသင်းက ယနေ့တွင် တရားဝင် ဖော်ပြခဲ့သည်။

ဘူရီရမ်အသင်းသည် အောင်သူကို အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ရတနာပုံအသင်းနှင့် ပြောင်းရွှေ့ကြေးညှိနှိုင်းကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အောင်သူသည် ဘူရီရမ်အသင်းနှင့် ပြီးခဲ့သည့်ရက်ပိုင်းက စတင်ပူးပေါင်းခဲ့ပြီး ရာသီဝက်အပြောင်းအရွှေ့ကာလ ဖွင့်လှစ်ပြီးသည့် ဒုတိယအကျော့မှသာ စတင်ပါဝင်ကစားနိုင်မည်ဖြစ်သည်။ လက်ရှိတွင် အောင်သူသည် ဘူရီရမ်အသင်းတွင် လေ့ကျင့်မှုပြုလုပ်နေပြီဖြစ်ပြီး အသင်း၏ပွဲစဉ်များအား လိုက်လံကြည့်ရှုလျက်ရှိသည်။ ဘူရီရမ်အသင်းသည် ဒီဇင်ဘာ ၁၈ ရက်က ယှဉ်ပြိုင်ကစားသည့် ထိုင်းလိဂ်ပွဲဖြစ်သည့် ပရာကျွတ်အသင်းနှင့် ပွဲမတိုင်မီ ကွင်းအတွင်းရောက်ရှိလာသည့် အသင်းသားများ၏ ဓာတ်ပုံကို ဖော်ပြရာတွင် အောင်သူ၏ပုံကိုပါ ဖော်ပြခဲ့ခြင်းဖြစ်သည်။ ဘူရီရမ်အသင်းသည် ရက်ပိုင်းအတွင်း ကစားသမားသစ် အောင်သူအား မိတ်ဆက်သွားဖွယ်ရှိနေသည်။ ဘူရီရမ်အသင်းသည် အောင်သူကို နှစ်နှစ်ခွဲစာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး လစာအပြင် အပိုဆုကြေးများလည်း ခံစားခွင့်ရရှိမည်ဖြစ်သည်။

အောင်သူသည် ၂၀၁၈ ရာသီတွင် ပြည်ပကလပ်အသင်းများတွင် စတင်သွားရောက်ကစားခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်း၊ ၂၀၁၉ ခုနှစ်တွင် ထိုင်းလိဂ်-၁ ကလပ် မြောင်တောင်အသင်းတွင် ပါဝင်ကစားခဲ့သည်။ အောင်သူသည် ပြီးခဲ့သည့်နှစ်များက ထိုင်းကလပ်အသင်းများတွင် အငှားသွားရောက်ကစားခဲ့သော်လည်း ယခုအခါ ဘူရီရမ်အသင်းသို့ အပြီးပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**